ကြေးမုံ
The Mirror Daily
၁၉၅၇ ဇြေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 25 December 2017 ၉၁၄၉

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခရစ္စမတ်အကြို ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနား တက်ရောက်





မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်(MECA) ၏ ခရစ်တော်မွေးနေ့(ခရစ္စမတ်)အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွမ်းတို့ တက်ရောက်စဉ်။ (ဝဲပုံ) နှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (ယာပုံ)

ရန်ကုန် ဒီဇင်ဘာ ၂၄

**မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်(MECA) ၏ ခရစ်တော်မွေးနေ့(ခရစ္စမတ်)အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဧဝံဂေလိအသင်းတော်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး

**ကြေညာချက်အမှတ်(၄/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်) တနင်္လာနေ့ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်

**ကြေညာချက်အမှတ်(၄/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်) တနင်္လာနေ့ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) ဝင်းမြင့်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်

**ကြေညာချက်အမှတ်(၄/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

# လွတ်လပ်သောနိုင်ငံ၏ ဥပမိရုပ်

လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ထိုက်သည့် ဥပမိရုပ် လေးရပ်ရှိသည်ဟု မှတ်သားဖူးသည်။ ယင်းဥပမိရုပ် လေးရပ်မရှိလျှင် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဟု မခေါ်ဆိုထိုက်ချေ။ တစ်နည်းဆိုလျှင် သူတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝ၊ အဖိနှိပ်ခံရသောဘဝ၊ လက်ဝေခံဘဝ တစ်ခုခုသို့ ကျရောက်နေသော နိုင်ငံဖြစ်ပေလိမ့်မည်။

လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ ဥပမိရုပ်ဆိုသည်မှာ နိုင်ငံပိုင်နက်နယ်မြေ သို့မဟုတ် နိုင်ငံနယ်နိမိတ်ရှိခြင်း၊ ယင်းနိုင်ငံ ပိုင်နက်မြေပေါ်၌ ရှေးအစဉ်အဆက် ပေါက်ဖွားရှင်သန် ရပ်တည်နေထိုင်ကြသော နိုင်ငံသားပြည်သူများရှိခြင်း၊ ယင်းနိုင်ငံတွင် ယင်းနိုင်ငံသား လူမျိုးများဖြင့် ဖွဲ့စည်းထားသော အစိုးရတစ်ရပ်ရှိခြင်း၊ ယင်းနိုင်ငံတွင် အချုပ်အခြာအာဏာပိုင်ဆိုင်မှု ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာရှိခြင်း သို့မဟုတ် လွတ်လပ်ရေးရှိခြင်းဟူသည့် အချက်လေးရပ်နှင့် ပြည့်စုံရမည်ဖြစ်သည်။

ယင်းသို့ ပြည့်စုံမှသာလျှင် အဆိုပါ လူ့အဖွဲ့အစည်းကြီးအတွင်း သို့မဟုတ် နိုင်ငံအတွင်း ပေါက်ဖွားရှင်သန် ရပ်တည်နေထိုင်ကြသော နိုင်ငံသားပြည်သူအားလုံး လုံခြုံဘေးကင်းစွာဖြင့် နေထိုင်နိုင်ကြပြီး မိမိတို့ စားဝတ်နေရေး၊ ဘဝရှင်သန်ရပ်တည်ရေးအတွက် စိတ်ချလက်ချ အာမခံချက်များ အပြည့်ရှိသည့် အခြေခံလူ့အခွင့်အရေးများပိုင်ဆိုင်သော လွတ်လပ်သည့်နိုင်ငံဖြစ်ပေလိမ့်မည်။

နိုင်ငံတစ်နိုင်ငံတွင် ရှိအပ်သည့် ဥပမိရုပ်များပျက်ယွင်းပြီး နိုင်ငံပိုင်မြေ သို့မဟုတ် နိုင်ငံနယ်နိမိတ်မရှိလျှင် ခြေဦးတည့်ရာ လှည့်လည်သွားလာနေကြသော အခြေအနေမဲ့လူများ ဖြစ်နေလိမ့်မည်။ နိုင်ငံမြေ သို့မဟုတ် နိုင်ငံနယ်နိမိတ် ရှိခဲ့သော်လည်း ရှေးဦးမဆွ ပေါက်ဖွားရှင်သန် အစဉ်အဆက်နေထိုင်ခဲ့ကြသော ပြည်သူများမရှိလျှင် သို့မဟုတ် လျော့နည်းပျောက်ကွယ်သွားလျှင် တိရစ္ဆာန်များ ပေါက်ဖွားရှင်သန်ရာ တောရိုင်းမြေကဲ့သို့ ဖြစ်ပေလိမ့်မည်။

ယင်းနိုင်ငံမြေ သို့မဟုတ် ယင်းနိုင်ငံနယ်နိမိတ်တွင် နေထိုင်သော လူများရှိပြီး ဥပဒေ၊ စည်းကမ်းတကျ စီမံခန့်ခွဲ ကြီးကြပ်ဆောင်ရွက်ပေးသော အုပ်ချုပ်သူအစိုးရမရှိလျှင် ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်ဗိုလ်ကျ ထင်သလိုပြုကျင့်သည့် မင်းမဲ့တိုင်းပြည် ဖြစ်ပေလိမ့်မည်။ ယင်းနိုင်ငံမြေ ယင်းနိုင်ငံသားတို့တွင် ယင်းနိုင်ငံလူများစု၏ကောင်းကျိုးကို လွတ်လပ်စွာ ဆုံးဖြတ်ဖော်ဆောင်ခွင့်မရှိလျှင် သို့တည်းမဟုတ် အချုပ်အခြာအာဏာ မပိုင်ဆိုင်လျှင် ထိုနိုင်ငံသည် လွတ်လပ်သောနိုင်ငံ မဟုတ်တော့ဘဲ တိုင်းတစ်ပါးသားတို့ သိမ်းပိုက်သောနိုင်ငံ သို့မဟုတ် လွတ်လပ်ရေး ဆုံးရှုံးသောနိုင်ငံ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် မဖြစ်မနေရှိအပ်သည့် ဥပမိရုပ် လေးရပ် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်အပ်သည်။ ထိုဥပမိရုပ် လေးရပ်ပျောက်လျှင် လွတ်လပ်ရေးဆုံးရှုံးပြီး နိုင်ငံလည်း ပျက်သုဉ်းသွားမည်။ နိုင်ငံလွတ်လပ်ရေး မဆုံးရှုံးအောင်၊ မပျက်သုဉ်းအောင် တိုင်းရင်းသားပြည်သူများ၏ အသက်သွေးချွေး စတေးပေးဆပ်ကာ ကြိုးပမ်းရယူကြရသည်။ ရရှိထားသောလွတ်လပ်ရေး မဆုံးရှုံးအောင်၊ နိုင်ငံ၏ ဥပမိရုပ်လေးရပ် မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရသည်။

လွတ်လပ်သောနိုင်ငံ၊ နိုင်ငံတကာနှင့်တန်းတူ ဥပမိရုပ်ရှိသော နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားများမှာ ဘဝ အာမခံချက်များ ရှိကြသည်။ နိုင်ငံသားတို့၏ ရပိုင်ခွင့်များ ရှိကြသည်။ နိုင်ငံသားတို့၏ အခွင့်အရေးများ ရှိကြသည်။ နိုင်ငံသားတို့၏ တာဝန်များ ရှိကြသည်။ နိုင်ငံသားများကို အလွယ်တကူ စော်ကားနိုင်ခြင်းမပြု ခုခံကာကွယ်ပိုင်ခွင့် ရှိကြသည်။ လွတ်လပ်သော နိုင်ငံသားများဖြစ်ရသည်မှာ ကျေနပ်စရာ၊ မြတ်နိုးစရာ ဖြစ်သည်။

မိမိနိုင်ငံမှ သယံဇာတများ၊ ထွက်ကုန်သီးနှံများဖြင့် ဝဝလင်လင် စားသောက်နေထိုင်ကာ မိမိတို့ယုံကြည်ရာ ဘာသာ၊ သာသနာ၊ ပညာတို့ကို လွတ်လပ်စွာဆည်းပူးလျက် ထမင်းရည်ချောင်းစီး မောင်းတီးပြီး လှူနိုင်၊ တန်းနိုင်၊ ပျော်နိုင်ပါးနိုင်ကြသည်။ ထို့ကြောင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို မဆုံးရှုံးအောင် လက်တွဲညီညာ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့ တာဝန်ရှိပါသည်။ ။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်


## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပြခန်းများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဆာဖာရီဥယျာဉ်ဝင်းအတွင်းရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြတိုက်ရှိ ပြခန်းဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာနပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြခန်း၊ မြေတိုင်းဦးစီးဌာနပြခန်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနပြခန်း၊ မြန်မာ့သစ်လုပ်ငန်းပြခန်းနှင့် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောင်းမြေနေရာနှင့် အသစ်ဆောက်လုပ်ပြီးစီးသော RC နှစ်ထပ် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေချီ ရပ်ကွက်ရှိ အမှတ်(၆၄) အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာနှင့် RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်းနှင့် ဒေါက်တာဝင်းထွန်း၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းမြေနေရာနှင့် ကျောင်းဆောင်သစ် အလှူရှင် ရန်ကုန်မြို့နေ Global Grand Group of Companies ဥက္ကဋ္ဌ ဦးသိန်းထွေးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ပျဉ်းမနားမြို့နယ် ပညာရေးမှူး ဦးဝင်းကြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယနေ့လှူဒါန်းသည့် အမှတ်(၆၄) အခြေခံပညာမူလတန်းကျောင်းသည် မြေအကျယ်ဧရိယာ သုည ဒသမ ၁၇၄ ဧကနှင့် စာသင်ခုံ၊ ပရိဘောဂများ အပါအဝင် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပေ(၁၂၀ × ၃၀ × ၂၅) ကျယ်ဝန်းသည့် RC နှစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်မင်းအောင်(၁၀၇)**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့




✱ ရွှေဖုံးမှ

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ ခရစ်ယာန်အသင်းတော်များမှ သင်းအုပ်ဆရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားကို မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်(MECA)မှ လူငယ်များက လောကဝမ်းမြောက်ဘုရားကြွလာ ဓမ္မသီချင်းကို သီဆို ဖွင့်လှစ်ကြပြီး သိက္ခာတော်ရ ဆရာ Dr. Dorothy Colney က အဖွင့်ဆုတောင်းသည်။

ထို့နောက် သိက္ခာတော်ရ ဆရာ Dr. Charity Htoo က သမ္မာကျမ်းစာ ဖတ်ကြားကာ သိက္ခာတော်ရ ဆရာ Morris Liana က နှုတ်ခွန်းဆက် မိတ်ဆက်စကားပြောကြားပြီး Miss Jenifer Ngun Sui Par က အထူးသီချင်းကို သီဆိုချီးမွမ်းသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ခရစ္စမတ်သီချင်းများသီဆိုခြင်း၊ ခရစ္စမတ်ဒေသနာတော်ဟောကြားခြင်း၊ ခရစ္စမတ် အထူးဆုတောင်းခြင်းနှင့် ခရစ္စမတ်လက်ဆောင်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် (MECA) မှ လူငယ်များက ဓမ္မသီချင်းကို သီဆို၍ သိက္ခာတော်ရ ဆရာ Dr. Aung Mang က ကောင်းချီးပေးဆုတောင်းကာ ခရစ်တော်မွေးနေ့ မိတ်သဟာယညစာကို အတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**

# ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်မောင်ဘို(DD, SDB)က ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးဖြင့် ပြည့်ဝသော ခရစ္စမတ်အတွက် ဆုတောင်းစကား ပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးဖြင့် ပြည့်ဝသော ခရစ္စမတ်အတွက် ဆုတောင်းစကားကို ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်မောင်ဘို (DD, SDB) က ပေးပို့ထားကြောင်း သိရှိရသည်။

ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်က ၂၀၁၇ ခုနှစ်သည် ခရစ်ယာန်များအတွက်သာမက မြန်မာပြည်သူ ပြည်သားများအတွက်ပါ ထူးခြားမှုများနှင့် ပြည့်သည့်နှစ်တစ်နှစ် ဖြစ်ခဲ့ပါကြောင်း၊ ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးတမန်တော်ဖြစ်သည့် ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် မြန်မာပြည်ကို ချစ်ကြည်ရေးခရီး ရောက်ရှိလာခြင်းဖြင့် ကမ္ဘာ့အလယ်တွင် နိုင်ငံ့ဂုဏ်တင့်စေခဲ့ပါကြောင်း၊ စိန်ခေါ်မှုများစွာ ရှိနေခဲ့သော်လည်း ပုပ်ရဟန်းမင်းကြီးသည် တိုင်းပြည်မှ တာဝန်ရှိသူအားလုံးကို တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးခရီးကို ဆက်လက်လျှောက်လှမ်းကြရန် အားပေးတိုက်တွန်းခဲ့ပါကြောင်း ဖော်ပြထားသည်။

ဆက်လက်၍လည်း ပုပ်ရဟန်းမင်းကြီးသည် ကျွန်ုပ်တို့၏ နိုင်ငံတော်နှင့် သာသနာတော်အတွက် အရေးတကြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို မိန့်ကြားသွားခဲ့ပါကြောင်း၊ ယင်းတို့မှာ နာကျင်ထိခိုက်သည်များကို ပြန်လည်ကုစားရန်၊ အချင်းချင်းပြန်လည်ခွင့်လွှတ်ကျေအေးကြရန်နှင့် အမုန်းတရားကို ချစ်ခြင်းမေတ္တာဖြင့် တုံ့ပြန်ကြရန်ပင် ဖြစ်ပါကြောင်း။

စစ်မှန်သည့် ငြိမ်းချမ်းရေးရရန် ချစ်ခြင်းမေတ္တာကို အရင်းခံရမည်ဖြစ်ပါကြောင်း၊ ယင်းသည် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ မြန်မာပြည်ခရီးစဉ်၏ သတင်းစကားပင် ဖြစ်ပါကြောင်း၊ ဤတိုင်းပြည်တွင် ကြင်နာခြင်းနှင့် ပြည့်သည့် ချစ်ခြင်းမေတ္တာကို အားလုံးကျင့်ကြံရန် လိုအပ်ပါကြောင်း၊ ဘာသာတရားအားလုံးသည် ငြိမ်းချမ်းရေးပန်းတိုင်ဆီကို ရောက်ရန် အတူတကွ စုပေါင်းရန် လိုအပ်ပါကြောင်း ၎င်း၏ ဆုတောင်းစကားတွင် ဖော်ပြထားသည်။

"မျှော်လင့်ချက်တွေနဲ့ ပြည့်နေတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ကျွန်ုပ်တို့ မြင်ယောင်ကြည့်ကြပါစို့၊ ခရစ္စမတ်ဆိုတာ မျှော်လင့်ရတဲ့ကာလပါပဲ၊ ကျွန်ုပ်တို့အားလုံးဟာ ဘာသာရေးအသိကို အရင်းခံပြီး မြန်မာပြည်ကို အခွင့်အလမ်း၊ ငြိမ်းချမ်းရေး၊ ချစ်ခြင်းမေတ္တာနဲ့ ပြန်လည်သင့်မြတ်ခြင်းတွေနဲ့ ပြည့်ဝတဲ့နိုင်ငံအဖြစ် တည်ဆောက်နိုင်ကြဖို့ တစ်ဦးစီအပေါ် ကောင်းချီးဆုကျေးဇူးသက်ရောက်ပါစေကြောင်း ကျွန်ုပ် ဆုတောင်းလိုက်ပါတယ်၊ မွန်မြတ်သာယာသော ခရစ္စမတ်နှင့် အောင်မြင်ဖြစ်ထွန်းသော နှစ်သစ်ဖြစ်ပါစေ"ဟု ဆုတောင်းစကားကို အဆုံးသတ်ထားသည်။ **သတင်းစဉ်**

# ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆောင်ရွက်သည့်ကျေးရွာများအား ကြည့်ရှု

**မြဝတီ ဒီဇင်ဘာ၂၄**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်သည် ယမန်နေ့က မြဝတီမြို့ရှိ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဆောင်ရွက်သည့် ကျေးရွာများရှိ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝေ့ရှမ်းကျေးရွာသို့ ရောက်ရှိပြီး စီမံချက်အကောင်အထည်ဖော် စည်းရုံးဆောင်ရွက်လျက်ရှိသည့် ဆယ်အိမ်စုကိုယ်စားလှယ် အမျိုးသမီးများနှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် မင်းလက်ပံကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်အမျိုးသမီးများနှင့် ဆွေးနွေးခြင်း၊ နေအိမ်များအား နေအိမ် မီးဖိုချောင်သန့်ရှင်းရေး၊ ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်(ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့အား မြဝတီခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမေစံပယ်အောင်တို့က စီမံချက်ဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းကြည့်ရှု

**မိုင်းဖြတ် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းနှင့် ဝန်ထမ်းများသည် မိုင်းဖြတ်မြို့နယ် နားမွန်းကျေးရွာအုပ်စု နားမွန်း နာလီး မြစိမ်းရောင်ကျေးရွာများသို့ သွားရောက်ကာ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံပြီး စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ဆွေးနွေးအားပေးခဲ့ကြောင်း သိရသည်။

**၅၆၈**

ဥတု ရာသီ တောကို မှီ၏

# နိုင်ငံတော်စာရင်းစစ်ချုပ်ရုံး အစိုးရစာရင်းစစ်ဝန်ထမ်းဟောင်းများအသင်း တရားဝင်ဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရစာရင်းစစ်ဟောင်းများ (လက်ရှိတာဝန်ထမ်းဆောင်ဆဲ စာရင်းစစ်များအပါအဝင်) နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ရှိ Dolphin Restaurant ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲ၌ စာရင်းစစ်ဟောင်းများအသင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် တရားဝင် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ အသင်း၏ရည်ရွယ်ချက်မှာ အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းခြင်းဖြစ်ကြောင်း စာရင်းစစ်မှူး (ငြိမ်း) ဒေါ်ချိုချိုက ပြောသည်။

"အခု လက်ရှိ အသင်းမှာ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နေပါတယ်၊ အသင်းဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ စာရင်းစစ်တွေအားလုံးက အပြင်စာရင်းစစ်လောကကြီးမှာ လှုပ်ရှားနေတဲ့အချိန်မှာ တိုးတက်လာတဲ့ ခေတ်နဲ့အညီ စာရင်းစစ်ပညာ၊ စာရင်းကိုင်ပညာ ဒီဆရာ သမားတွေနဲ့ လက်လှမ်းမီ အချိတ်အဆက်မပြတ်အောင် လုပ်ကိုင်နိုင်ဖို့အတွက် အဓိကပါ၊ နောက်ဆိုရင် စာရင်းစစ်ဝန်ထမ်းတွေကို ဖိတ်ခေါ်မယ်၊ စာရင်းစစ်လုပ်ငန်းနဲ့ ပတ်သက်တာတွေ သိချင်တာတွေမေးမယ်၊ ဆွေးနွေးကြမယ်"ဟု ဒေါ်ချိုချိုက ပြောသည်။

ဝန်ထမ်းဟောင်းများအသင်းအနေဖြင့် အစိုးရစာရင်းစစ်များနှင့် အစိုးရစာရင်းစစ်ပညာလေ့လာသူများအတွက် စာကြည့်တိုက်ထူထောင်ရန်၊ အစိုးရစာရင်းစစ်ပညာဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်သူများထံမှ စာတမ်းများဖိတ်ခေါ်၍ ပုံနှိပ်ထုတ်ဝေရန်၊ အသင်းရန်ပုံငွေကျပ်သန်း ၂၀ ပြည့်ပါက အသင်းသားများ၏ နာရေးကိစ္စရပ်များတွင် ထောက်ပံ့ကြေးငွေချီးမြှင့်ရန် စသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် တာဝန်ရှိသူများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာရင်းစစ်ဝန်ထမ်းဟောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-အေးမင်းသူ**

# ဒါဗာအိုမြို့ရှိ ကုန်တိုက်တစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ ၃၇ ဦးထက်မနည်း သေဆုံး



**ဒါဗာအို ဒီဇင်ဘာ ၂၄**
ဖိလစ်ပိုင်နိုင်ငံ ဒါဗာအိုမြို့၌ ဒီဇင်ဘာ ၂၃ ရက် ညပိုင်းက ကုန်တိုက်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ ၃၇ ဦးထက်မနည်း သေဆုံးကြောင်း၊ မီးသတ်သမားများက ၁၆ နာရီကြာမျှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားကြသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရစ်ဂိုဒူတာတေးက ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်တွင် မီးသတ်သမားများထံမှရရှိသော သတင်းအချက်အလက်များအရ သေဆုံးသူဦးရေကို အတည်ပြုကြေညာပေးခဲ့သည်။ ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် မီးလောင်မှုအတွင်း ပျောက်ဆုံးနေသည့် အလုပ်သမားများ၏မိသားစုဝင်များနှင့် တွေ့ဆုံခဲ့သည်။

ဒါဗာအိုမြို့ရှိ ကုန်တိုက်အဆောက်အအုံကို မီးလောင်ကျွမ်းခဲ့ပြီး ဒေသစံတော်ချိန် နံနက် ၅ နာရီ စာရင်းအရ သေဆုံးသူ ၃၇ ဦးရှိပြီဖြစ်ကြောင်း သမ္မတဒူတာတေး၏သားဖြစ်သူ ဒုတိယမြို့တော်ဝန် ပေါလိုဒူတာတေးက ပြောကြားသည်။

ကုန်တိုက်၏တတိယထပ်ရှိ ပရိဘောဂပစ္စည်း သိုလှောင်ရုံမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး အပေါ်ထပ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

# ယူကရိန်း၏ ကာကွယ်ရေးစွမ်းပကားမြင့်မားရေး အမေရိကန်က အကူအညီပေးမည်ဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**
ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားများ မြင့်မားတိုးတက်စေရေးအတွက် အမေရိကန်ပြည်ထောင်စုက အကူအညီ ပေးမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။



ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် ရုရှားလိုလားသော ခွဲထွက်ရေးဝါဒီများကို ယူကရိန်းအစိုးရအဖွဲ့က ချေမှုန်းတိုက်ခိုက်နေချိန်အတွင်း အမေရိကန်က စစ်ရေးအကူအညီပေးရန် ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။

အမေရိကန်၏ စစ်ရေးအကူအညီသည် သဘောသဘာဝအရ ကာကွယ်ရေးသက်သက်သာလျှင်ဖြစ်ကြောင်း၊ မိမိတို့အမြဲတစေပြောနေကျအတိုင်း ပင်လျှင် ယူကရိန်းနိုင်ငံသည် အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံဖြစ်သဖြင့် မိမိနိုင်ငံကို မိမိကာကွယ်ရန် အခွင့်အရေးရှိကြောင်း နိုင်ငံခြားရေးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံအနေဖြင့် ယင်း၏ ပိုင်နက်နယ်မြေ စုစည်းတည်ရှိမှုကို ကာကွယ်နိုင်စေရေးအတွက် အမေရိကန်က အကူအညီပေးခြင်းဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံသည် နောက်ထပ် နယ်မြေကျူးကျော်ခံရမှုမှ ရှောင်ရှားနိုင်ရန် လိုအပ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယူကရိန်းနိုင်ငံသို့ သံချပ်ကာဖျက် ဒုံးလက်နက်များရောင်းချရေးကို အတည်ပြုပေးမည်ဟု မျှော်လင့်ရကြောင်း ဩစတြေးလျအေဘီစီရုပ်မြင်သံကြားဌာနက အမေရိကန်နိုင်ငံခြားရေးဌာန သတင်းရပ်ကွက်ကို ကိုးကား၍ ဒီဇင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်ဆို၏။

ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ဖြစ်ပွားနေသော စစ်ပွဲကို အကြောင်းပြု၍ တင်းမာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယူကရိန်းအရှေ့ပိုင်းတွင် ရုရှားလိုလားသော ခွဲထွက်ရေးဝါဒီများနှင့် ယူကရိန်းအစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်လာခဲ့ကြရာ သုံးနှစ်တာကာလအတွင်း လူပေါင်း ၁၀၀၀၀ ကျော်သေဆုံးခဲ့ရသည်။ ရုရှားနိုင်ငံက ခွဲထွက်ရေးသူပုန်များထံသို့ တပ်ဖွဲ့ဝင်များနှင့် လက်နက်ကြီးများကို ပေးပို့ခဲ့သည်ဟု ယူကရိန်းအစိုးရက ရုရှားအစိုးရအား စွပ်စွဲခဲ့သော်လည်း ရုရှားက ယင်းစွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။

**ရိုက်တာ**

# အစိုးရဘတ်ဂျက်ရန်ပုံငွေ အလွဲသုံးမှုအမျိုးမျိုးအတွက် တရုတ်နိုင်ငံ၌ တာဝန်ရှိသူ ၈၁၂၃ ဦးကို အပြစ်ပေးခဲ့

**ရှန်ဟိုင်း ဒီဇင်ဘာ ၂၄**
တရုတ်နိုင်ငံ၌ ၂၀၁၆ ခုနှစ်အတွက် ခွင့်ပြုပေးထားသော ဗဟိုအစိုးရအဖွဲ့ ဘတ်ဂျက်ရန်ပုံငွေ ငွေစာရင်းကို စာရင်းစစ်ဆေးရေးဌာနက စစ်ဆေးခဲ့ရာတွင် ငွေကြေးအလွဲသုံးမှုအမျိုးမျိုးကို ရှာဖွေတွေ့ရှိခဲ့ရပြီးနောက် ဘဏ္ဍာရေး စည်းမျဉ်းများ ချိုးဖောက်သူ ၈၁၂၃ ဦးကို အရေးယူအပြစ်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ် နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအကြီးအကဲ ဟူကျဲယွန်သည် ဥပဒေပြုအမတ်များအား ဒီဇင်ဘာ ၂၃ ရက်က ရှင်းလင်းတင်ပြခဲ့ရာတွင် နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေသုံးစွဲမှုနှင့် ပတ်သက်နေသော ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်မှုများကို ထုတ်ဖော်ပြောဆိုခဲ့သည်။

အာဏာရ ကွန်မြူနစ်ပါတီအတွင်း နက်ရှိုင်းစွာဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများကို အမြစ်ပြတ်ရှင်းလင်းနိုင်ရန် ရည်ရွယ်လျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှု အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာတွင် အစိုးရရန်ပုံငွေများ အလွဲသုံးစားပြုခံရသည့် ဖြစ်ရပ်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အစိုးရတာဝန်ရှိသူ ၁ ဒသမ ၃ သန်းကျော်မှာ ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်နေသည်ဆို၏။

စုံစမ်းစစ်ဆေးခံရသူများအနက် တာဝန်ရှိသူ ၉၇၀ မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အရ ခွဲဝေသတ်မှတ်ပေးထားသော ရန်ပုံငွေများကို အလွဲသုံးမှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရကြောင်း ဟူက ပြောကြားသည်။ တရုတ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ ကျေးလက်ဒေသများတွင် ဆင်းရဲသားပပျောက်စေရမည်ဟူသော ရည်မှန်းချက်တစ်ရပ်ကို ချမှတ်ထားသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်းအတွက် အသုံးပြုရန် လျာထားသော ရန်ပုံငွေများကို မလျော်မကန်အသုံးပြုမှုဖြင့် အရေးယူအပြစ်ပေးခံရသူ ၁၃၆၃ ဦးရှိသည်ဆို၏။

ထို့အပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူ ၈၀၀၊ အဓိကဘဏ်တိုက်ကြီးရှစ်ခုမှ ၇၃ ဦးတို့မှာလည်း ဘဏ္ဍာရေးစည်းမျဉ်းများ ချိုးဖောက်မှုကို ကျူးလွန်ခဲ့သည့် အထောက်အထားများ တွေ့ရှိရကြောင်း၊ ကျန်းမာရေးအာမခံရန်ပုံငွေ အလွဲသုံးမှုဖြင့် အပြစ်ပေးခံရသူပေါင်း ၅၀၅ ဦးရှိကြောင်း ဟူက ပြောကြားသည်။

**ဆင်ဟွာ**



# အိန္ဒိယနိုင်ငံ ရာဂျက်စ်သန်ပြည်နယ်အနောက်ပိုင်းတွင် ခရီးသည်တင်ယာဉ်တစ်စီး မြစ်ထဲသို့ကျ၊ လူပေါင်း ၃၂ ဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၂၄**
ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ရာဂျက်စ်သန်ပြည်နယ်အနောက်ပိုင်း၌ ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်ကာ တံတားပေါင်ကို ဝင်တိုက်မိပြီး မြစ်ထဲသို့ ထိုးကျသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါမတော်တဆဖြစ်ပွားမှုကြောင့် လိုက်ပါစီးနင်းသူ ၃၂ ဦးခန့်သေဆုံးကာ အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းဘတ်စ်ကားပေါ်တွင် ခရီးသည် ၅၀ ခန့်လိုက်ပါစီးနင်းခဲ့ဖွယ်ရှိကြောင်းနှင့် အခင်းဖြစ်ပွားချိန်တွင် ယာဉ်မောင်းလိုင်စင်မရှိသေးသည့် အသက်(၁၆)နှစ်အရွယ် လူငယ်တစ်ဦးက မောင်းနှင်နေခဲ့ကြောင်း သိရသည်။

ရဲအရာရှိများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသူများအား လိုက်လံရှာဖွေလျက်ရှိသည်။

အဆိုပါဘတ်စ်ကားသည် ဟိန္ဒူဘာသာဝင်များကို တင်ဆောင်လာပြီး မြို့အနီးရှိ ဘုရားကျောင်းသို့ ဦးတည်မောင်းနှင်လာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယာဉ်မတော်တဆ ဖြစ်ပွားမှုများကြောင့် နှစ်စဉ် လူပေါင်း ၁၅၀၀၀၀ ခန့် သေဆုံးလျက်ရှိသည်။ ယာဉ်မတော်တဆမှုများတွင် ယာဉ်မောင်းများ မဆင်မခြင်မောင်းနှင်ခြင်းကြောင့် အများဆုံးဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏ ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်းသည် ကမ္ဘာတစ်ဝန်းတွင် အမြင့်ဆုံးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အခုဆိုရင် ရိုးရိုးမွေးတာရော၊ လေစုပ်မွေးတာရော၊ ခွဲစိတ်မွေးတာရော အကုန်လုပ်နိုင်တဲ့အပြင် မေ့ဆေးအထူးကုတွေပါ အကုန်ရှိနေတဲ့အတွက် ပြည်သူတွေအားကိုးတဲ့ ဆေးရုံဖြစ်လာမှာပါ

ဒေါက်တာသင်းယုဇော်

**ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံအား မြန်မာ-တရုတ် ချစ်ကြည်ရေးဆေးရုံအဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် China Foundation For Peace and Development တို့က ယခင်ဆေးရုံအဆောက်အအုံအား မူလလက်ရာမပျက် ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် လူနာဆောင် အဆောက်အအုံသစ်တို့ကို တည်ဆောက်ပေးခြင်းနှင့် ဆေးရုံအတွက်လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးခြင်း စသည့် အဆင့်မြှင့်တင်မှုများ ပြုလုပ်ပေးခဲ့သည်။**


ဒေါက်တာဟိန်းရာဇာဌေး


ဦးနိုင်ငံလင်း


ဒေါ်ခင်နွဲ့


ဒေါ်မိမိနှောင်း


ဒေါ်သန်းမြင့်အောင်


ဒေါ်နီနီဝင်း

ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသည် ယခင်က မွေးလူနာများအား သာမန်ရိုးရိုးသာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု အဆင့်မြှင့်တင်မှုများ ပြုလုပ်ပြီးနောက်ပိုင်း ရိုးရိုးမွေးလူနာအား ရိုးရိုးမွေးဖွားခြင်းအပြင် လေစုပ်မွေးဖွားခြင်း၊ ခွဲစိတ်မွေးဖွားခြင်း၊ သားဆက်ခြားခြင်းနှင့် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးနိုင်တော့မည်ဖြစ်သည်။

အဆိုပါဆေးရုံကြီး အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများ၊ ပြည်သူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး**

တရုတ်-မြန်မာဆက်ဆံရေးကို အထောက်အကူပြုပါတယ်၊ ဒီဆေးရုံကို ကြည့်လိုက်ရင် သူတို့ စေတနာအပြည့်နဲ့ လုပ်ပေးထားတာတွေ့ရတယ်။ တရုတ်နိုင်ငံက အရင်ကတည်းက ထောက်ပံ့လာတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် အသည်းရောင်ဘီပိုးကာကွယ်ဆေးတွေ၊ H1N1 ဖြစ်တုန်းကလည်း ဆေးဝါးနဲ့ အထောက်အကူပြုပစ္စည်းတွေ ထောက်ပံ့ပေးခဲ့တယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအတွက် အသေအချာဆောင်ရွက်နေပါတယ်။ အဓိကလုပ်နေတာက ပြည်သူတွေရဲ့ ကျန်းမာရေး အသိဉာဏ်မြင့်ဖို့ အဓိကလုပ်နေတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးအသိဉာဏ်မြင့်ဖို့ လုပ်မှသာ ပြည်သူတွေက ကျန်းမာရေးနဲ့မကိုက်ညီတဲ့ အစားအစာတွေ မစားတော့ဘူး၊ ဒီကိစ္စကို တစ်ပြည်လုံး အတိုင်းအတာနဲ့လုပ်ပြီး စံပြအချက်အလက်တွေ စာအုပ်ထုတ်ထားပြီးပြီ။ ကျန်းမာရေး ဝန်ထမ်းတွေအနေနဲ့လည်း ပြည်သူတွေကို ကျန်းမာရေးအသိပညာတွေပေးဖို့ ဆောင်ရွက်နေတယ်။ နှစ်နှစ်လောက်နေရင် ပြည်သူတွေက ကျန်းမာရေးဗဟုသုတ မြင့်သွားပြီ၊ အဓိက ပြည်သူတွေရဲ့ ကျန်းမာရေးအသိပညာ မြင့်ဖို့ လုပ်နေပါတယ်။

**ဒေါက်တာသင်းယုဇော် (ဆေးရုံအုပ်ကြီး၊ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံ)**

အရင်တုန်းက ဒီဆေးရုံက ရိုးရိုးမွေးဖွားမှု တစ်မျိုးပဲလုပ်နိုင်တယ်။ လိုအပ်ရင် တခြားခွဲစိတ် မွေးဖွားနိုင်တဲ့နေရာတွေ ပို့ပေးရတယ်။ လူနာတွေကို အပြီးသတ် လုပ်မပေးနိုင်ဘူး။ တဖြည်းဖြည်းနဲ့ ဆေးရုံပေါ်မှာ လူနာတွေရဲ့ အားကိုးယုံကြည်မှုက နည်းလာတယ်။ မွေးလူနာကျလာတယ်၊ အခုဆိုရင် ရိုးရိုးမွေးတာရော၊ လေစုပ်မွေးတာရော၊ ခွဲစိတ်မွေးတာရော အကုန်လုပ်နိုင်တဲ့အပြင် မေ့ဆေးအထူးကုတွေပါ အကုန်ရှိနေတဲ့အတွက် ပြည်သူတွေ အားကိုးတဲ့ဆေးရုံဖြစ်လာမှာပါ။ ဒီအဆောက်အအုံကို ရှေးမူမပျက် ပြင်တယ်၊ ခွဲခန်း၊ မွေးခန်း၊ အထူးကြပ်မတ်ကုသခန်းတွေကို ပြင်ဆင်လိုက်တယ်။ လိုအပ်တဲ့ အထောက်အကူပြု ပစ္စည်းတွေကိုလည်း တရုတ်နိုင်ငံက လှူဒါန်းပါတယ်။ အတွင်းလူနာ ၄၀ ဆံ့တဲ့အတွက် လူနာ ၄၀ ပဲ လက်ခံတယ်။ နောက်ပိုင်းကျရင် အတွင်းလူနာဆောင်တွေ တိုးချဲ့ပြီး မွေးလူနာတွေ လက်ခံသွားမှာပါ။

**ဒေါက်တာဟိန်းရာဇာဌေး (လက်ထောက်ဆရာဝန်)**

အရင်တုန်းကတော့ ဒီဆေးရုံကို တာဝါလိန်းဆေးရုံ၊ ဗဟန်း အမျိုးသမီးဆေးရုံလို့ သိကြပါတယ်။ ဆေးရုံရဲ့ ဖွဲ့စည်းပုံ အနေအထားအရ ကိုယ်ဝန်ဆောင်မိခင်တွေအတွက် ဗိုက်အပ်တဲ့ ကိစ္စကို တစ်ပတ်မှာ နှစ်ရက်လောက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျန်တဲ့အပိုင်းကတော့ အမျိုးသမီးတွေ မီးဖွားတဲ့ကိစ္စကို ဒီမှာပဲ ဆောင်ရွက်ပေးပါတယ်။ ခွဲစိတ်မှုမျိုးလုပ်ရမယ်၊ ခွဲစိတ်မွေးဖွားဖို့ လိုအပ်တယ်ဆိုရင်တော့ ရန်ကုန်အမျိုးသမီးဆေးရုံကို လွှဲပေးရတဲ့ အခြေအနေမျိုး ရှိခဲ့ပါတယ်။ အခုကတော့ အဆင့်မြှင့်တင်လိုက်ပြီဖြစ်တဲ့အတွက် အမျိုးသမီးတွေ ကလေးမွေးဖွားတာနဲ့ပတ်သက်ရင် ရိုးရိုးမွေးဖွားတာမျိုးအပြင် လိုအပ်ရင် ခွဲစိတ်ပြီးမွေးပေးနိုင်တဲ့အထိ ဒီဆေးရုံမှာပဲ လုပ်ဆောင်ပေးနိုင်ပါပြီ။ နောက်ပြီး အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနဲ့ သောကြာနေ့တွေမှာ ကိုယ်ဝန်ဆောင်အပ်ထားတဲ့ လူနာတွေကိုကြည့်မယ်။ အဲဒီကနေထွက်လာတဲ့လူနာတွေကို စိစစ်ပြီးတော့ အန္တရာယ်ရှိတဲ့ လူနာတွေကိုခွဲမွေးပေးမယ်။ မလိုအပ်ရင်လည်း ရိုးရိုးပဲ မွေးပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဆေးရုံဟာဆိုရင် အရင်တုန်းက ရိုးရိုးမွေးဖွားပေးတယ်ဆိုတဲ့ အဆင့်ပဲရှိခဲ့တာပါ။ အခုကတော့ အမျိုးသမီးတွေ မီးဖွားဖို့အတွက်ဆိုရင် ဒီဆေးရုံမှာပဲ အားလုံးအပြီးအစီး လုပ်ပေးနိုင်တော့မှာဖြစ်ပါတယ်။ ဆေးရုံအနေနဲ့ လက်ရှိလူနာလက်ခံနိုင်တဲ့ အခြေအနေကတော့ ကန့်သတ် ခုတင် (၅၀)ပဲရှိပါသေးတယ်။ ဆက်လက်ပြီး တိုးမြှင့်သွားဖို့လည်း ရှိပါတယ်။ ဒီဆေးရုံပေါ်ပေါက်လာခြင်းအားဖြင့် အနီးဝန်းကျင်က အမျိုးသမီးတွေ မီးဖွားတာနဲ့ပတ်သက်ပြီး ရုတ်တရက်ဖြစ်ပေါ်လာမယ့် အန္တရာယ်တွေအတွက် အများကြီး အထောက်အကူဖြစ်ပါလိမ့်မယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မိခင် ဒေါ်ခင်ကြည်ရဲ့ ပုံရိပ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီဆေးရုံဟာ မိခင်တွေနဲ့ မွေးဖွားလာမယ့် ကလေးငယ်တွေရဲ့ အနာဂတ်အတွက် အများကြီး အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးနိုင်ငံလင်း (ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး)**

မြန်မာအမျိုးသမီးတွေအတွက် အများကြီးအကျိုးရှိမယ့် ဆေးရုံပါ။ ဒီဆေးရုံမှာဆိုရင် အမျိုးသမီးတွေအတွက် သင်တန်းတွေအပြင် မွေးဖွားမှုတွေကိုလည်း လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ အရင်တုန်းကထက် ပိုမိုအောင်မြင်တဲ့ဆေးရုံတစ်ရုံဖြစ်လာမယ်လို့ မြင်ပါတယ်။ ကျန်းမာရေးစနစ်မှာ လူနာကို ဗဟိုပြုတဲ့ စနစ်ဖြစ်တာကြောင့် ပြည်သူတွေအတွက် အားထားရလောက်တဲ့ ဆေးရုံတစ်ခုဖြစ်လာမှာပါ။ ဒီနေရာကနေ အနာဂတ်မှာ တန်ဖိုးရှိတဲ့ ခေါင်းဆောင်ကောင်းတွေ မွေးထုတ်ပေးနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။

**ဒေါ်ခင်နွဲ့ (ဒေသခံပြည်သူ)**

အခုလို အမျိုးသမီးဆေးရုံတစ်ရုံ ကိုယ့်ရပ်ကွက်ထဲမှာရှိတော့ ကျွန်မတို့အနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်လာရင် အများကြီးအထောက်အကူဖြစ်မှာပါ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇနီး ဒေါ်ခင်ကြည်ဆိုတဲ့ နာမည်နဲ့ ဆေးရုံကို ကျွန်မတို့ရပ်ကွက်ထဲမှာ ဖွင့်လှစ်တာဟာလည်း ဂုဏ်ယူစရာတစ်ခုပါပဲ။ ဒီဆေးရုံဟာ ကျွန်မတို့ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ပတ်သက်ရင် အားထားရာတစ်ခုဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အရင်တုန်းကထက် ပိုပြီး ပြည်သူတွေကိုဝန်ဆောင်မှုပေးနိုင်မယ်လို့ မြင်ပါတယ်။

**ဒေါ်မိမိနှောင်း (ဒေသခံပြည်သူ)**

ဒီဆေးရုံကို အဆင့်မြှင့်တင်ပြီး ဖွင့်လှစ်လိုက်လို့ အင်မတန်ဝမ်းသာပါတယ်။ ဒါဟာ အခြေခံလူတန်းစားတွေအတွက် မင်္ဂလာပါပဲ။ ကျန်းမာရေးဆိုတာ လူတိုင်းအတွက် အရေးကြီးတာကြောင့် ဒါဟာ အရေးကြီးတဲ့ လိုအပ်ချက်ပါ။ ဒီဆေးရုံကနေ ကျွန်မတို့ ပြည်သူတွေအတွက် ကျန်းမာရေးအထောက်အကူတွေ များစွာရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**စာရေးဆရာမ ဒေါ်သန်းမြင့်အောင်**
**(ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်)**

ဒီဆေးရုံဟာ စည်းလုံးတဲ့သဘော၊ ညီညွတ်တဲ့သဘောကိုဆောင်ပါတယ်။ ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံဆိုတာက သမိုင်းရှိတယ်။ တစ်ချိန်တုန်းက ဒီဆေးရုံမှာ တိုင်းရင်းသူ သူနာပြုတွေ အများကြီးနဲ့ အဘွား ဒေါ်ခင်ကြည်တို့ အလုပ်လုပ်ခဲ့ကြတယ်။ ဒါကြောင့် သမိုင်းရှိခဲ့တဲ့ နေရာကို အမြဲတမ်း အဓွန့်ရှည်အောင်လုပ်ဆောင်သွားဖို့လိုတယ်။ ဒါကြောင့် ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံကြီးကို ပြန်လည်အဆင့်မြှင့်တင်ပြီး အမျိုးသမီးတွေကို ကုသပေးတဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။ သူနာပြုဆရာမတွေ အနေနဲ့လည်း ဂုဏ်ယူစရာကောင်းပါတယ်။ လက်ရှိ အခြေအနေအရ ဆေးရုံတစ်ရုံတိုးတက်ခြင်းဟာ ပြည်သူလူထုအတွက် များစွာအကျိုးရှိပါတယ်။

**ဒေါ်နီနီဝင်း (ဒေသခံပြည်သူ)**

ဒီဆေးရုံကိုဖွင့်လှစ်လိုက်တာဟာ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်တွေအတွက် ဝမ်းသာစရာပါ။ ဘာကြောင့်လဲဆိုရင် အရင်တုန်းက ခွဲမွေးရမယ့် အရေးပေါ်လူနာတွေဆိုရင် အခက်အခဲဖြစ်ခဲ့ရတယ်။ အခုတော့ တစ်နေရာတည်းမှာ အားလုံးဆောင်ရွက်ပေးနိုင်ပြီဆိုတော့ အမျိုးသမီးတွေအတွက် အများကြီး အထောက်အကူဖြစ်ပါလိမ့်မယ်။ အိမ်က ကလေးတွေမွေးတုန်းက ဒီဆေးရုံမှာပဲ မွေးခဲ့ရတာပါ။ အဲဒီတုန်းက အခုလို မပြည့်စုံပါဘူး။ အခုဆိုရင် အမျိုးသမီးတွေ မွေးဖွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး အားလုံးကို ပြည့်ပြည့်စုံစုံ လုပ်ပေးနိုင်ပြီဆိုတော့ အမျိုးသမီးထုအားလုံးရဲ့ကိုယ်စား ဝမ်းသာပါတယ်။

**တွေ့ဆုံမေးမြန်း - ဇော်ကြီး၊ မင်းသစ်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# ကျေးလက်ဒေသ ကုန်ထုတ်လမ်းများ ဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဒီဇင်ဘာ ၂၄**

ကျေးလက်ဒေသတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တောင်သူများအနေဖြင့် စပါးနှင့်အခြားသော သီးနှံများ စိုက်ပျိုးကြရာတွင် ကုန်ထုတ်လမ်းများ နည်းပါးခြင်းကြောင့် အခက်အခဲများစွာ ကြုံတွေ့ရသည့်အပြင် အပိုကုန်ကျစရိတ်များစွာ ရှိခဲ့ကြသည်။ ထိုသို့ ကုန်ထုတ်လမ်းများ နည်းပါးခြင်းကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် လူထုအခြေပြုစီမံကိန်းအရ ဒုတိယ ငါးနှစ်ကာလတို စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ထုတ်လမ်းများ ဖောက်လုပ်ရန်ရွေးချယ်ခြင်း၊ ပြည်သူလူထုကိုယ်တိုင် ရွေးချယ်ဆောင်ရွက်ရမည့် လမ်း၊ တံတား၊ နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လမ်းသွယ်များနှင့် ကျေးရွာအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိကတော့ ကျေးရွာချင်းဆက်လမ်း မဟုတ်တဲ့ နေရာတွေမှာ ကုန်ထုတ်လမ်းအဖြစ် ရွေးချယ်ဆောင်ရွက်နိုင်ဖို့ မြို့နယ် အုပ်ချုပ်ရေးမှူးနဲ့ ကျွန်တော်တို့ ကျေးလက်ဦးစီးဌာနက ဝန်ထမ်းတွေ ကွင်းဆင်းတိုင်းတာ စစ်ဆေးတာပါ၊ လက်ရှိတိုင်းတာရရှိတဲ့ အချက်အလက်တွေကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ် ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်က ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြောကြားသည်။ ကုန်ထုတ်လမ်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် တောင်သူများအတွက် အထိုက်အလျောက် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်၍ ကျေးလက်ဒေသခံများအတွက် ဝမ်းမြောက်စရာ သတင်းကောင်းလည်း ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# လွတ်လပ်ခဲ့သောနိုင်ငံ တို့အလံ မလဲ

■ အညတြ



မင်းလှတိုက်ပွဲသရုပ်ဖော် ပန်းချီ။

"သီပေါမင်းကို မင်းဆိုးလို့ ပြောချင်ပြောပါ။ ကျွန်မရဲ့ အရှင်မကို မိဖုရားဆိုးလို့ ပြောချင်ပြောပါ။ ဒါပေမယ့် သူတို့ဟာ ကျွန်မတို့ရဲ့ ဘုရင်၊ မိဖုရားပဲ။ ကျွန်မတို့ရဲ့ အစိတ်အပိုင်းတွေလိုပါပဲ။ ကိုယ့်အရှင်သခင်တွေလို နိုင်ငံခြားသားမင်းကို ကျွန်မတို့ မြတ်နိုးနိုင်ပါ့မလား"

မြန်မာတစ်နိုင်ငံလုံး တိုင်းတစ်ပါးလက်အောက် ကျရောက်သောနေ့ (ပါတော်မူနေ့)။ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ (၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်) နန်းတွင်း တောင်ဥယျာဉ်ဝယ် စံမြန်းနေသော ဘုရင်နှင့် မိဘုရားတို့ မြို့ရိုးအပြင်သို့ အင်္ဂလိပ်စစ်သားများခြံရံကာ ခြေကျင်ထွက်၍ ဘီရိုလှည်းစီးပြီး နန်းမှအပြီးအပိုင် ထွက်ခွာသွားသည်။ ထိုမြင်ကွင်းအား ကိုယ်တိုင်မြင်တွေ့လိုက်သည့် နန်းတွင်းသူလေးတစ်ဦး၏ ခံစားချက်ကို အင်္ဂလိပ်စာရေးဆရာ ဖီးလ်ဒင်းဟောက ရေးသားခဲ့သည်။

အင်္ဂလိပ်တို့အဖို့ မြန်မာဘုရင်ကို ဖမ်းဆီးခေါ်ဆောင်ရသည်မှာ ကြက်ကလေး၊ ငှက်ကလေးများကဲ့သို့ လွယ်ကူလှသည်။ အထက်မြန်မာပြည်ကို သိမ်းပိုက်ရသည်မှာ ၁၄ ရက်တာကာလဖြင့် ခက်ခက်ခဲခဲမရှိလှ၊ ထိုကာလအတွင်း ရတနာပုံနေပြည်တော်၌ ကောလာဟလများနှင့် ပျံ့နှံ့နေသည်။ အရှင်နှစ်ပါး ဖမ်းဆီးသွားစဉ် လမ်းတစ်လျှောက်တွင် စောင့်ကြိုနေသော မြို့သူမြို့သားများ ငိုယိုကြသည်။ အချို့လည်း မင်းပြောင်းမင်းလွဲ ဖြစ်တာပါ၊ မင်းသားတစ်ပါးပါးကို နန်းတင်မှာပါဟု ဆိုကြသည်။ အချို့လည်း အံ့တကြိတ်ကြိတ်နှင့် မခံချိမခံသာ ဖြစ်ကြသည်။

ပါတော်မူမြင်ကွင်းကို မလှမ်းမကမ်းမှ တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေသူများကြားတွင် တောက်ခေါက်သံတစ်ချက် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ငေးကြည့်နေသူများ ရုတ်တရက် လန့်ဖျပ်သွားပြီး အသံလာရာဘက်သို့ ငဲ့စောင်းကြည့်ကြသည်။ တောက်ခေါက်သူမှာ မြို့လုလင်သူကြီး ဦးမင်းရောင် ဖြစ်သည်။ အံကို တင်းတင်းကြိတ်ထားသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ အရှင်သခင်မဲ့သွားသော ရွှေနန်းတော်ကြီးကို မျှော်ကြည့်နေသည်။

ထို့နောက် "ရာဇဝင်ရိုင်းလိုက်လေ၊ တိုင်းတစ်ပါးသားတွေက သေနတ်တစ်ချက်မဖောက်၊ ဓားတစ်ချက် မမြှောက်ဘဲ အရှင်နှစ်ပါးကို ဖမ်းဆီးခေါ်ဆောင်သွားတာ ရင်နာစရာကောင်းလိုက်တာ" ဟုဆိုကာ လူအုပ်ကြားမှ ဦးမင်းရောင် ပျောက်ကွယ်သွားသည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးနှင့် လွတ်လပ်စွာ နေထိုင်ရသည့် ဘဝကို မြန်မာလူမျိုးအားလုံး လိုလားကြသည်။ ကိုယ့်အရှင်သခင်၊ ကိုယ့်တိုင်းပြည် ဆုံးရှုံးသွားသည်ကို မည်သူမျှဥပက္ခာမပြုနိုင်။ ဝမ်းနည်းကြသူများ၊ မခံမရပ်နိုင်ဖြစ်ကြသူများအပြင် ပြန်လည်တွန်းလှန်တိုက်ခိုက်ရန် ကြံစည်သူများရှိသည်။


အမှန်တကယ်တွင် သီပေါမင်းပါတော်မူမှ ဤသို့ခံစားချက်ဖြစ်ပေါ်သည်မဟုတ်၊ ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲဖြစ်ပွားပြီး မြန်မာပြည်၏ အစိတ်အပိုင်းအချို့ ပဲ့ထွက်သွားသည့် အချိန်မှစ၍ သူ့ကျွန်အဖြစ်မခံ လက်နက်စွဲကိုင် တွန်းလှန်ခဲ့ကြသည်။ အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်သောအခါ ရက်သတ္တ နှစ်ပတ်ခန့်သာ ကြာသည်။ ပရိယာယ်ဖြင့် သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်ရသည်မှာလည်း လွယ်သည်။ သို့သော် အထက်မြန်မာပြည်ကို ထိန်းသိမ်းရသည်မှာ မလွယ်လှချေ။ သီပေါမင်းပါတော်မူသည်နှင့် အင်္ဂလိပ်ကို တော်လှန်မည့် မျိုးချစ်မြန်မာများ အုံနှင့်ကျင်းနှင့် တဖွဲဖွဲပေါ်လာတော့သည်။

တိုင်းရင်းသားပြည်သူများ အဖြစ်မှန်ကို သိလာသောအခါ နီးရာအဖွဲ့၊ နှစ်သက်ရာ ခေါင်းဆောင်အောက်တွင် ခိုဝင်ကြသည်။ ရရာလက်နက်စွဲကိုင်၍ ခုခံကြသည်။ သီပေါမင်းပါတော်မူသည်နှင့် ကနောင်မင်းသား၏သားတော် လင်းပင်မင်းသား၊ မက္ခရာမင်းသား၏သား စောရန်နိုင်၊ စောရန်ပိုင်၊ သီပေါမင်းနှင့်ညီအစ်ကိုတော်သူ ထိပ်တင်မှတ်၊ ထိပ်တင်သိန်း စသည့် မင်းညီမင်းသား၊ မူးမတ်တို့က တပ်ဖွဲ့၍ တိုက်ခိုက်ကြသလို မင်းတုန်းမင်း၏သားတော် မြင်စိုင်းမင်းသားကလည်း မန္တလေးနန်းတော်ကို ချက်ချင်းပြန်သိမ်းရန် ကြိုးစားသည်။ ထိုသို့ တိုက်ခိုက်ခြင်းသည် ဘုရင်နှင့် နန်းတော်ကို ပြန်လိုချင်၍ အင်္ဂလိပ်ကို တိုက်ခြင်းမဟုတ်၊ တစ်တိုင်းပြည်လုံးဆုံးရှုံးပြီ၊ သူ့ကျွန်ဘဝသို့ ကျရောက်ပြီဟူသော မခံမရပ်နိုင်သည့် မျိုးချစ်စိတ်ဖြင့် တော်လှန်ကြခြင်းဖြစ်သည်။

မင်းသားတို့နှင့်အတူ သီပေါ၊ ညောင်ရွှေ၊ မိုးနဲ၊ ရပ်စောက်၊ ကျိုင်းတုံနယ်များမှ ရှမ်းတိုင်းရင်းသားများ၊ စော်ဘွားများကလည်း ပူးပေါင်းပါဝင်တိုက်ခိုက်ကြသည်။ ဝန်းသို စော်ဘွားဆိုလျှင် နယ်ချဲ့တော်လှန်ရေးတွင် ရှေ့တန်းမှပါဝင်တိုက်ခိုက်သဖြင့် နာမည်ကြီးသည်။ မျိုးချစ်အင်အားစုများသည် ရှမ်းတောင်တန်းတွင် ခိုသည့်အခါတွင်ခိုပြီး တစ်ခါတစ်ရံ မန္တလေးအနီးတစ်ဝိုက်သို့ဆင်း၍ တိုက်ခိုက်ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ရှမ်းတိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အတူတကွလက်တွဲတိုက်ပွဲဝင်ခဲ့သည့် အံ့မခန်းဖွယ်ဖြစ်ရပ်များ များစွာရှိသည်။

မြေပြန့်အနှံ့အပြားတွင်လည်း သူ့အဖွဲ့နှင့်သူ၊ သူ့အစုနှင့်သူ နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ကြသည်။ ပုပ္ပားဘက်မှ ဗိုလ်နက်ကျော်၊ ရွှေဘိုမှ ထိပ်တင်မှတ်၊ ကျောက်ဆည်နယ်မှ ဗိုလ်သာကျန်၊ ဆင်ဖြူကျွန်းမှ ဦးဥတ္တမ၊ ပုဂံနယ်မှ ဗိုလ်ချို၊ ဝဲလောင်မှ ဗိုလ်ရာညွန့်၊ ကျွန်းခင်းကြီးမှ ဗိုလ်လှကျော်၊ မင်းတုန်းမှ ဗိုလ်ရွှေ၊ နတ်မောက်မှ ဗိုလ်မင်းရောင်၊ မြင်းခြံမှ သခ်ရာဇာ၊ ပျဉ်းမနား၊ ရမည်းသင်းမှ ဗုဒ္ဓရာဇာ၊ သီဟရာဇာ စသည့် မျိုးချစ်သူရဲကောင်းများစွာတို့က တွန်းလှန်ခဲ့ကြသည်။ အကွဲကွဲအပြားပြားဖြစ်နေသော မျိုးချစ်တပ်ဖွဲ့များနှင့် စနစ်တကျဖွဲ့စည်းထားသော အင်္ဂလိပ်တပ်ဖွဲ့များ တိုက်ခိုက်ကြရာတွင် ပျောက်ကျားတိုက်ပွဲများသာဖြစ်ပြီး အင်္ဂလိပ်တို့ မြေပြန့်တွင် အခြေချနိုင်ခဲ့သည်။

အင်္ဂလိပ်တို့ မြေပြန့်တွင် အခြေချမိသောအခါ ချင်း၊ ကချင်တောင်တန်းပေါ်သို့ အလုံးအရင်းနှင့် ချီတက်သည်။ ရှမ်းပြည်နယ်၊ ဝနယ်၊ ရခိုင်နယ်သို့လည်း ဝင်သည်။ ကချင်၊ ချင်း၊ ရှမ်း၊ မွန်၊ ရခိုင်၊ ဝ၊ ကရင်တိုင်းရင်းသားတို့သည် ပြောက်ကျားစစ်ဆင်၍ အင်္ဂလိပ်တို့အား ခုခံကြသည်။ အင်္ဂလိပ်တို့သည် တစ်လှမ်းပြီးတစ်လှမ်း၊ တစ်တောပြီးတစ်တော၊ တစ်တောင်ပြီးတစ်တောင် အသက်စွန့်အနာခံကာ နှစ်အတန်ကြာအောင် မြန်မာနယ်များကို သိမ်းပိုက်ရသည်။ အင်္ဂလိပ်တို့သည် မြန်မာ့မျိုးချစ်တပ်များနှင့် ရင်ဆိုင်ရာ၌ လက်ရွေးစင်တပ်မကြီးများဖြင့် ပွဲထုတ်ကြသည်။ အင်အား အဆမတန်သာသည်။ လက်နက်ကောင်းသည်။ စနစ်တကျဖွဲ့စည်းထားသည်။ အထက်မြန်မာပြည်တွင် **စာမျက်နှာ ၇ သို့ »»**



တော်လှန်ရေးရဲဘော်များနှင့် နယ်ချဲ့တပ်များ ရွှေကျင်နယ်တွင် တိုက်ပွဲဖြစ်ပွားသည်ကို သရုပ်ဖော်ထားသည့် ပန်းချီကား။

# ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




**ပြည်သူရဲ့ ထောက်ခံမှု၊ ပြည်သူရဲ့ ယုံကြည်မှု၊ ပြည်သူရဲ့ ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှ မရှိပါဘူး။ ဘယ်လို အခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ ပြည်သူရဲ့ ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၂-၁၀-၂၀၁၇ ရက်နေ့ ပြည်သူသို့ တင်ပြချက်မှ ကောက်နုတ်ချက်)

»» စာမျက်နှာ ၆ မှ

မျိုးချစ်များအား တိုက်ခိုက်နေသော အင်္ဂလိပ်တပ်များနောက်မှ ရန်ကုန်၊ ကာလကတ္တား၊ လန်ဒန်နှင့် ဗြိတိသျှအင်ပါယာတစ်ခုလုံးမှ ထောက်ပံ့ဖြည့်တင်းပေးသည်။ မြန်မာမျိုးချစ်များတွင် မည်သည့်အထောက်အပံ့မျှမရှိ ပြည်သူအထောက်အပံ့သာရှိသည်။

ထုထည်ကြီးမားသော နယ်ချဲ့ဒဏ်ကို အစိတ်စိတ်အမွှာမွှာကွဲပြားနေသော မြန်မာမျိုးချစ်များ တိုက်ခိုက်ခံကြရသည်။ မြန်မာတစ်မျိုးသားလုံး၊ တိုင်းရင်းသားအားလုံး စုရုံးရန် အချိန်လင့်ခဲ့သည်။ မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်စိတ်ဓာတ်တို့ဖြင့် တွန်းလှန်ကြသော်လည်း လက်နက်အင်အားမမျှသဖြင့် အရေးနိမ့်ခဲ့သည်။ ပြိုကွဲခဲ့ရသည်။ သို့သော် အပြီးတိုင် ပျက်စီးပျောက်ပြယ်သွားသည်တော့မဟုတ်၊ တဟုန်းဟုန်းတောက်လောင်သော မီးတောက်မီးလျှံများကျပြီး တအုံနွေးနွေး မငြိမ်းသေးသည့် မီးခဲပြာဖုံးနေသကဲ့သို့ မြန်မာတို့၏ အမျိုးသားရေး၊ မမေ့နိုင်သော လွတ်လပ်ရေးအတွက် နယ်ချဲ့တော်လှန်ရေးများ ဆက်လက်ပေါ်ထွန်းလာပါသတည်း။ နယ်ချဲ့လက်အောက်ရောက်သော်လည်း လွတ်လပ်ခဲ့သော နိုင်ငံ၏ မြန်မာတို့၏အလံ မလဲပါ။ ။

◆ **၂၀၁၉ ဆီးဂိမ်းမှ**

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ လေ့ကျင့်မှု ဆက်လက်ပြုလုပ်ရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ဆက်လက်ညှိနှိုင်းမည်ဖြစ်ပြီး ကာလရှည် လေ့ကျင့်ရမည်ဖြစ်သောကြောင့် ကလပ်အသင်းများနှင့်ပါ ဆွေးနွေးအတည်ပြုရမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၃ အသင်းတွင် ပါဝင်ခဲ့သည့် အသက်မီသည့်ကစားသမားများအား ပြန်လည်အားဖြည့်ရွေးချယ်မည်ဖြစ်ပြီး ဆီးဂိမ်းအတွက် အချိန်ယူ ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအသင်းကို လက်ရှိအောင်မြင်မှုရခဲ့သည့် ကစားသမားများကိုအခြေခံကာ အုပ်ချုပ်သူ-ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဦးကြည်လွင်၊ လက်ထောက်နည်းပြ-ဦးကျော်လွင်နှင့် ဦးချစ်နိုင်တို့က တာဝန်ယူ လေ့ကျင့်ပေးမည်ဖြစ်သည်။ ဦးကြည်လွင်သည် မြန်မာ လူငယ်အသင်းများအား ကိုင်တွယ်ရာတွင် နာမည်ရထားသူဖြစ်ပြီး ၂၀၁၅ စင်ကာပူဆီးဂိမ်းတွင်လည်း ငွေတံဆိပ်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် တတိယဆုရခဲ့သည့် မြန်မာ ယူ-၂၁ အသင်းသည် ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့၌ ပြန်လည်ရောက်ရှိခဲ့သည်။



**မြန်မာ ယူ-၂၁ အသင်းနှင့် မွန်ဂိုလီးယားလက်ရွေးစင်အသင်း ခြေစမ်းပွဲကစားနေစဉ်။**

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးရေးရာဆောင် အမှတ်-၁၂ (I-12) သို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက်(စနေနေ့)ထက် မစော၊ ဇန်နဝါရီ ၁၄ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် I-19 (အိုင်-၁၉) သို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၃ရက်ထက်မစော၊ ၁၄ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြေငလျင်ငယ်တစ်ခုလှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယနေ့နံနက် ၃ နာရီ ၁၂ မိနစ် ဝ၁ စက္ကန့်အတွင်း မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၂၁၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးညှင်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၇ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ကျိုက်ထို ဒီဇင်ဘာ ၂၄**

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းနီကျေးရွာ၌ ဒီဇင်ဘာ ၂၁ ရက်က ပြုလုပ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တော်ဆိုင်ကယ်စက်ပြင်နှင့် ကိုယ်တိုက်ဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာခဲ၊ လက်ဆေးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်ပြုလုပ်ခြင်း သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ဆက်လက်ပြီး ပြည်နယ်ဦးစီးမှူးသည် ကမ်းနီကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးညှိနှိုင်းပြီး စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ကြေးမုံ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရှမ်းရိုးရာလက်မှုလုပ်ငန်းကို ကြည့်ရှုလေ့လာ

**လားရှိုး ဒီဇင်ဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ ရှမ်းရိုးရာလက်မှုလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့်အတူ လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ ရှမ်းရိုးရာ လက်မှုလုပ်ငန်းသို့ရောက်ရှိရာ ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖများ၊ ရိုးရာလက်မှုလုပ်ငန်းလုပ်ကိုင်သည့် မိသားစုများက ကြိုဆိုနှုတ်ဆက်ပြီး မိသားစုဝင်များက ရှမ်းရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။**(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရှမ်းကိန္နရီ၊ ကိန္နရာနှင့် တိုးနယားများ၊ ရှမ်းအိုးစည်နှင့် ရှမ်းရိုးရာတူရိယာပစ္စည်းများ ပြုလုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရှမ်းရိုးရာ လက်မှုလုပ်ငန်းကို ရှမ်းတိုင်းရင်းသား ဦးစိုင်းက ဦးစီး၍ ၎င်း၏ မိသားစုဝင်များနှင့်အတူ ရှမ်းတိုင်းရင်းသား ရိုးရာအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် နှစ်ပေါင်း ၂၅ နှစ်ကြာ မိသားစုလုပ်ငန်းအဖြစ် လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# သေချာသော အကျိုးအမြတ်ရရှိမည့် ရင်းနှီးမြှုပ်နှံမှုအဖြစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ပူးပေါင်းဆောင်ရွက်ရန် ပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယနေ့လာရောက်ခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်တွင် ဆွေးနွေးခဲ့သည့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပဋိသန္ဓေတည်စမှ မွေးပြီး(၈)နှစ်အထိသည် ရှေးဦးအရွယ် ဖြစ်ပါကြောင်း၊ ကလေး၏ အဆင့်ဆင့်ပြောင်းလဲမှု ဖြစ်စဉ်တွင် နှောင့်နှေးမှုရှိခြင်းသည် ဖွံ့ဖြိုးမှုကို နောက်ကျစေကြောင်း၊ လူသားအစ ပထမ ရက်ပေါင်းတစ်ထောင် ကာလသည် ဦးနှောက်ဖွံ့ဖြိုးမှု အထွတ်အထိပ် ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ်ပြုစုပျိုးထောင်ရေးတွင် မိခင်များသည် အဓိက အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်များကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တိုင်းတာစစ်ဆေးခြင်းစနစ်ကိုလည်း ဖော်ဆောင်လျက်ရှိပါကြောင်း၊ သို့မှသာ ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းကို စောစီးစွာသိရှိပြီး ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရှေးဦးအရွယ် ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရန်



မူကြိုကျောင်း လက်လှမ်းမမီသော ကလေးများအတွက် မိခင်ဝိုင်းများ ဖွင့်လှစ်နိုင်ရေးသည် အရေးကြီးကြောင်း၊ လိုအပ်သည့် နည်းပညာ၊ ငွေကြေးအကူအညီများ ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်အောင်မြင်ရေးအတွက် ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက မိခင်ဝိုင်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မိခင်ဝိုင်းဖွင့်လှစ်ပေးမည့် ကျေးရွာ ငါးရွာအတွက် ပထမသုံးလစာ ထောက်ပံ့ငွေကျပ် ၃၉၁၅၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလေးများအား ကစားစရာအရုပ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားရှိသည့် နိုင်ငံတကာအစိုးရ မဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Good Neighbours International က ဆောက်လုပ်လှူဒါန်းသည့် ကလေးတစ်ရာဦးဆံ့ ပေ ၆၀ × ပေ ၄၀ RCC တစ်ထပ် ဖဒိုမြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း အဆောက်အအုံကို သွားရောက်ကြည့်ရှုပြီး မူကြိုကျောင်း ဖွင့်လှစ်ရေး ဆွေးနွေးဆောင်ရွက်သည်။ ယင်းနောက် ညောင်လေးပင်မြို့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ပေ ၆၀ × ပေ ၆၀ × ၂၉ ပေ RCC နှစ်ထပ် ဘက်စုံသုံး အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလပ် ၁၃ ခုမှ လက်ဝှေ့အားကစားသမားများဖြင့် မြန်မာ-ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို မုံရွာမြို့တွင် ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး NGWE PHYO Construction Materials Supplier Business Group က နှစ်စဉ် ကျင်းပသော မြန်မာ-ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီက မုံရွာမြို့ မိုးလုံလေလုံ အားကစားရုံ၌ ပွဲချီ ငါးချီ ပြိုင်ပွဲပေါင်း ၁၅ ပွဲ ကျင်းပသည်။

"မုံရွာမှာ ပထမအကြိမ်လုပ်တုန်းက ထိုင်းအဆင့်ထက် အခုထိုးမယ့်ထိုင်းတွေက ပိုအဆင့်မြင့်ပါတယ်၊ ပြီးသွားတဲ့ ပွဲက အငယ်တန်းပေါ့ဗျာ၊ အခုပွဲက အလတ်တန်း ထိုင်း-မြန်မာ ပွဲတွေပါ၊ အခုထိုးမယ့် ထိုင်းနှစ်ဦးက တော်တော်ကောင်းတယ်၊ ဈေးကြီးပေးပြီး ခေါ်လာရတာပါ၊ ကျွန်တော်တို့က မုံရွာသားတွေ ဖြစ်တဲ့အတွက် မုံရွာပရိသတ်ကို သီးခြားဧည့်ခံချင်လို့ ပွဲစီစဉ်ဖြစ်တာပါ၊ ထိုင်းလက်ဝှေ့သမားတွေကို ဘတ်လေးသောင်းကျော်ငါးသောင်းလောက် ပေးခေါ်ခဲ့တာပါ၊ မြန်မာငွေနဲ့ဆို တစ်ယောက်ကို ၁၆ သိန်းကျော် ၁၇ သိန်းနီးပါး ပေးခေါ်ခဲ့ရတာပါ၊ မုံရွာက လက်ဝှေ့ကစားသမားနှစ်ဦး ထိုးကြမှာပါ၊ ပြည်တွင်းလက်ဝှေ့ကလပ် ၁၂ ခုနဲ့ ထိုင်းက ကလပ်တစ်ခု ၁၃ ခုပါပါတယ်"ဟု ပွဲစီစဉ်သူ ဆရာဒဿက ပြောသည်။

လက်ဝှေ့ပွဲတွင် နှစ်ချီကြားပွဲအဖြစ် ထွန်းထွန်း(Water Park)နှင့် ဇေယျာနိုင်(ရွှေဩဇာ)တို့ ထိုးသတ်ကာ သုံးချီကြားပွဲတွင် ဇွဲမောင်မောင်(ရွှေဩဇာ)နှင့် သဲမောင်(မန္တလေး)၊ ဆန်းထိုက်အောင်(ရိုးရာပုဂံ)နှင့် ဘာမထီ(ရွှေဩဇာ)၊ ညဏ်ဝင်း(ဝင်းထွန်း)နှင့် ဝင်းလှိုင် (Water Park)တို့အပြင် ခန္တီကျားနှင့် မဲကြီးတို့ ထိုးသတ်ခဲ့သည်။

သုံးချီ အထူးစိန်ခေါ်ပွဲတွင် နေလင်းမာန်(၁၈၈၆-မန္တလေး)နှင့် ရှမ်းလေး(9 Power)၊ မင်းနိုင်(9 Power )နှင့် ဇွဲလေး(ရွှေဩဇာ)တို့နှင့်အတူ ဝင်းကျော်သူ(ရွှေဩဇာ)နှင့် မင်းလွင်မောင်(Water Park)တို့ ထိုးသတ်ခဲ့ကြသည်။ လေးချီ အထူးစိန်ခေါ်ပွဲတွင် ဘိုင်ကာရဲမြတ်သွေးနှင့် စိုင်းသူရ(ရွှေဩဇာ)၊ အောင်မင်းထွန်း(တောင်ကလေး)နှင့် ထွန်းစစ်နိုင်(ရိုးရာပုဂံ)၊ အောင်ထီလာနိုင်(နမ္မတူ)နှင့် ဇေယျာဖြိုး(9 Power)၊ အောင်တိုင်းမောင်(၁၈၈၆-မန္တလေး)နှင့် ရဲသွေး(တောင်ကလေး)၊ တိမ်မိုက်(ရွှေဩဇာ)နှင့် ရှိုင်းထက်အောင်(ရိုးရာပုဂံ)တို့ ထိုးသတ်ကြသည်။ နောက်ဆုံး ငါးချီ အထူးစိန်ခေါ်ပွဲကြီးအဖြစ် ဆန်းသူဦး(တောင်ကလေး-မြန်မာ)နှင့် ဆိုင်းကော်(ထိုင်း)၊ ကြယ်စင်ဖြိုး(ရိုးရာပုဂံ-မြန်မာ)နှင့် ဖားမိုခွန်း(ထိုင်း)တို့ အကြိတ်အနယ် ထိုးသတ်ခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဒေါ်ခင်ကြည်ဆေးရုံတွင် သားဖွားဆရာမသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်တည်ထောင်ခဲ့သည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံတွင် သားဖွားဆရာမသင်တန်း ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ပြောသည်။

"ကျွန်တော်တို့နိုင်ငံ ကျေးလက်တောရွာတွေမှာ မိခင်နဲ့ကလေးကျန်းမာရေး စောင့်ရှောက်မှုတွေပေးနေကြတဲ့ သားဖွားဆရာမတွေကို ဒီဆေးရုံကနေ Training Centre တစ်ခုအနေနဲ့ ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိတယ်၊ ဆရာမတွေကို ဒီဆေးရုံမှာ လူနာတွေကိုကုသပေးရင်းနဲ့ သားဖွားဆရာမသင်တန်းသူတွေကို လေ့ကျင့်မွေးထုတ်ပေးဖို့ ရည်ရွယ်ပါတယ်၊ နောင်တစ်ချိန်မှာ ဒေါ်ခင်ကြည်ဆေးရုံဟာ သားဖွားဆရာမတွေကို မွေးထုတ်ပေးတဲ့ သင်တန်းဌာနတစ်ခုအနေနဲ့ ဖြစ်လာဖို့အတွက် ရည်ရွယ်ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ဒေါက်တာ သာထွန်းကျော်က ပြောသည်။

ယင်းဆေးရုံတွင် ဆေးရုံအုပ်ကြီးအပါအဝင် သားဖွားမီးယပ်အထူးကုဆရာဝန်၊ မေ့ဆေးဆရာဝန်၊ ကလေးအထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း၊ လိုအပ်ပါက ရန်ကုန်ဆေးတက္ကသိုလ် (၁)နှင့် (၂)တို့တွင်ရှိသည့် သားဖွားမီးယပ်ဌာန၏ ပါမောက္ခဌာနမှူးများ အစီအစဉ်ဖြင့် တစ်ပတ်နှစ်ကြိမ် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများကိုယ်တိုင် လာရောက်ကုသပေးရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် လက်ရှိတွင် ဆေးရုံမှာ ခုတင် ၅၀ ဆေးရုံဖြစ်ပြီး နောက်ပိုင်းတွင် ခုတင် ၁၀၀ ဆေးရုံအဖြစ် တိုးမြှင့်ရန်စီစဉ်ထားကြောင်း သိရသည်။ **ဇာနည်မောင်**

✻ ကျောဖုံးမှ

ထို့နောက် ကမ်းလွန်ကင်းလှည့် စစ်ရေယာဉ်-အင်းလေးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်-အင်းလေးပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့စစ်ရေယာဉ်များတည်ဆောက်နိုင်ခြင်းကြောင့် တပ်မတော်(ရေ) အတွက်ဂုဏ်ယူပါကြောင်း၊ ပင်လယ်အားဖြတ်သန်းနိုင်သည့် စံချိန်မီသော သင်္ဘောများဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှရှိတပ်မတော်များထဲတွင် မိမိတို့တပ်မတော် တစ်ခုတည်းသာ ဖရီးဂိတ်စစ်ရေယာဉ်များအား တပ်မတော်ပိုင်သင်္ဘောကျင်းတွင် ကိုယ်ပိုင်ထုတ်လုပ်နိုင်သည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ယခုကဲ့သို့သော အစဉ်အလာကိုထိန်းသိမ်းပြီး ပိုမိုအစွမ်းထက်သည့် စစ်ရေယာဉ်များတည်ဆောက်သွားရန်လိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃)ရေတပ်ဆိပ်ခံတံတားမှ ဧရာဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ်- ရတနာပုံဖြင့်ထွက်ခွာကြသည်။

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ နှစ်(၇၀)ပြည့် တပ်မတော်(ရေ) အထိမ်းအမှတ်ပြခန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်းဌာနချုပ်အလိုက်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် နှစ်(၇၀)ပြည့် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် ကမ်းလွန်ကင်းလှည့်ရေယာဉ်တစ်စင်း၊ ၅၆ မီတာ တင့်ကားတင်ကမ်းထိုးရေယာဉ်နှစ်စင်းနှင့် ၂၉ မီတာ ကမ်းထိုးရေယာဉ်လေးစင်း စုစုပေါင်း ခုနစ်စင်းတို့တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းကလည်း ရေတပ်သင်္ဘောကျင်းဌာနချုပ်၌ တပ်မတော်(ရေ)မှ ထုတ်လုပ်ထားရှိသည့် တပ်မတော်(ရေ)အသုံးအဆောင်ပစ္စည်းများ ရေတပ်သင်္ဘောကျင်းဌာနချုပ်ပြတိုက်နှင့် ရေတပ်သင်္ဘောကျင်းအတွင်း စစ်ရေယာဉ်များတည်ဆောက်နေမှုကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ချင်းရိုင်ယူနိုက်တက်အသင်းတွင် ကျော်ကိုကို ဆေးစစ်မှုခံယူပြီး အသင်းသားများနှင့် တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ထိုင်းလိဂ်-၁ ကလပ် ချင်းရိုင်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကစားမည့် တိုက်စစ်မှူး ကျော်ကိုကိုသည် ဘန်ကောက်မြို့၌ ဆေးစစ်မှုခံယူပြီး ချင်းရိုင်အသင်းသို့ သွားရောက်ကာ တာဝန်ရှိသူများ၊ အသင်းသားများနှင့် တွေ့ဆုံကာ လေ့ကျင့်မှုအချို့ပြုလုပ်ခဲ့သည်။

ကျော်ကိုကိုသည် ဒီဇင်ဘာ ၂၁ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် ဘန်ကောက်မြို့၌ ဆေးစစ်မှုခံယူခြင်း၊ ကြံ့ခိုင်မှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကာ ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ချင်းရိုင်ဒေသသို့ သွားရောက်ခဲ့သည်။ ယင်းနေ့ညနေပိုင်းတွင် ချင်းရိုင်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက ရရှိခဲ့သည့် ထိုင်း FA ပြိုင်ပွဲ ချန်ပီယံဆုအတွက် အောင်ပွဲခံအခမ်းအနားသို့ ကျော်ကိုကို တက်ရောက်ခဲ့ကာ ပရိသတ်များနှင့်လည်း တွေ့ဆုံခဲ့သည်။ ၎င်းသည် ဒီဇင်ဘာ ၂၄ ရက်တွင် ချင်းရိုင် ယူနိုက်တက်အသင်းလေ့ကျင့်ရေးကွင်းသို့ သွားရောက်ကာ နည်းပြအဖွဲ့ဝင်များ၊ ကစားသမားများနှင့် တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး လေ့ကျင့်မှုအချို့ပြုလုပ်ခဲ့သည်။ ကျော်ကိုကိုသည် ရက်ပိုင်းအတွင်း ရန်ကုန်မြို့သို့ပြန်ကာ စာချုပ်ကိစ္စအတွက် နှစ်ဖက်အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံကာ အပြီးသတ်လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ချင်းရိုင်ယူနိုက်တက်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး အဓိကကစားသမားဖြစ်သော်လည်း ကစားသမားဘဝ ပိုမိုတိုးတက်ရန်အတွက် အသင်းပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ချင်းရိုင်ယူနိုက်တက်အသင်းတွင် လစာအဖြစ် ဒေါ်လာ ၇၀၀၀၊ ကားနှင့် နေရန်အိမ်တို့ရရှိမည်ဖြစ်ပြီး ပွဲကစားကြေးနှင့် အခြားခံစားခွင့်များလည်း ရရှိမည်ဖြစ်သည်။

ထိုင်းဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းကြောင့် ထိုင်းကလပ်အသင်းများမှာ အာဆီယံကစားသမားတစ်ဦး မဖြစ်မနေ ထည့်သွင်းကစားရမည်ဖြစ်ရာ မြန်မာကစားသမားများအတွက် အခွင့်အရေးပေါ်ပေါက်လာခဲ့ပြီး အောင်သူက Police Tero အသင်း၊ ကျော်ကိုကိုက ချင်းရိုင်ယူနိုက်တက်အသင်းတွင် တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**



# ပဉ္စမအကြိမ်မြောက် သထုံမြို့ မြို့လုံးကျွတ် မဟာနိဗ္ဗာန်ဈေးပွဲတော် ပြုလုပ်

**သထုံ ဒီဇင်ဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်အထိမ်းအမှတ်အဖြစ် မြို့လုံးကျွတ် မဟာနိဗ္ဗာန်ဈေးပွဲတော်ကို ယနေ့မွန်းလွဲပိုင်းက စေတီတော်မြတ်ကြီးဝန်းကျင်တွင် ပဉ္စမအကြိမ်မြောက်အဖြစ် သထုံမြို့သူ/ မြို့သားများစုပေါင်း၍ စည်ကားစွာ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"စေတီတော်မြတ်ကြီးကိုပူဇော်တဲ့အနေနဲ့ အခုလိုမဟာနိဗ္ဗာန်ဈေးပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်၊ ဒီနှစ်က ငါးကြိမ်မြောက် ပူဇော်ပွဲပါ" ဟု ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။

အဆိုပါပွဲတော်ကို သထုံမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်မှုကို ခံယူကာ မြို့နယ်သံဃနာယကအဖွဲ့၊ စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် စေတနာရှင် သံဃနာယက ဥပဋ္ဌာကလူငယ်များအဖွဲ့တို့ ဦးဆောင်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး ပွဲတော်ရက်မတိုင်မီ ဒီဇင်ဘာ ၂၂ ရက်မှ စတင်ကာ ဝတ်အသင်းအဖွဲ့များက ညစဉ် ဝတ်ရွတ်ပူဇော်ခဲ့ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ခုလိုအကြီးကျယ်ဆုံး မဟာနိဗ္ဗာန်ဈေးပွဲတော်ကို ပြုလုပ်နိုင်တာ မြို့ခံတစ်ယောက်အနေနဲ့ ဂုဏ်ယူမိတယ်၊ ဒီပွဲမှာ လှူဖို့အတွက် ကျွန်တော်တို့အဖွဲ့တစ်နှစ်နီးပါးလောက်က ကြိုပြီး စုဆောင်းထားပါတယ်၊ အနီးဝန်းကျင်မှာရှိတဲ့ မြို့တွေကပါလာပြီး ဆင်နွှဲကြတာဖြစ်လို့ အစည်ကားဆုံးပွဲလည်းဖြစ်ပါတယ်"ဟု လူငယ်များအဖွဲ့က ဆိုသည်။

အဆိုပါပွဲတော်ကို ညနေ ၄ နာရီ အချိန်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြရာ မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့များက ဧည့်ခံဖျော်ဖြေကြပြီး ရပ်နီးရပ်ဝေးမှ ပွဲတော်လာ ပရိသတ်များစွာတို့က သထုံမြို့နယ်အတွင်းရှိ အဖွဲ့အစည်းပေါင်းစုံတို့၏ ဆိုင်ခန်းပေါင်း ၁၂၀ ကျော်မှ စားသောက်ဖွယ်ရာမျိုးစုံ ကျွေးမွေးလှူဒါန်းသည့် နိဗ္ဗာန်ဈေးပွဲတော်တွင် တပျော်တပါးဝင်ရောက်ဆင်နွှဲခဲ့ကြသည်။

ပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပထမနေ့တွင် မြို့လုံးကျွတ် မဟာနိဗ္ဗာန်ဈေးပွဲတော်နှင့် ဒုတိယ နေ့တွင် သံဃာတော်အပါး ၁၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**သက်ဦး(သထုံ)**




**ဒီဇင်ဘာ ၂၄ ရက် (ခရစ္စမတ်အကြို) ညပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တွင် ခရစ္စမတ်ရောင်စုံမီးများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။**

ဓာတ်ပုံ- အေးမင်းသူ

# ဗိသုကာတစ်ဦးအနေနဲ့ အလုပ်လုပ်ကြမယ်ဆို တကယ်အရေးကြီးတဲ့ အခြေခံသဘောထားတွေရလိမ့်မယ်လို့ မြင်ပါတယ်

**'ပြည်သူ့အတွက် ဗိသုကာ'ဟူသော ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ဗိသုကာအသင်းက ဦးစီးကျင်းပမည့် ဗိသုကာပညာရပ်နှင့် သက်ဆိုင်သည့် အခန်းကဏ္ဍများ၊ အများပြည်သူအတွက် ဝန်ဆောင်မှုပေးနေသည့် ဗိသုကာတို့၏ လုပ်ငန်းများကို ပြသမည့်ပြပွဲကို ဒီဇင်ဘာလ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ဗိသုကာပြပွဲကျင်းပခြင်းဖြင့် ပြည်သူလူထုနှင့် ဗိသုကာပညာရပ်အပေါ် လေ့လာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအတွက် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ ဗိသုကာအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။**

တွေ့ဆုံမေးမြန်း- သီသီမင်း
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

*ယမန်နေ့မှအဆက်*



ဦးဆန်းဦး



ဒေါ်မိုးမိုးလွင်



ဒေါ်လှစုမြတ်

**ဦးဆန်းဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာအသင်း)**

ဗိသုကာအကြောင်းပြောရမယ်ဆိုရင် သမိုင်းနဲ့ ခေတ်နဲ့ပြောရမှာ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့ အချိန်ကျမှ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ်ဆောက်ရတာပါ။ ကျွန်တော်တို့ရဲ့ ဟိုးရှေးခေတ် ပုဂံခေတ်၊ သရေခေတ္တရာခေတ်တွေက စပြီးတော့ တောက်လျှောက် ကိုယ့်လူမျိုးဟာ ကိုယ့်အဆောက်အအုံတွေ ဒီဇိုင်းလုပ်ပြီးတော့ ဆောက်လုပ်ခဲ့ကြပါတယ်။ ဒါပေမယ့် ဗြိတိသျှလက်အောက် ရောက်သွားတဲ့အခါမှာ အဲဒီစီးဆင်းပြီး တစ်ဆင့်လက်ဆင့်ကမ်းလာတဲ့ ဟာတွေဟာ တော်တော်များများ ရပ်သွားခဲ့ရပါတယ်။ အဲဒီနေရာမှာ ကိုလိုနီလက်ရာတွေ အစားထိုးလာတယ်။ ကျွန်တော်တို့ရဲ့မြေပေါ်မှာ ရောက်နေတယ်၊ အဲဒီအဆောက်အအုံတွေကို ကမ္ဘာကလည်း တန်ဖိုးထားပါတယ်။ မြန်မာရဲ့ ရှေးကဆောက်ထားခဲ့တဲ့ နန်းတော်တွေ၊ ပုဂံခေတ်က သာသနာ့ဆောက်အအုံတွေနဲ့အတူ ဒီလို အတွင်းဝန်ရုံးလို ဟာမျိုးတွေ၊ High Court လို ဟာမျိုးတွေ အားလုံးဟာလည်း ကျွန်တော်တို့နိုင်ငံရဲ့ ဗိသုကာအမွေအနှစ်တွေပဲဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရတဲ့ အချိန်မှာ ကျွန်တော်တို့နိုင်ငံက တော်တော်လည်း ချမ်းသာပါတယ်။ ကမ္ဘာက Modern Architecture လို့ လက်ခံထားတဲ့ တန်ဖိုးရှိတဲ့ အဆောက်အအုံတွေဟာ အိမ်နီးချင်းနိုင်ငံထက် အစောကြီးပေါ်ခဲ့ပါတယ်။ အဲဒီထဲမှာ ဥပမာတစ်ခုအနေနဲ့ ပြရမယ်ဆိုရင် မင်္ဂလာဒုံလေဆိပ် အခုတော့ ဖြိုလိုက်ပေမယ့် ကျွန်တော်တို့ သမိုင်းလက်ရာကိုတော့ ဓာတ်ပုံရိုက်ပြီး မှတ်တမ်းအပြည့်အဝ ယူနိုင်ခဲ့ပါတယ်။ အဲဒီ မင်္ဂလာဒုံလေဆိပ်ဆိုတာ အဲဒီအချိန်တုန်းက ဒီအာရှနိုင်ငံတွေ အားလုံးက ဥရောပကို သွားမယ်။ အမေရိကသွားမယ်ဆို မြန်မာပြည် မင်္ဂလာဒုံလေဆိပ်ကတစ်ဆင့် သွားရတာ၊ အဲဒီလိုကို ခေတ်ကို ရှေ့ပြေးခဲ့တာ၊ အဲဒီလို အဆောက်အအုံမျိုးတွေလည်း ရှိခဲ့ပါတယ်၊

ဆိုရှယ်လစ်ခေတ်ကို ရောက်လာတယ် ဆိုရှယ်လစ်ခေတ်မှာလည်း ကျွန်တော်တို့ နိုင်ငံက သူ့နည်းသူ့ဟန်နဲ့ ဗိသုကာကြီးတွေကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှာ အားလုံးတာဝန်ပေးပြီး နိုင်ငံအတွက် အများကြီးဆောက်ခဲ့ပါတယ်။ ကမ္ဘာကနေ အသိအမှတ်ပြုတဲ့ ကရဝိက် အဆောက်အအုံလိုမျိုး၊ နောက်တစ်ခါ ရန်ကုန်မှာရှိတဲ့အခု တိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံမျိုး၊ အာဇာနည်ဗိမာန်လို အဆောက်အအုံမျိုး၊ ဒါတွေအားလုံးကို ကျွန်တော်တို့ရဲ့ နောင်တော်၊ ကျွန်တော်တို့ရဲ့ ဦးလေး၊ ဘကြီးတွေက တာဝန်ယူဆောက်ခဲ့တာဖြစ်ပါတယ်။

နိုင်ငံနဲ့လူမျိုးအတွက် အရေးကြီးတဲ့ အထိမ်းအမှတ် အဆောက်အအုံမျိုးကိုလည်း တစ်ခါတလေ ကံအားလျော်စွာ လက်ရာကို လက်စွမ်းပြခွင့်ရခဲ့တာတွေ ရှိပါတယ်။ ဥပမာဆိုရရင် သခင်ကိုယ်တော်မှိုင်း အုတ်ဂူ၊ ကမ္ဘာက လာကြည့်တယ်ဆိုရင် မြန်မာလည်း ဆန်းတယ်၊ ခေတ်လည်းမီတဲ့ အဲဒီလို အထိမ်းအမှတ်တစ်ခု၊ အဲဒါမျိုးကိုလည်း ကျွန်တော်တို့ရဲ့ ရှေ့မျိုးဆက်က ဗိသုကာပညာရှင်ကြီးဖြစ်တဲ့ ဗိသုကာ ဦးကျော်မင်းက ဒီဇိုင်းထုတ်ပြီးဆောက်ပေးခဲ့တာမျိုး ဒီလိုသမိုင်းတွေရှိပါတယ်။ ဒီဘက်ခေတ် ရောက်လာတဲ့ အခါကျတော့ ၁၉၈၈ နောက်ပိုင်း ၁၉၉၀ ပြည့်နှစ်မှာ ကျွန်တော်တို့အရွယ်တွေက ဝိုင်းပြီး နိုင်ငံအတွက် လုပ်ခွင့်ရလာ ပါတယ်။ ဒီအဆောက်အအုံတွေက ကျွန်တော်တို့ ပြပွဲမှာ အကုန်ပြထားမှာ ဖြစ်ပါတယ်။

ဒီဘက်ခေတ်ရောက်တော့ လူငယ်ခေတ်ပေါ့။ လူငယ်တွေကလည်း သူ့တာဝန်သူထမ်းနေပါတယ်။ ရှေးခေတ် ဗိသုကာလက်ရာလို့ပြောရင် ကျွန်တော်တို့က အရိုးကို အရွက်မဖုံးအောင် ဟိုးသရေခေတ္တရာက စတာပေါ့။ အဲဒီကနေ ဆင့်ကဲ တိုးတက်ပြောင်းလဲတာ၊ လုံးဝ ရပ်သွားပြီး အသစ်စက်စက်ကြီး ရောက်လာတာမျိုး မရှိခဲ့ဖူးဘူး။ ဆင့်ကဲ ဆင့်ကဲ ဥပမာ ပြာသာဒ်ဆိုရင်၊ ပုဂံခေတ်ပြာသာဒ်ရယ်၊ ညောင်ရမ်းခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်ရယ်၊ ရတနာပုံခေတ် ပြာသာဒ်ရယ်၊ အဲဒီပြာသာဒ်တွေအားလုံး တစ်ခုနဲ့ တစ်ခု လုံးဝမတူဘူး။ ဒီဇိုင်းအသစ်တွေ၊ ပြာသာဒ်ကို ကြည့်လိုက်တာနဲ့ ဒါ ရတနာပုံခေတ်က၊ ဒါ ဘယ်ခေတ်က ပြာသာဒ်ပါလားလို့ သိနိုင်သလို အတော်လည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကိုလိုနီခေတ် ရောက်လာတဲ့အခါမှာလည်း ကိုလိုနီခေတ်ပြာသာဒ်တွေ ဒီဇိုင်းလုပ်ပါတယ်။ ကိုလိုနီခေတ် ဗိသုကာလက်ရာမှာလည်း အဲဒီတုန်းက အင်္ဂလိပ်တွေရဲ့ စတိုင်တင်မဟုတ်ဘူး၊ မြန်မာတွေက မြန်မာမြို့တော်ခန်းမမှာ မြန်မာ့လက်ရာဖြစ်အောင် အင်္ဂလိပ် လက်အောက်မှာတင် အင်္ဂလိပ်တွေကလည်း လိုလိုလားလားခွင့်ပြုတယ်၊ ဗိသုကာ ဦးတင်ကနေပြီးတော့ မြို့တော်ခန်းမကို ဒီဇိုင်းလုပ်ပေးတယ်၊ လုပ်ပေးလို့ သူက စည်သူဘွဲ့တောင်မှ ရတယ်၊ ကျွန်တော်တို့ စည်သူဦးတင်ကို ဗိသုကာထဲမှာလည်း သူ့ကိုမမေ့ဘဲ အမြဲ လေးစားနေပါတယ်။

အင်္ဂလိပ်လက်အောက်ပြီးတော့ ဒီဘက် လွတ်လပ်ရေးခေတ် ရောက်တဲ့ အခါမှာ အဲဒီဆင့်ကဲ ဖြစ်စဉ်က ရပ်သွားပါတယ်။ ရပ်ပြီး အသစ်ကို သွားတယ်ပေါ့။ ဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ပြန်စဉ်းစားဖို့ လိုနေတာက ငါတို့နိုင်ငံမှာ ဒီလောက် Rich ဖြစ်နေတာ။ ဒီလောက် ကြွယ်ဝခဲ့တဲ့ ယဉ်ကျေးမှု ဗမာ့ဗိသုကာလက်ရာတွေကို ခေတ်သစ်မှာ ဘယ်လိုပေါင်းစပ်ပြီးတော့ ဘယ်လို တိုးတက်အောင် အရိုးပေါ်မှာ ဆက်ပြီးတော့ နောက်ထပ် ဆင့်ကဲ အသီးအပွင့်တွေ ထွက်အောင်လုပ်မလဲဆိုပြီးတော့ စဉ်းစားဖို့ အချိန်တန်ပါပြီ။

**ဒေါ်မိုးမိုးလွင်**
**(ဒါရိုက်တာ၊ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့)**

ရန်ကုန် မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကလည်း ဒီပြပွဲမှာ ပြခန်းပါဝင်မှာပါ။ မြို့ပြအမွေအနှစ်ဆိုတဲ့ အထဲမှာ အဆောက်အအုံတွေ တင်မက မြို့ပြသဘာဝပတ်ဝန်းကျင်နဲ့ နေရာတွေ၊ အထူးသဖြင့် လူတွေရဲ့ စိတ်ထဲမှာ အမှတ်တရ ရှိနေတဲ့ နေရာမျိုးတွေ ပါပါတယ်။ ဥပမာ ပန်းခြံပဲဖြစ်ဖြစ်၊ သစ်ပင်ပဲဖြစ်ဖြစ် ဆိုတဲ့ ဟာမျိုးတွေ၊ မြို့ပြသမိုင်းနဲ့ ပတ်သက်တဲ့ နေရာမျိုးတွေ ပါပါတယ်၊ အဆောက်အအုံမှာဆိုလည်း ဘယ်လောက် သက်တမ်းရှိမှဆိုတာမျိုး မဟုတ်ဘဲနဲ့ သမိုင်းအရ အရေးကြီးတယ်ဆို ထိန်းသိမ်းရမှာပါ၊ သမိုင်းအရ အရေးကြီးတယ်၊ ခေတ်တခေတ်ကို ဖော်ပြနေတယ်ဆိုရင် ဒါတွေလည်း အရေးပါ ပါတယ်။ အဖြစ်အပျက်တွေနဲ့ ဆက်စပ်တယ်ဆိုလည်း အရေးပါပါတယ်၊ ဒါတွေကို ကျွန်မတို့က ထိန်းသိမ်းတဲ့အနေနဲ့ ရန်ကုန်မှာဆို ဒါတွေဟာ မြို့ပြအမွေအနှစ်တွေရှိတယ်။ မြို့က တဖြည်းဖြည်းကြီးထွားလာတယ်။ ဆောက်လုပ်တာတွေ တိုးတက်လာတယ်။ ဖွံ့ဖြိုးလာတယ်ဆိုရင် မသိလိုက် မသိဘာသာနဲ့ ပျောက်သွားတတ်တာမျိုးဖြစ်တတ်တဲ့အတွက် ဒီလို အရေးပါတဲ့ တန်ဖိုးထားရမယ့်နေရာတွေ ဆောက်လုပ်ဖို့ တိုးချဲ့ဖို့လုပ်ရင်း ဖြိုချဖျက်ဆီးခံရတာမျိုး မဖြစ်ရအောင် တခြားနိုင်ငံတွေမှာလည်း ဒါတွေကနေ ခရီးသွား လုပ်ငန်းလိုမျိုးကနေ စီးပွားရေးအောင်မြင်မှုရတာမျိုး အတုယူစရာတွေရှိတယ်။ ဒီဟာတွေဟာ တကယ်တော့ ကိုယ့်ရဲ့ အရင်းအမြစ်တွေ၊ ကိုယ်ပိုင်ဆိုင်တဲ့ဟာတွေ၊ ကိုယ့်လက်ထဲမှာရှိပြီးသားဟာတွေပေါ့။ ဒီဟာတွေကနေ အခြားအကျိုးအမြတ်တွေရတယ်ဆိုတာကို သိအောင်လုပ်စေချင်တယ်။ ဆုံးရှုံးသွားလို့ရှိရင် နောက်တစ်ခါ ဘယ်တော့မှ ပြန်မရတော့ဘူးဆိုတော့ နှမြောစရာကောင်းတယ်။ တန်ဖိုးထားရမယ်ဆိုတာကို အဓိကလုပ်တာပါ။ နောက်တစ်ခုက ဘယ်ဟာကတော့ အမွေအနှစ် ဟုတ်တယ်မဟုတ်ဘူး၊ ထိန်းသိမ်းတယ်ဆိုရင် ဘယ်လို စနစ်တကျ ထိန်းသိမ်းရမလဲ၊ ဘယ်လိုနည်းပညာမျိုးနဲ့ ဘယ်လို နည်းလမ်းမျိုး ပစ္စည်းမျိုး သုံးပြီး ထိန်းသိမ်းရမယ်ဆိုတာကို သိအောင်လုပ်တဲ့ လုပ်ငန်းတွေလည်း ပါဝင်ပါတယ်။ ပြည်သူတွေကို မီဒီယာတွေ၊ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေကနေ တစ်ဆင့် အသိပညာပေးမှုတွေလုပ်နေပါတယ်။

အခုလုပ်မယ့်ပွဲက ပြခန်း တစ်ခန်းတည်းပဲဆိုတော့ လူတွေကို အသိပညာပေးဖို့ မြို့ပြအမွေအနှစ်ကဘာလဲ ဘယ်လိုအရေးကြီးလဲဆိုတဲ့ဟာနဲ့ နောက်တစ်ခုက သမိုင်းဝင် ဓာတ်ပုံတွေနဲ့ ရန်ကုန်မြို့ဖြစ်စဉ်နဲ့ ဗိသုကာလက်ရာသမိုင်း စိတ်ဝင်စားအောင် ပြသမယ်လို့ စိတ်ကူးပါတယ်။ နောက်တစ်ခါ ဟောပြောပွဲ အစီအစဉ်တွေမှာဆိုလည်း ဒီပွဲဟာ ဗိသုကာတွေရဲ့ ပွဲဖြစ်တော့ အဆောက်အအုံအဟောင်းတွေကို ပြန်ပြောင်းပြီးသုံးတဲ့နေရာ ပြန်ပြင်ဆင်တဲ့အခါမျိုးမှာ သတိထားရမယ့် အချက်တွေပေါ့။ ဒီဇိုင်းလုပ်ရမယ့်နေရာမှာ သတိထားရမယ့် ဟာမျိုးတွေပေါ့။ အဆောက်အအုံဟောင်း ပြင်ဆင်တဲ့နေရာမှာ တစ်ကမ္ဘာလုံးမှာ လက်ခံတဲ့ နည်းလမ်းတွေရှိတယ်။ ဘယ်လို အစီအစဉ်တွေ လုပ်ရမယ်၊ ဘယ်လိုစီစဉ်မှ ရေရှည်ထိန်းသိမ်းရာကျမယ်ဆိုတာတွေ ပါဝင်မှာဖြစ်ပါတယ်။

**ဒေါ်လှစုမြတ်( မြန်မာနိုင်ငံ ဗိသုကာအသင်း အဖွဲ့ဝင်)**

ကျွန်မက ဒီပြပွဲမှာ ဟောပြောပွဲစီစဉ်တဲ့ အပိုင်းကနေ ပါဝင်ပါတယ်။ ဒီဟောပြောပွဲတွေမှာလည်း ဗိသုကာနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေဘက်က သိသင့်သိထိုက်တဲ့ အားသာချက်၊ အားနည်းချက်တွေရှိတယ်။ အစိုးရဘက်က ထုတ်ပြန်ပေးရမယ့် စည်းမျဉ်းစည်းကမ်းတွေရှိတယ်။ အဲဒါမျိုးတွေကို ဖော်ပေးပြီးတော့ ဟောပြောမယ့် ဟောပြောပွဲတွေ ပါပါတယ်။ နောက်တစ်ခုက ဗိသုကာပညာရပ်အနေနဲ့ စာတမ်းလေးတွေ ဖတ်ကြားတာပါပါမယ်။ သုံးရက်စလုံးမှာ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီအထိ ဟောပြောပွဲတွေရှိပါတယ်။

ဗိသုကာဆို တော်တော်များများက အလှဆင်တယ်လို့ပဲ ထင်ကြတယ်၊ အဆောက်အအုံမျက်နှာစာ အလှဆင်တယ်ပေါ့နော်။ တကယ်တမ်းကျတော့ အဆောက်အအုံက ကြီးလာတာနှင့်အမျှအဆောက်အအုံထဲမှာ နေထိုင်တဲ့ လူတွေ ကျန်းမာရေးနဲ့ ညီညွတ်စွာ နေထိုင်နိုင်ရမယ်၊ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရမယ်၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ရမယ်ပေါ့။ အဲဒီလိုနေထိုင်နိုင်ဖို့ရာ သူ့ရဲ့ စံချိန်စံညွှန်းတွေရှိတယ်၊ အဲဒီစံချိန်စံညွှန်းတွေနှုန်းတွေနဲ့ ကိုက်ညီအောင် ဒီဇိုင်းရေးရမယ်။ အဆောက်အအုံဆောက်တဲ့ Developer တွေကတော့ သူ့ရဲ့ အကျိုးအမြတ်ရှိအောင် ဆောက်လုပ်မှာပဲ။ Architects က ဒီဇိုင်းရေးဆွဲပေးတယ်ဆိုရင် Developer သည် ကျွန်မတို့ရဲ့ client ဖြစ်တယ်၊ ဒါပေမယ့် ကျွန်မတို့ အဓိက ဦးတည်စဉ်းစားရသူက အဆောက်အအုံကို အသုံးပြုတဲ့သူများပါ။

တော်တော်များများက safety ဆိုရင် အဆောက်အအုံပြိုကျတာကိုပဲ ယူဆတယ်။ တကယ်တော့ ကျွန်မတို့က အဆောက်အအုံမှာ ဘေးအန္တရာယ်ဖြစ်လာလို့ရှိရင် နေထိုင်တဲ့သူတွေ အန္တရာယ်ကင်းစွာအဆောက်အအုံကနေ အလွယ်တကူ စွန့်ခွာလို့ရရမယ်ပေါ့။ အဲဒါမျိုးတွေ နောက်တစ်ခါ အဆောက်အအုံထဲမှာ သဘာဝ လေဝင်လေထွက်၊ အလင်းရောင်၊ လှေကားတွေ ဆင်းတာတက်တာ၊ နေ့စဉ်ပုံ မှန်သွားနေတဲ့ လမ်းတစ်လျှောက်မှာ လူတွေရဲ့ ခန္ဓာကိုယ်အချိုးအစားနဲ့ သင့်တော်တဲ့ဟာကို ဆောင်ရွက်ပေးထားမှသာလျှင် လူတွေက ကောင်းကောင်းမွန်မွန်နေနိုင်မှာပေါ့နော်။ မဟုတ်ရင် နေ့စဉ်နဲ့အမျှ ရေရှည်မှာ ပြဿနာလေးတွေ ဖြစ်နိုင်တာပေါ့။ ကျန်းမာရေးကို ထိခိုက်နိုင်တယ်။

ဒါတွေမဖြစ်အောင် ဘာတွေ လုပ်ရမလဲဆိုရင် စည်းမျဉ်း စည်းကမ်းတွေ လုပ်ရတယ်။ ကျွန်မတို့ဆီမှာ အရင်တုန်းက စည်းမျဉ်း စည်းကမ်းတွေရှိခဲ့တယ်။ အဲဒီစည်းမျဉ်း စည်းကမ်းတွေက နှစ်ထပ်၊ သုံးထပ်အတွက် ရည်ရွယ်ပြီး ရေးဆွဲထားတဲ့ စည်းမျဉ်း စည်းကမ်းတွေဖြစ်ပါတယ်။ အရမ်းကြီးမားတဲ့ အဆောက်အအုံတွေမရှိခင်က၊ အခုခေတ်လို ကွန်ဒိုအမြင့်တွေ ရှော့ပင်းမောလ်တွေမရှိခင်ကပါ။

အခု တချို့ဆို သဘာဝအလင်းရောင်မရတဲ့ အိပ်ခန်းတွေဆောက်ထားတာတွေ့ရတယ်။ ဒါတွေရဲ့ အကျိုးသက်ရောက်မှုကို နောင်ငါးနှစ်ဆို ဒီလိုပဲ အဆောက်အအုံတွေ ဆက်ဆောက်လုပ်သွားမယ်ဆို ထိခိုက်မှုတွေရှိလာနိုင်တယ်။ အဲဒါမျိုးတွေ ထိန်းသိမ်းနိုင်မယ်ဆို ရေရှည်မှာ မြို့အတွက် ကောင်းမှာပါ။

အခု ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေမူကြမ်း ၂၀၁၇ ဆိုပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရကနေပြီး လွှတ်တော်ကို ပို့တယ်ပြောပါတယ်။ ကျွန်မ ကောင်စီကနေ တက်ခွင့်ရခဲ့တယ်။ ကျွန်မတို့ဘက်ကလည်း ဖြစ်သင့်ဖြစ်ထိုက်တာ အကုန်လုံးကို ပြန်ပို့ထားပါတယ်။ ဒါပေမယ့် အဲဒီမူကြမ်းက တော်တော်လေးကို အားနည်းတာတွေရှိတယ်လို့ မြင်မိတယ်။ ကျွန်မတို့အနေနဲ့ ရန်ကုန်မြို့ပြကို ပိုပြီးတော့ လုံခြုံစိတ်ချရတဲ့ မြို့၊ ပျော်ပျော်ရွှင်ရွှင်နဲ့ နေနိုင်တဲ့မြို့ ဖြစ်စေချင်တယ်။ ဒါကတော့ ဗိသုကာ တစ်ယောက်အနေနဲ့ပေါ့။ မြို့တစ်မြို့ကို စီမံခန့်ခွဲနိုင်ဖို့ဆိုတာ မြို့ပြရဲ့ စီမံခန့်ခွဲမှုပုံစံတွေလည်း သိရမယ်။ ဥပဒေကို နားလည်ပြီးတော့ ဥပဒေကလည်း စီးပွားရေးနဲ့ လူနေမှုပုံစံတွေ အလွယ်တကူ လုပ်လို့ရအောင်၊ နောက်တစ်ခုက ထိန်းချုပ်လို့ရအောင် အဲဒီဘက်ကို ဖောင်းပေးတဲ့ပုံစံမျိုး ဖြစ်စေချင်ပါတယ်။ အခု လောလောဆယ်တော့ အဲဒီဥပဒေမူကြမ်းကို အားမရပါဘူး။ ပြီးတော့ အဲဒီဥပဒေမူကြမ်းကို အများပြည်သူကိုလည်း တင်ပြပြီး သိခွင့်ပေးစေချင်ပါတယ်။ ဥပဒေဆိုတာက ပြည်သူလူထုကို အကာအကွယ်ပေးရေး၊ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့ ဘဝအနေအထား မြင့်မားရေးတို့အတွက် ပြဋ္ဌာန်းရတာလို့ မြင်ပါတယ်။ ။

ရခိုင်ပြည်နယ်သတင်း

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မာန်အောင် ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် မာန်အောင်မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားပြီး မာန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များကို အသေးစိတ်ရှင်းလင်းတင်ပြကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ပညာရေးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်ပညာရေး၊ ပြည်နယ်စည်ပင်သာယာရေး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက လိုအပ်သည်များကို ရှင်းလင်းဖြေကြား ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားရေးအတွက် အထက(သစ်ပုံရွာ) ကျောင်း၌ ပညာရပ်ဆိုင်ရာကိစ္စရပ်များကို ပညာရေးမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ မိဘများနှင့် တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် မာန်အောင်မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သစ်ပုံအုပ်စု ကြက်ရိုးကျေးရွာ ကျွန်းပတ်လမ်းပေါ်ရှိ မိုင်တိုင် ၉/၄-၆ ကြား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ စမုံတဲလေယာဉ်ကွင်း တိုးချဲ့မြေနေရာဆောင်ရွက်မှု၊ မာန်အောင်မြို့ပေါ်ရှိ ရုံးတက်လမ်းကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

○ **မောင်တောမှ**

အနောက်ရွာ၊ သက်ရွာနဲ့ မင်္ဂလာညွန့်ကျေးရွာတွေဖြစ်ပါတယ်၊ ကျွန်တော်တို့အဖွဲ့အနေနဲ့ ပထမတစ်ရက်မှာ ထောက်ပံ့ပစ္စည်းပေးမယ့် ကျေးရွာတွေမှာ ကျေးရွာတစ်ရွာချင်းစီအလိုက် မိသားစုအိမ်ထောင်စုစာရင်းတွေ ကောက်ယူပါတယ်၊ နောက်နေ့မှာတော့ ပစ္စည်းတွေကို ကားနဲ့သယ်လာပြီး ကောက်ယူထားတဲ့ စာရင်းအတိုင်း ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်”ဟု နေပြည်တော်မှ UEHRD လူငယ် ကိုရဲရင့်အောင်က ပြောသည်။

အဆိုပါထောက်ပံ့ပေးမှုတွင် Full Unit နှင့် Half Unit ဟူ၍ နှစ်မျိုးသတ်မှတ်ထားကြောင်း၊ လူတစ်ဦးမှ သုံးဦးရှိသော အိမ်ထောင်စုကို Half Unit သတ်မှတ်ထားပြီး Full Unit အတွက် ဆန်တစ်အိတ်နှင့် ရှစ်ပြည်၊ ဆီ လေးဘူး၊ ဆား ၅၀ သား တစ်ထုပ်၊ ပဲ နှစ်ပိဿာ၊ ကြက်သွန် တစ်ပိဿာ၊ အာလူး ခြောက်ပိဿာနှင့် ငါးသေတ္တာ ၁၃ ဘူး ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ Half Unit အတွက် Full Unit ၏ တစ်ဝက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ကျေးရွာလေးရွာမှ အိမ်ထောင်စု ၁၇၀၊ လူဦးရေ ၉၀၀ ကျော်အတွက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

“ဒီမှာ ရောင်းချတဲ့ ကုန်ပစ္စည်းကို ဝယ်စားရင်လည်း ကုန်ဈေးနှုန်းက ကြီးပါတယ်၊ ပြဿနာမဖြစ်ခင်နဲ့ ပြဿနာဖြစ်ပြီးတဲ့နောက်မှာ ကုန်ဈေးနှုန်းက တက်သွားပါတယ်၊ ကျွန်တော်တို့မှာ အသီးအနှံဆိုလည်း စိုက်ဖို့ရာ အချိန်မရ၊ အခုလို မီးဖိုချောင်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း လာရောက်ထောက်ပံ့တဲ့အတွက် ဝမ်းလည်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်” ဟု တမန်းသားကျေးရွာမှ ဒေသခံ ဦးမင်းဆွေက ပြောသည်။

အဆိုပါ လူငယ်များအနေဖြင့် မောင်တောဒေသတွင် ဇန်နဝါရီ ၄ ရက်အထိ နေထိုင်ပြီး ကျေးရွာများသို့ သွားရောက်ကာ ဆက်လက်ကွင်းဆင်း ထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာများ၏ လိုအပ်ချက်များကို စာရင်းကောက်ယူပြီး လိုအပ်ချက်များကို ထောက်ပံ့ကူညီရေး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ ဘူးသီးတောင်မြို့၌လည်း လူငယ်အဖွဲ့တစ်ဖွဲ့ဖြင့် လူသားချင်းစာနာမှုအကူအညီများ ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်း-မြင့်မောင်(ဇေယျာ)၊ ဓာတ်ပုံ-နေဝင်းထွန်း**




ကိုရဲရင့်အောင်



ဦးမင်းဆွေ

---

# မတ်ပဲတစ်တန်ဈေးနှုန်း လေးလခန့်အတွင်း ကျပ်ခြောက်သိန်းအထက်သို့ ပြန်လည်ရောက်ရှိလာ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန်ဈေးနှုန်းသည် ယခုနှစ် ဩဂုတ် ၂၆ ရက်တွင် ခြောက်သိန်းကျပ်နှုန်းရှိရာမှ အောက်တိုဘာ ၁၆ ရက်တွင် ငွေကျပ် ၄၂၅၀၀၀ သို့ ကျဆင်းခဲ့ပြီး လေးလခန့်အကြာ ဒီဇင်ဘာ ၂၃ ရက်တွင် ငွေကျပ် ၆၂၀၀၀၀ နှုန်းသို့ မြင့်တက်လာသည်ဟု ဘုရင့်နောင်ကုန်စည်ဈေးနှုန်းစာရင်းများအရ သိရသည်။ ပဲကုန်သည်တစ်ဦးကမူ ယင်းနေ့တွင် ငွေကျပ် ၆၅၀၀၀၀ နှုန်းအထိ မြင့်တက်ခဲ့သည်ဟု ဆိုသည်။

ယင်းနေ့တွင် ပဲစင်းငုံနီ RC တစ်တန်ဈေးမှာလည်း ငွေကျပ် ၄၃၀၀၀၀ နှုန်းသို့ မြင့်တက်လာသည်။ ယင်းနေ့ ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC ကုန်သေတ္တာအလုံးရေ ၆၅ လုံး၊ ပဲစင်းငုံ ၁၅ လုံး အရောင်းအဝယ်ဖြစ်သည်ဟု သိရသည်။ ဒီဇင်ဘာ ၂၂ ရက်တွင် မတ်ပဲ RC ကုန်သေတ္တာ အလုံးရေ ၁၃၀၊ ဒီဇင်ဘာ ၂၀ ရက်တွင် ၈၀၊ ဒီဇင်ဘာ ၅ ရက်တွင် ၁၂၅ လုံး စသည်ဖြင့် အရောင်းအဝယ်ဖြစ်ခြင်း များလာသည်။ ပဲစင်းငုံမှာမူ အနည်းငယ်စီသာ အရောင်းအဝယ်ဖြစ်သည်ဟု နေ့စဉ်ထုတ်ပြန်သော ပဲဈေးနှုန်းများနှင့် ယှဉ်တွဲဖော်ပြထားခြင်းများမှ သိရသည်။

ပြည်တွင်းပဲဈေးကွက်၏ ဆယ်စုနှစ်တစ်စုအချိန်ကာလအတွင်း မတ်ပဲ RC တစ်တန်ဈေးနှုန်းမှာ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ငွေကျပ် ၃၄၅၀၀၀ နှုန်းဖြင့် အနိမ့်ဆုံးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ငွေကျပ် ၂၄၅၆၀၀၀ သို့ အမြင့်ဆုံးရှိခဲ့သည်။ ယခုနှစ် ဩဂုတ်လအတွင်း မြန်မာပြည်၏ အဓိကပဲဝယ်လက်ဖြစ်သော အိန္ဒိယပြည်၏ ယင်းပြည်တွင်းသို့ ပြည်ပမှ ပဲတင်သွင်းနေခြင်းကို ကန့်သတ်ခြင်း စတင်လုပ်ဆောင်လာသည်။



ယင်းလကုန်ပိုင်းမှစ၍ မြန်မာပြည်တွင်း မတ်ပဲနှင့် ပဲစင်းငုံဈေးများ ကျဆင်းလာသည်။ ရန်ကုန်ပဲဈေးကွက်တွင် ဩဂုတ် ၂၁ ရက်က မတ်ပဲ RC တစ်တန်ဈေးနှုန်း ငွေကျပ် ၈၀၀၀၀၀ ရှိရာမှ ဩဂုတ် ၂၂ ရက်တွင် ပဲအသင်းအစည်းအဝေးပြုလုပ်ပြီး ရန်ကုန်ပဲဈေးကွက်တွင် အရောင်းအဝယ် ခေတ္တရပ်နားခဲ့သည်။ ပြန်လည်အရောင်းအဝယ်ပြုလုပ်သော ဩဂုတ် ၂၆ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၆၀၀၀၀၀ ဈေးဖွင့်ခဲ့သော်လည်း ဩဂုတ် ၂၉ ရက်တွင်မူ ငွေကျပ် ၅၃၇၀၀၀ နှုန်းရှိရာမှ အောက်တိုဘာ ၁၁ ရက်တွင် ငွေကျပ် ၅၀၀၀၀၀ အောက်သို့ စတင်ကျဆင်းလာရာ အောက်တိုဘာ ၁၆ ရက်တွင် ငွေကျပ် ၄၂၅၀၀၀ နှုန်းသို့ ယခုနှစ်အတွင်း အနိမ့်ဆုံးဈေးအဖြစ် ကျဆင်းလာသည်။

ပဲစင်းငုံနီ RC တစ်တန်ဈေးသည် ဩဂုတ် ၂၁ ရက်တွင် ငွေကျပ် ၅၀၅၀၀၀ နှုန်းရှိပြီး ဩဂုတ် ၃၀ ရက်တွင် ငွေကျပ် ၄၂၆၀၀၀ နှုန်းရှိရာမှ အောက်တိုဘာ ၂၅ ရက်တွင် ငွေကျပ် ၃၀၆၀၀၀ နှုန်းသို့ ကျဆင်းရာ ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ၁၀ နှစ်တာကာလ အနိမ့်ဆုံးဈေးအဖြစ် ရှိလာသည်။

ပြည်တွင်းတွင် ကျဆင်းနေသော ပဲဈေးနှုန်း တည်ငြိမ်ရေးနှင့် ပြည်ပသို့ တင်ပို့ရေး အထောက်အကူပြုနိုင်ရန် ပြည်တွင်းပဲလုပ်ငန်းရှင်များက ငွေကျပ်ဘီလီယံ ၅၀ စိုက်ထုတ်မတည်ကာ မတ်ပဲတစ်တန် ငွေကျပ်ငါးသိန်း၊ ပဲစင်းငုံ ငွေကျပ် လေးသိန်းနှုန်းဖြင့် ဝယ်ယူရန်လုပ်ဆောင်ခဲ့သည်။ သို့သော် ရန်ကုန်ပဲဈေးကွက်တွင် ယင်းသို့သော အခြေခံသတ်မှတ်ဈေးထက် လျော့နည်းသောဈေးဖြင့်သာ အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်း အရောင်းအဝယ် ပြုလုပ်နေကြသည်ဟု သိရသည်။

အိန္ဒိယပြည်၏ ပဲတင်သွင်းမှုကန့်သတ်ချက်သည် ၂၀၁၈ ခုနှစ် မတ်လကုန်တွင် သက်တမ်းကုန်မည်ဖြစ်ပြီး အိန္ဒိယပြည်တွင်းသို့ ပြည်ပမှ ပဲတင်သွင်းခြင်းအပေါ် ဖြေလျှော့ခြင်းရှိလာနိုင်သည်ဟု အိန္ဒိယပဲကုန်သည်များက ယူဆကာ မြန်မာပဲများဝယ်ယူရန် ကြိုတင်စာရင်းပေးခြင်းများ ရှိလာသည်ဟု အိန္ဒိယပဲ သတင်းများတွင် မြင်တွေ့လာရပြီး မြန်မာပဲဈေးကွက်တွင် တက်ရိပ်စတင်ပြလာသည်ဟု ပဲရောင်းဝယ်နေသူ ဦးအာချလာက ဆိုသည်။

ဒီဇင်ဘာ ၅ ရက်တွင် မတ်ပဲ RC တစ်တန်သည် အခြေခံသတ်မှတ်ဈေး ငွေကျပ်ငါးသိန်းအထက်သို့ ပြန်လည်ရောက်ရှိလာရာမှ ၁၈ ရက်အကြာတွင် ပဲတစ်တန်လျှင် ငွေကျပ် ၁၃၈၀၀၀ ဈေးမြင့်တက်လာသည်။ ပဲစင်းငုံနီ RC တစ်တန်ဈေးမှာမူ ဒီဇင်ဘာ ၂၂ ရက်တွင် ငွေကျပ် ၄၁၀၀၀၀ နှုန်းဖြင့် အခြေခံသတ်မှတ်ဈေးနှုန်းအထက်သို့ ပြန်လည်ရောက်ရှိလာသည်။ ဒီဇင်ဘာ ၂၃ ရက်တွင် ငွေကျပ် ၄၃၁၀၀၀ နှုန်းသို့ ထပ်မံဈေးမြင့်တက်လာသည်။ ပဲတစ်ဧက စိုက်ပျိုးထုတ်လုပ်မှုကုန်ကျငွေမှာ ငွေကျပ် သုံးသိန်းခန့်ရှိရာ ပဲဈေးနှုန်းသည် ယင်းနှုန်းအောက်သို့ ကျဆင်းလာလျှင် အရန်ဆန်ဝယ်ယူပေးသကဲ့သို့ ငွေကျပ် ၁၅ ဘီလီယံဖြင့် နိုင်ငံတော်မှ ပဲဝယ်ယူပေးမည်ဟု အသိပေးထားရာ ယခုကဲ့သို့ ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်လာသဖြင့် ဝယ်ယူပေးရန်မလိုဘဲ ရှိလာသည်။ မိုးစပါးရိတ်သိမ်းအပြီး မတ်ပဲကိုသာ စိုက်ပျိုးထား၍ ယင်းဈေးနှုန်းသတင်းမှာ သတင်းကောင်းဖြစ်သည်ဟု ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာနေ မတ်ပဲစိုက်သူ ကိုဆန်းက ဆိုသည်။

**မောင်စေအောင်**

# နဘားဘူတာနှင့် အင်းတော်ဘူတာကြားတွင် အစုန်ကုန်ရထား တွဲချော်၍ လေးတွဲတိမ်းမှောက်ပြီး ငါးတွဲဘီးချော်တိမ်းစောင်းမှု ဖြစ်ပွား



**အင်းတော် ဒီဇင်ဘာ ၂၄**
မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်း နဘားဘူတာနှင့် အင်းတော်ဘူတာကြားတွင် ဒီဇင်ဘာ၂၄ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မြစ်ကြီးနားဘက်မှထွက်ခွာလာသော အမှတ်(၉၃၈) အစုန်ကုန်ရထား တွဲချော်၍ ကုန်တင်တွဲ လေးတွဲ တိမ်းမှောက်ကာ ငါးတွဲဘီးချော်တိမ်းစောင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမှမန္တလေးဘက်သို့ မောင်းနှင်လာသည့် အမှတ်(၉၃၈) အစုန်ကုန်ရထားသည် နဘားဘူတာနှင့် အင်းတော်ဘူတာကြားတွင် သကြားအိတ်များ တင်ဆောင်လာသော ကုန်တွဲများနှင့် တွဲ အလွတ်များမှ တွဲလေးတွဲမှာ ရထားလမ်း၏ဘယ်ဘက်သို့ တိမ်းမှောက်ကာ တွဲငါးတွဲမှာ ဘီးချော်ကျပြီး တိမ်းစောင်းမှုဖြစ်ခဲ့သည်။

မီးရထားလမ်းများ အချိန်မီကောင်းမွန်လာနိုင်ရေးနှင့် ရထားများအချိန်မီထွက်ခွာနိုင်ရန် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရထားတွဲမှောက်ရာနေရာသို့ သွားရောက်ပြုပြင်နေကြောင်း သိရသည်။

မြစ်ကြီးနားဘက်မှ ရထားစီးခရီးသည်များနှင့် မန္တလေးဘက်မှ ရထားစီးခရီးသည်များအဆင်ပြေစေရန် နဘားဘူတာနှင့် အင်းတော်ဘူတာတွင် အစုန်/အဆန် ရထားများကို ရထားချိန်းပြောင်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# အရှိန်လွန်ကရိန်းကားက ဆိုင်ကယ်ကိုဝင်တိုက်မိ၍ ဆိုင်ကယ်မှနှစ်ဦးသေဆုံး၊ တစ်ဦးပြင်းထန်ဒဏ်ရာရရှိ

**ညောင်လေးပင် ဒီဇင်ဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကောက်ကွေ့ကျေးရွာအနီးတွင် ဒီဇင်ဘာ ၂၃ ရက် ည ၁၀ နာရီခန့်က အရှိန်လွန်ကရိန်းကားက မျက်နှာချင်းဆိုင်မှလာနေသော ဆိုင်ကယ်အား ဝင်တိုက်မိ၍ဆိုင်ကယ်ပေါ် ပါလာသူနှစ်ဦး သေဆုံးပြီး တစ်ဦးပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ကောက်ကွေ့ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၀၁/၁)နှင့် (၁၀၁/၂) အကြား မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ အောင်ရဲကျော်(၂၅)နှစ် မောင်းနှင်ပြီး နောက်တွင် ချစ်စမ်းမောင် (၂၄)နှစ်နှင့် အာကာမျိုးနိုင်(၂၄)နှစ် တို့လိုက်ပါလာသော ဆိုင်ကယ်အား မျက်နှာချင်းဆိုင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့မောင်းနှင်လာသည့် အဖြူရောင်ကရိန်းယာဉ်က အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောအတွင်း ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူ အောင်ရဲကျော်နှင့် အာကာမျိုးနိုင်တို့ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ချစ်စမ်းမောင်မှာ ဒဏ်ရာများရရှိကာအတွင်းလူနာအဖြစ် ဆေးကုသလျက်ရှိသည်။

သို့ပါ၍ ညောင်လေးပင်မြို့မရဲစခန်းက ကရိန်းယာဉ်မောင်း မြင့်အောင်ကို အရေးယူထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# အမြန်လမ်းတွင် CANTER ယာဉ်က KLUGERယာဉ်အား ဝင်ရောက်တိုက်မိခဲ့ရာမှ လူအများထိခိုက်ဒဏ်ရာရ

**မြို့ချောင်း ဒီဇင်ဘာ ၂၄**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင်တွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီခွဲခန့်က ယာဉ်နှစ်စီးတိုက်မိရာမှ လူများထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်းသတင်းအရ မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက သွားရောက်စစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် (၉၂/၀)နှင့် (၉၂/၁)အကြားတွင် ရန်ကုန်ဘက်မှနေပြည်တော်သို့ ယာဉ်မောင်းမင်းမင်း(စုံစမ်းဆဲ) လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 2p/----- CANTER အဖြူရောင်ယာဉ်မှာ မောင်းနှင်လာစဉ်အရှိန်မထိန်းနိုင်ဘဲ ရှေ့မှမောင်းနှင်းနေသော KLUGER အနက်ရောင်ယာဉ်၏ နောက်ပိုင်းအား ဝင်ရောက်တိုက်မိခဲ့ရာ CANTERယာဉ်မှာ လမ်းမပေါ်၌ ရပ်တန့်ကာ KLUGERယာဉ်မှာ မြေသားလမ်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့ပြီး ယာဉ်မတော်တဆမှုကြောင့် KLUGERယာဉ်ပေါ်ပါရှိသူများအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် CANTERယာဉ်ပေါ်ပါရှိသူ အမျိုးသားနှစ်ဦးတို့မှာ ထိခိုက်ပြင်းထန်ဒဏ်ရာများရရှိကာ မြို့ချောင်းတိုက်နယ်ဆေးရုံသို့ တင်ပို့ဆေးကုသထားရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ CANTER ယာဉ်မောင်း မင်းမင်း(စုံစမ်းဆဲ) အား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းမနိုင်(စစ်တောင်း)**

# ကော့ကရိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**
ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ကော့ကရိတ်မြို့နယ် လှိုင်ဝ စစ်ဆေးရေးစခန်းတွင် နေလင်းထိုက်(ခ)လင်းလင်း မောင်းနှင်ပြီး ကေခိုင်ဝင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၉၈ ပြား သိမ်းဆည်းရမိခဲ့သဖြင့် နေလင်းထိုက်(ခ) လင်းလင်း(၄၀)နှစ်နှင့် မကေခိုင်ဝင်း(၃၉)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နေလင်းထိုက်(ခ)လင်းလင်းနှင့် ကေခိုင်ဝင်းတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြဝတီမြို့နယ်တွင် ရုပ်တော်မှုဘုရား ပြိုကျမှုဖြစ်ပွားကာ လူလေးဦးဒဏ်ရာရရှိ

**မြဝတီ ဒီဇင်ဘာ ၂၄**
မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာအုပ်စု ညောင်နန်းသာကျေးရွာတွင် လွန်ခဲ့သည့်နှစ်လခန့်က တည်ထားခဲ့သော ညာဏ်တော် ၃၉ ပေအမြင့်ရှိ "အနိုင်းမဲ့ရှင်" ရုပ်တော်မှုရုပ်ပွားတော်အား အချောထည်ပြီးစီး၍ ငြမ်းဖျက်စဉ် အောက်ခြေမခိုင်၍ဒီဇင်ဘာ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၄၀ က အရှေ့မြောက်အရပ်သို့ ဘေးတိုက်လဲကျခဲ့ကြောင်း သိရသည်။

ထိုသို့လဲပြိုကျမှုကြောင့် ပန်းရန်ဆရာ ကျော်ဇင်ဦး(၃၅)နှစ်၊ ကျော်ထက်ဝေ (၂၄) နှစ်၊ ဦးဝင်းထိုက် (၃၅)နှစ်နှင့် ဦးဇော်ထွန်း(၄၄)နှစ်တို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြပြီး ဝေ့ရှမ်းလူမှု ကယ်ဆယ်ရေးအဖွဲ့က အဆိုပါဒဏ်ရာရလူနာလေးဦးအား မြဝတီဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ၎င်းဒဏ်ရာရလူနာလေးဦးတွင် ဦးဝင်းထိုက်နှင့်ကျော်ထက်ဝေတို့နှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ထွန်စက်ထွန်အသွားနှင့် ရထားစက်ခေါင်း ပွတ်တိုက်ရာ စက်ခေါင်းနှင့် လူစီးတွဲ သုံးတွဲ သံလမ်းပေါ်မှချော်ကျ

**မုံရွာ ဒီဇင်ဘာ ၂၄**
ထွန်စက် ထွန်အသွားနှင့် ရထားစက်ခေါင်းတို့ ပွတ်တိုက်မိရာ ထွန်စက်မှာလည်ထွက်သွားပြီး ရထားစက်ခေါင်းနှင့် လူစီးတွဲသုံးတွဲသံလမ်းပေါ်မှ ချော်ကျမှု ဒီဇင်ဘာ၂၃ ရက် နံနက် ၈ နာရီကျော်က ကလေးမြို့နယ် မှန်တောကျေးရွာအနီး ကလေး-ဂန့်ဂေါရထားလမ်း၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မှန်တောဘူတာမှထွက်ခွာလာသော အမှတ်(၁၄၀)အစုန်ရထားသည် ကလေးမြို့နယ် မှန်တောကျေးရွာအနီး ကလေး-ဂန့်ဂေါရထားလမ်းတွင် ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာနေ သူနိုင်စိုး(ခ)ဖြိုးဖြိုးဝေ မောင်းနှင်ပြီး ဖြိုးကိုဦးလိုက်ပါလာသော အနီရောင်ထွန်စက်သည် ယာမြေတွင် ထွန်ယက်နေရာမှ ရထားသံလမ်းဘေးအနီးအရောက်တွင် အရှိန်ဖြင့်ကွေ့လိုက်စဉ် ထွန်အသွားနှင့်ရထားစက်ခေါင်း၏ယာဘက်ခြမ်းတို့ ပွတ်တိုက်မိရာ ထွန်စက်မှာလည်ထွက်သွားပြီး ရထားစက်ခေါင်းနှင့်လူစီးတွဲ သုံးတွဲမှာ သံလမ်းပေါ်မှချော်ကျသွားခဲ့ကြောင်း သိရသည်။

ထွန်စက်ပေါ်လိုက်ပါလာသော ဖြိုးကိုဦးတွင် ဒဏ်ရာရရှိခဲ့ပြီး ရထားမောင်းနှင်နေစဉ် ထွန်စက်မဆင်မခြင်ပေါ့ဆစွာမောင်းသူ သူနိုင်စိုး(ခ)ဖြိုးဖြိုးဝေကို မြောက်စည်းနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပဲခူးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**
ဒီဇင်ဘာ ၂၄ ရက် နံနက် ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့ ဥသ္သာမြို့သစ် ရပ်ကွက်ကြီး(၈) ရန်ကုန်-ပဲခူးကားလမ်း မြို့ရှောင်လမ်းအနီးတွင် စိုးကိုကိုနိုင်(ခ)ကြက်ဖအားရှာဖွေရာ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ သိမ်းဆည်းရမိခဲ့သဖြင့် စိုးကိုကိုနိုင်(ခ) ကြက်ဖ(၂၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ကြီးတံခွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**
မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် ကနောင်မင်းသားကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြား၊ (၆၇) လမ်း၌ ခိုင်သန့်(ခ)ချစ်သူနှင့် မျိုးမြင့်အောင်(ခ)ဖိုးတွဲ တို့မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှစ်စီးကိုရှာဖွေရာ ခိုင်သန့်၏မော်တော်ဆိုင်ကယ်ဘေးကာဗာနှစ်ဖက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ခိုင်သန့်(ခ)ချစ်သူ (၂၇) နှစ်နှင့် မျိုးမြင့်အောင်(ခ)ဖိုးတွဲ(၃၆)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၁၉၈၂ နောက်ပိုင်း လိဂ်သွင်းဂိုး ၁၀၀ သွင်းယူနိုင်သည့် ပထမဆုံးအသင်း မန်စီးတီးအသင်း ဖြစ်လာ

မန်စီးတီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် ၁၉ တွင် မန်စီးတီးအသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ယင်းနိုင်ပွဲနှင့်အတူ မန်စီးတီးအသင်းသည်လည်း ၁၉၈၂ ခုနှစ်နောက်ပိုင်း လိဂ်သွင်းဂိုး ၁၀၀ အထိသွင်းယူနိုင်ခဲ့သည့် ပထမဆုံးအသင်းဖြစ်လာခဲ့သည်။

တစ်နှစ်တာကာလအတွင်း ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ နှင့်အထက်သွင်းယူနိုင်သည့် ပရီမီယာလိဂ်အသင်းများအနက် လီဗာပူးအသင်းသည် တစ်သင်းအပါအဝင်ဖြစ်ပြီး ၁၉၈၂ ခုနှစ်က ပရီမီယာလိဂ်သွင်းဂိုး ၁၀၆ ဂိုးအထိသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူး အဂူရို၏ သွင်းဂိုးနှစ်ဂိုး၊ စတာလင်နှင့် ဒန်နီလိုတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အဂူရို၏ သွင်းဂိုးသည် မန်စီးတီးအသင်းအတွက် တစ်နှစ်တာကာလအတွင်း ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့်သည့်သွင်းဂိုးလည်းဖြစ်သည်။

တိုက်စစ်မှူးအဂူရိုသည် ယခုပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် မန်စီးတီးအသင်းနှင့်အတူ သွင်းယူနိုင်ခဲ့သည့် ၁၈၃ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့်မှတ်တမ်းတစ်ရပ်လည်း စိုက်ထူနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ၁၇ ပွဲဆက်တိုက်ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီး ဘုန်းမောက်အသင်းအတွက်မူ ခုနစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးမှုကို ဖြစ်ပေါ်စေခဲ့သည်။




# မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်သမိုင်းမှာ အကောင်းဆုံးအသင်းမဟုတ်ဟု ဂယ်ရီနဗီးလ်ပြောကြား

နည်းပြဂွာဒီယိုလာ၏ မန်စီးတီးအသင်းသည် အခုနှစ်ဘောလုံးရာသီ၌အကောင်းဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိနေသော်လည်း ပရီမီယာလိဂ်သမိုင်းတွင်မူ အကောင်းဆုံးအသင်းမဟုတ်ကြောင်းနှင့် ဆာအဲလက်ဖာဂူဆန်တည်ဆောက်ခဲ့သည့် မန်ယူအသင်း၏ အောင်မြင်မှုကိုမူ ယှဉ်ပြိုင်နိုင်စွမ်းမရှိသေးကြောင်း မန်ယူကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဂယ်ရီနဗီးလ်က ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၁၉ အပြီးတွင် ၁၇ ပွဲအထိနိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယားတွင်လည်း ဒုတိယနေရာက မန်ယူအသင်းကို ၁၃ မှတ်အထိဖြတ်ကာ ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။

သို့ရာတွင် မန်စီးတီးအသင်းသည် ပရီမီယာလိဂ်သမိုင်းတွင် အကောင်းဆုံးအသင်းဟု လူအချို့က ပြောနေကြသော်လည်း ဂယ်ရီနဗီးလ်ကမူ မန်စီးတီးမှာ သမိုင်းတွင် အကောင်းဆုံးအသင်းအဖြစ် သတ်မှတ်လို့မရသေးကြောင်းနှင့် အကောင်းဆုံးအသင်းအဖြစ် ကာလကြာရှည်ခရီးဆက်နိုင်မှသာ သမိုင်းတစ်လျှောက် အကောင်းဆုံးအသင်းအဖြစ် မှတ်ယူနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"သမိုင်းတစ်လျှောက် အကောင်းဆုံးအသင်းလို့ ခံယူချင်ရင်တော့ ပြည်တွင်းဖလားနှစ်လုံး ဒါမှမဟုတ် သုံးလုံးအထိရယူနိုင်မှ အကောင်းဆုံးအသင်းလို့ ဆိုနိုင်မယ်။ ဒီရာသီမှာ ဆုဖလားရထားပေမယ့် နောက်ရာသီမှာ ဆုဖလားလက်မဲ့ဖြစ်နေမယ်ဆိုရင် အကောင်းဆုံးအသင်းလို့ သတ်မှတ်ဖို့ခက်ပါတယ်။ နည်းပြမော်ရင်ဟို ချယ်လ်ဆီးကို ကိုင်တွယ်ခဲ့တဲ့ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၆ အထိ ချယ်လ်ဆီးအသင်းဟာ အကောင်းဆုံးအသင်းအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ဘာလို့လဲဆိုရင် ဆုဖလားကိုနှစ်လုံးအထိရယူနိုင်ခဲ့လို့ပါ။ ဂွာဒီယိုလာကိုင်တွယ်ခဲ့တဲ့ ဘာစီလိုနာအသင်းကလည်း အကောင်းဆုံးအသင်းပါ။ ဒါပေမယ့် အကောင်းဆုံးအသင်းတွေကို ကိုင်တွယ်ခဲ့တဲ့ နည်းပြဖြစ်တာကြောင့် မန်စီးတီးအသင်းကို အကောင်းဆုံးလို့ ဂွာဒီယိုလာအနေနဲ့ ပြောခဲ့မယ်ဆိုရင်တော့ ကျွန်တော်ကတော့ အဲလိုမထင်ပါဘူး"ဟု ဂယ်ရီနဗီးလ်က ဆိုသည်။




# ဘန်လေနှင့် ပွဲစဉ်တွင် သုံးဂိုးသွင်းသည့် ဟယ်ရီကိန်း ပရီမီယာလိဂ်ဂိုးသွင်းအများဆုံးကစားသမား ဖြစ်လာ

စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘန်လေအသင်းနှင့် ပွဲစဉ်တွင် စပါးအသင်းအတွက် သွင်းဂိုးသုံးဂိုးအထိသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်တွင် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာခဲ့သည်။ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပရီမီယာလိဂ်ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလက်နှင့်အတူ သွင်းဂိုး ၁၅ ဂိုးစီသွင်းယူထားပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပရီမီယာလိဂ်သမိုင်းတစ်လျှောက် တစ်နှစ်အတွင်း ဂိုးအများဆုံးသွင်းထားသည့် ကစားသမားစာရင်းတွင်လည်း တိုက်စစ်မှူး အလန်ရှီးယား ဘလက်ဘန်းအသင်းတွင် ကစားခဲ့စဉ်က သွင်းယူခဲ့သည့် သွင်းဂိုး ၃၆ ဂိုးနှင့် တူညီသွားခဲ့ပြီဖြစ်သည်။

တစ်နှစ်အတွင်း ဂိုးသွင်းအများဆုံးကစားသမားစာရင်းကို ကြည့်မည်ဆိုပါက ၁၉၉၆ မှာ အလန်ရှီးယားက ဘလက်ဘန်းအသင်းနှင့်အတူ သွင်းဂိုး ၃၆ ဂိုး၊ ယခုဟယ်ရီကိန်းက စပါးအသင်းနှင့် အတူ သွင်းဂိုး ၃၆ ဂိုး၊ ၂၀၁၁ မှာ ဗန်ပါစီက အာဆင်နယ်အသင်းနှင့်အတူ သွင်းဂိုး ၃၅ ဂိုး၊ ၂၀၀၄ မှာ တယ်ရီဟင်နရီက အာဆင်နယ်အသင်းနှင့်အတူ သွင်းဂိုး ၃၄ ဂိုး စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။

လက်ရှိတွင် စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် အလန်ရှီးယား၏ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်နိုင်မည့်အခွင့်အရေးရှိနေပြီး ဒီဇင်ဘာ ၂၆ ရက်တွင် စပါးအသင်းယှဉ်ပြိုင်ကစားရမည့် ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် ဂိုးသွင်းနိုင်မည်လား စောင့်ကြည့်ရဦးမည်ဖြစ်သည်။

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် ဥရောပ၏ ထိပ်တန်းလိဂ်ငါးလိဂ်တွင် ဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရပ်တည်နိုင်မည့်အလားအလာများလည်းရှိနေသည်။လက်ရှိတွင် ပြိုင်ပွဲအရပ်ရပ်၌ ၂၀ ဂိုးသွင်းယူထားသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ၂၀၁၇ ခုနှစ်အတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် သွင်းဂိုး ၅၃ ဂိုးအထိသွင်းယူပေးထားနိုင်သူဖြစ်ပြီး ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီ၊ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီး၊ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီတို့နှင့်အတူ ဂိုးသွင်းစံချိန်တင်ထားနိုင်ခဲ့သည်။

ငွေကြယ် - ရေးသားသည်






# ဘာကလေနှင့် လုခ်ရှောကို ခေါ်ယူရန် စပါးစိတ်ဝင်စားနေ

စပါးအသင်းနည်းပြ ပိုချက်တီနိုသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အဲဗာတန်ကွင်းလယ်ကစားသမား ဘာကလေနှင့် မန်ယူနောက်တန်းကစားသမား လုခ်ရှောတို့ကို ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

နည်းပြပိုချက်တီနိုသည် လာမည့်တစ်ပတ်အတွင်း စတင်တော့မည့် အပြောင်းအရွှေ့ဈေးကွက်တွင် အဆိုပါကစားသမားနှစ်ဦးကို ခေါ်ယူလိုသည်မှာ ပရီမီယာလိဂ်တွင် အဆင့်(၄)အတွင်း ဝင်ရန်အတွက် အဓိကပစ်မှတ်ထားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဘာကလေသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဘာကလေအား ခေါ်ယူရန်အတွက် စပါးအသင်းအနေဖြင့် ချယ်လ်ဆီးအသင်းနှင့် အပြိုင်ကြိုးပမ်းရဖွယ်ရှိနေသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဘာကလေသည် အဲဗာတန်အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိနေခြင်းကြောင့် အာဆင်နယ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ကလည်း စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

မန်ယူဘယ်နောက်ခံကစားသမား လုခ်ရှောသည်လည်း နည်းပြပိုချက်တီနိုခေါ်ယူမည့် ဒုတိယပစ်မှတ်ဖြစ်ပြီး မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန်အတွက် ရုန်းကန်နေရသူဖြစ်သည်။ လုခ်ရှောသည် ၂၀၁၄ ခုနှစ်အတွင်းက ဆောက်သမ်တန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားလျက်ရှိသည်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ဖူဟမ်ကစားသမား ရိုင်ယန်ဆက်ဆက်နန်အား ခေါ်ယူရန်ဆန္ဒရှိနေပြီး ယင်းကစားသမားကို ခေါ်ယူမှုနှင့် စပ်လျဉ်း၍ ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်တင်းရန် နောက်တန်းကစားသမား လုခ်ရှောအား ရောင်းချရန်ရှိနေသည်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ခခ) အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာအထွေထွေ ဖော်ပြချက်များ၊
(ဂဂ) အစည်းအဝေးသည် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး၊ ဥပဒေအရ လိုက်နာကျင်းပရသည့် အစည်းအဝေး သို့မဟုတ် အထူးကျင်းပသည့် အထွေထွေ အစည်းအဝေးတစ်ရပ်ရပ်ဖြစ်ကြောင်း ဖော်ပြချက်များ၊
(ဃဃ) ကုမ္ပဏီတွင်ပါဝင်သူများကအဆိုပြုသည့် ဆုံးဖြတ်ချက်များ သို့မဟုတ် အထူးဆုံးဖြတ်ချက်များ ပါရှိခြင်း သို့မဟုတ် မပါရှိခြင်းဆိုသောအချက်များ အပါအဝင် လိုအပ်သောရှင်းလင်းတင်ပြချက်များနှင့်တကွ အစည်းအဝေးတွင် အဆိုပြုမည့် ဆုံးဖြတ်ချက်များ၊
(ငင) ကိုယ်စားလှယ်များ သို့မဟုတ် ကုမ္ပဏီကိုယ်စားပြု ပုဂ္ဂိုလ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် လမ်းညွှန်ချက်များ၊ ယင်းတို့တွင် အဆိုပါ ခန့်အပ်မှုများအတွက် အကြောင်းကြားစာများ လက်ခံရရှိနိုင်သည့်အချိန်၊ အဆိုပါခန့်အပ်မှုများအား ပေးပို့ရမည့် နည်းလမ်းများပါဝင်ရမည်၊ ၎င်းအပြင်
(စစ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ၊ ဤဥပဒေတွင်ဖြစ်စေ သတ်မှတ်ဖော်ပြထားသော လိုအပ်သည့် အခြားအချက်အလက်များ။

(၄) ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းဖော်ပြ ပါရှိသော အစုရှယ်ယာပိုင်ရှင်တစ်ဦးဦးသည် တူညီသော အစုရှယ်ယာအမျိုးအစားကို ပိုင်ဆိုင်ကြသော အခြားအစုရှယ်ယာရှင်များကဲ့သို့ တူညီသည့်အခွင့်အရေးများ ရရှိခံစားနိုင်ပြီး တူညီသော တာဝန်ရှိမှုများနှင့်လည်း သက်ဆိုင်စေရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏အစည်းအဝေးများ၌ မဲပေးခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အကျိုးသက်ရောက်စေရမည်-

(၁) အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်နှင့်အတူ ဆက်စပ်ပါရှိသော အခွင့်အရေးများ သို့မဟုတ် ကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီ၏အစည်းအဝေး၌ -
(ကက) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက လက်ပြ၍ ဆန္ဒမဲတစ်မဲပေးခွင့်ရှိသည်။
( ခခ ) ဆန္ဒမဲပေးရာတွင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီသည် ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာတစ်ခုစီအတွက် ဆန္ဒမဲတစ်မဲ ပေးခွင့်ရှိသည်။
(ဂဂ) အစုရှယ်ယာတစ်ခုအား ပူးတွဲပိုင်ဆိုင်ကြလျှင် အမည်စာရင်းတင်သွင်းထားသော အစုရှယ်ယာပိုင်သူများအနက်မှတစ်ဦးက မဲပေးခွင့်ရှိသည်။ ၎င်းအပြင်
(ဃဃ) ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲတစ်မဲ ပေးခွင့်ရှိသည်၊

(၂) မဲပေးနိုင်သည့် အခွင့်အရေးတစ်စုံတစ်ရာအပေါ် ဆန့်ကျင်တင်ပြလိုလျှင် အစည်းအဝေး၌သာ ပြုလုပ်နိုင်ပြီး ယင်းနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ၏အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်စေရမည်။

(၃) အစည်းအဝေးတွင် မဲခွဲဆောင်ရွက်ရန် တင်ပြသည့်ဆုံးဖြတ်ချက်ကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်းမရှိလျှင် လက်ပြ၍ ဆန္ဒပြုခြင်းဖြင့် ဆုံးဖြတ်ရမည်။

(၄) ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးရန် အောက်ပါပုဂ္ဂိုလ်များက တောင်းဆိုဆောင်ရွက်နိုင်သည် -
(ကက) ဥက္ကဋ္ဌ သို့မဟုတ်
(ခခ) ကုမ္ပဏီတွင်ပါဝင်သူများမှ အနည်းဆုံး ငါးဦး သို့မဟုတ်
(ဂဂ) ဆန္ဒမဲပေးရာတွင် အဆုံးအဖြတ်ပေးနိုင်သည့် မဲအရေအတွက် အနည်းဆုံး ၁၀ ရာခိုင်နှုန်းကို ရရှိထားသည့် ကုမ္ပဏီတွင်ပါဝင်သူများ။

(၅) လက်ပြ၍ ဆန္ဒမဲပေးခြင်း မပြုမီအချိန်တွင်သော် လည်းကောင်း၊ လက်ပြ၍ ဆန္ဒမဲပေးသည့် ရလဒ်များကိုကြေညာခြင်းမပြုမီ သို့မဟုတ် ကြေညာပြီးနောက် ချက်ချင်းအချိန်တွင် လည်းကောင်း ဆန္ဒမဲပေးခြင်းကိုပြုလုပ်ရန်တောင်းဆိုနိုင်သည်။

(၆) ဆန္ဒမဲပေးခြင်းကို ဥက္ကဋ္ဌက ညွှန်ကြားသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။

(၇) လက်ပြ၍ဖြစ်စေ၊ ဆန္ဒမဲဖြင့်ဖြစ်စေ ဆန္ဒမဲပေးခြင်းမပြုလုပ်မီ အချိန်တွင် ဥက္ကဋ္ဌသည် လက်ခံရရှိထားသောကိုယ်စားလှယ်ဖြင့် ပေးသည့် မဲများနှင့် အဆိုပါမဲများကို မည်သို့အဆုံးအဖြတ်ပြုစေမည်ဆိုသည်ကို အစည်းအဝေးသို့ အသိပေးပြောကြားရမည်။ ၎င်းအပြင်

(၈) လက်ပြ၍ဆန္ဒမဲပေးရာတွင် ဥက္ကဋ္ဌ၏ကြေညာချက်သည် အဆုံးအဖြတ်ရလဒ်အတွက် ပြည့်စုံခိုင်လုံသော သက်သေခံချက်ဖြစ်စေရမည်။ သို့ရာတွင် အဆိုပါကြေညာချက်သည် လက်ပြ၍ဆန္ဒပြုမှုများနှင့် လက်ခံရရှိထားသော ကိုယ်စားလှယ်များ၏ ဆန္ဒပြုမှုများကို အခြေခံရမည်။

(ဂ) ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ရပ်ကို ခေါ်ယူကျင်းပနိုင်မည့် နည်းလမ်းတစ်ရပ်ရပ်အရ အစည်းအဝေးအား ခေါ်ယူကျင်းပရန်အတွက်ဖြစ်စေ၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရသတ်မှတ်ထားသည့် နည်းလမ်းဖြင့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပရန်အတွက်ဖြစ်စေ အကြောင်းတစ်စုံတစ်ရာကြောင့် မပြုလုပ်နိုင်ခဲ့လျှင် တရားရုံးသည် ကိုယ်တိုင်အရေးယူဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ အစည်းအဝေးတွင် မဲပေးခွင့်ရရှိသော ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရဖြစ်စေ ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို တရားရုံးမှ သင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် ခေါ်ယူကျင်းပစေရန် အမိန့်ချမှတ်နိုင်သည်။ အဆိုပါအမိန့်တစ်ရပ်ကို ချမှတ်သည့်အခါ တရားရုံးသည် လိုအပ်မည်ထင်သော အထောက်အပံ့ဖြစ်စေမည့် ညွှန်ကြားချက်များကို ချမှတ်နိုင်သည်။ ဖော်ပြပါ အမိန့်တစ်ရပ်ရပ်နှင့်အညီ ခေါ်ယူကျင်းပသည့် အစည်းအဝေးတစ်ရပ်ရပ်ကို ကုမ္ပဏီ၏ နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးတစ်ရပ်အဖြစ် မှတ်ယူရမည်။

### ကုမ္ပဏီများ၏အစည်းအဝေးများသို့ တက်ရောက်ရန် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များ ခန့်ထားခြင်း

၁၅၃။(က) အခြားကုမ္ပဏီတစ်ခု၏ အဖွဲ့ဝင်ဖြစ်သော ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် ယင်း၏အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ဖော်ပြပါ အခြားကုမ္ပဏီ၏ အစည်းအဝေးတစ်ရပ်ရပ်၌ ယင်း၏ကိုယ်စားပြုပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်စေရန်နှင့် မဲပေးရန်အတွက် ယင်း၏အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်စေရန် အပ်နှင်းနိုင်သည်။ ထိုသို့ အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အခြားကုမ္ပဏီ၏ အစည်းအဝေး၌လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌လည်းကောင်း ၎င်းအား အခွင့်အာဏာအပ်နှင်းသည့် ကုမ္ပဏီက ကျင့်သုံးဆောင်ရွက်သကဲ့သို့ ယင်းကုမ္ပဏီ၏ကိုယ်စား အလားတူ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ခ) ကုမ္ပဏီသည် ပုဒ်မခွဲ (က) အရ တစ်ဦးထက်ပိုသော ကုမ္ပဏီကိုယ်စားပြု ပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ သို့ရာတွင် ဖော်ပြပါ အခွင့်အာဏာများကို တစ်ကြိမ်တွင် ကိုယ်စားပြု ပုဂ္ဂိုလ်တစ်ဦးကသာလျှင် ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ခန့်အပ်ထားသော ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်အား ကုမ္ပဏီ၏ အစည်းအဝေးသို့ တက်ရောက်စေခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီသည် ယင်းကိုယ်စားပြုပုဂ္ဂိုလ်အား တရားဝင်ခန့်ထားခြင်းနှင့်သက်ဆိုင်သော အထောက်အထားများကို ကြည့်ရှုရန်အတွက် တောင်းဆိုနိုင်သည်။ ထို့အပြင် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များ ခန့်အပ်ခြင်းအတွက် ပုံစံတစ်ခုကို ကုမ္ပဏီဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်နိုင်သည်။

### ကုမ္ပဏီများ၏အစည်းအဝေးများသို့ တက်ရောက်ရန် ကိုယ်စားလှယ်များအား ခန့်ထားခြင်း

၁၅၄။(က) ကုမ္ပဏီ၏ အစည်းအဝေးသို့တက်ရောက်၍ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ဤပုဒ်မပါပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ၎င်းကိုယ်စား အစည်းအဝေးသို့ တက်ရောက်စေရန်နှင့် မဲပေးရန်အတွက် ယင်း၏ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်စေရန် ကိုယ်စားလှယ်တစ်ဦးဦးကို ခန့်ထားနိုင်သည်။

(ခ) ကိုယ်စားလှယ်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ရန်မလို။ ၎င်းသည် ကုမ္ပဏီ၏ အစည်းအဝေး၌လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌လည်းကောင်း ၎င်းအားခန့်အပ်သည့် ကုမ္ပဏီတွင်ပါဝင်သူက ကျင့်သုံးဆောင်ရွက်သကဲ့သို့ ၎င်းကိုယ်စား အလားတူ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးက ကိုယ်စားလှယ်တစ်ဦးကို ခန့်ထားရာတွင် အသုံးပြုမည့် လျှောက်လွှာပုံစံကို ယင်းကုမ္ပဏီကဒါရိုက်တာများ၏ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားနိုင်ပြီး ထိုသို့သတ်မှတ်ထားသည့်လျှောက်လွှာပုံစံရှိခဲ့လျှင် ၎င်းအားကုမ္ပဏီတွင် ပါဝင်သူများအားလုံးထံသို့ ပေးပို့ရမည်။ ကုမ္ပဏီသည် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်သူများ၏ စာရင်းတစ်ခုကို ထိုလျှောက်လွှာပုံစံနှင့်အတူ ထည့်သွင်းဖော်ပြနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှောက်လွှာပုံစံတစ်ခုကို သတ်မှတ်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ကိုယ်စားလှယ်ခန့်အပ်မှုသည် ခန့်အပ်သူက လက်မှတ်ရေးထိုးပြီး ၎င်းတွင် အောက်ပါ အချက်အလက်များပါဝင်ခဲ့လျှင် တရားဝင်သည် -
(၁) ကုမ္ပဏီတွင်ပါဝင်သူ၏အမည်နှင့် နေရပ်လိပ်စာ၊
(၂) ကုမ္ပဏီ၏အမည်၊
(၃) ကိုယ်စားလှယ်၏အမည်နှင့်
(၄) ကိုယ်စားလှယ်မှ တက်ရောက်မည့်အစည်းအဝေးများ။ (အစည်းအဝေးများအားလုံးလည်း ဖြစ်နိုင်သည်။)

(င) ကိုယ်စားလှယ်ခန့်အပ်မှုတစ်ရပ် စတင်အကျိုးသက်ရောက်စေရန်အတွက် ကိုယ်စားလှယ်ခန့်အပ်သည့် စာရွက်စာတမ်းကို သက်ဆိုင်ရာ အစည်းအဝေးမစတင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ ကုမ္ပဏီမှလက်ခံရရှိပြီးဖြစ်ရမည်။ အကြောင်းကိစ္စအသီးသီးတွင် အဆိုပါစာရွက်စာတမ်းများကို ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် အစည်းအဝေးအကြောင်းကြားစာတွင် ကုမ္ပဏီကဖော်ပြထားသည့် အခြားနေရာ၊ လိပ်စာ သို့မဟုတ် နံပါတ်များသို့ ပေးပို့ရမည်။

(စ) ကုမ္ပဏီသည် ကိုယ်စားလှယ်ခန့်အပ်သောကုမ္ပဏီတွင်ပါဝင်သူတစ်ဦးထံမှ စာရွက်စာတမ်း တစ်ခုထက်ပိုမို၍ လက်ခံရရှိခဲ့လျှင် နောက်ဆုံးလက်ခံရရှိခဲ့သော စာရွက်စာတမ်းသည် ယခင်ပေးပို့ခဲ့သောစာရွက်စာတမ်းကို ပြန်လည်ရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

(ဆ) ကိုယ်စားလှယ်ခန့်အပ်သည့် စာရွက်စာတမ်းတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်က မည်သို့ဆန္ဒမဲပေးရမည်ကို သတ်မှတ်ဖော်ပြရမည် သို့မဟုတ် ကိုယ်စားလှယ်၏ ဆုံးဖြတ်ချက်ဖြင့် မဲပေးနိုင်ခွင့်ရှိကြောင်းဖော်ပြနိုင်ပြီး မည်သို့မဲပေးရန် သတ်မှတ်ထားလျှင် ကိုယ်စားလှယ်သည် အဆိုပါသတ်မှတ်ချက်အတိုင်း ဆန္ဒမဲပေးရမည်။

(ဇ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးသည် အကြောင်းတစ်ခုခုကြောင့် ဆုံးဖြတ်ချက်တစ်ခုအတွက် မဲပေးနိုင်ခွင့်မရှိခဲ့လျှင် ထိုသူ၏ ကိုယ်စားလှယ်သည် ၎င်း၏ကိုယ်စားမဲပေးခွင့်မရှိစေရ။

### သာမန်ဆုံးဖြတ်ချက်များ

၁၅၅။ဤဥပဒေတွင်ဖြစ်စေ၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ အထူးဆုံးဖြတ်ချက် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ သတ်မှတ်ထားသောရာခိုင်နှုန်း သို့မဟုတ် အရေအတွက်ဖြင့် အတည်ပြု၍ဆောင်ရွက်ရမည်ဟု အတိအလင်းဖော်ပြထားသည့်ကိစ္စများမှတစ်ပါး ဤဥပဒေအရဖြစ်စေ၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန် လိုအပ်သည့်ကိစ္စရပ်တွင် ထိုကိစ္စရပ်ကို သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဆောင်ရွက်နိုင်သည်။

### အစည်းအဝေးများ ကျင်းပခြင်းမပြုဘဲ စာဖြင့်ရေးသား၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း

၁၅၆။(က) ဒါရိုက်တာတစ်ဦးသာရှိသောကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာများ၏ အစည်းအဝေးများကို ခေါ်ယူကျင်းပရန်မလို/လိုအပ်သော ဆုံးဖြတ်ချက်များကို စာဖြင့် ရေးသားမှတ်တမ်းတင် လက်မှတ်ရေးထိုးပြီးချမှတ်နိုင်သည်။

(ခ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးသာရှိသော ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေးများကိုခေါ်ယူကျင်းပရန်မလို/လိုအပ်သော ဆုံးဖြတ်ချက်များကိုစာဖြင့် ရေးသားမှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ချမှတ်နိုင်သည်။

(ဂ) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မဲပေးခွင့်ရှိသော ဒါရိုက်တာအားလုံးသည် စာရွက်စာတမ်းတွင် ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်းဖော်ပြချက်ပါရှိသော စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် ကုမ္ပဏီတစ်ခုခုသည် ဒါရိုက်တာများ၏ အစည်းအဝေးကို ခေါ်ယူကျင်းပခြင်းမပြုဘဲ ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါစာရွက်စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီး နောက်ဆုံးဒါရိုက်တာတစ်ဦးက လက်မှတ်ရေးထိုးပြီးသည့်အခါတွင် ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဃ) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မဲပေးခွင့်ရှိသောကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် စာရွက်စာတမ်းတွင် ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်း ဖော်ပြချက်ပါရှိသော စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုခုသည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပခြင်းမပြုဘဲ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါစာရွက်စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီး ကုမ္ပဏီတွင် ပါဝင်သူနောက်ဆုံးတစ်ဦးက လက်မှတ်ရေးထိုးပြီးသည့်အခါတွင် ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။

(င) ပုဒ်မခွဲ (ဃ) အရ ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်ခဲ့သည့် ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်အား အထွေထွေအစည်းအဝေး၌ ချမှတ်ရာတွင်လိုအပ်သော ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပြီးဖြစ်စေရမည့်အပြင် ဤဥပဒေအရ အောက်ပါလိုအပ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ပြီးဖြစ်စေရမည်-
(၁) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ဆုံးဖြတ်ချက်နှင့်သက်ဆိုင်သော အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများအား လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်းနှင့်အတူပေးပို့ရန်၊
(၂) မှတ်ပုံတင်အရာရှိထံသို့ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေးအကြောင်းကြားစာ တင်ပြရန် ကုမ္ပဏီတွင်ပါဝင်သူများက လက်မှတ် ရေးထိုးမည့် စာရွက်စာတမ်း၏ မိတ္တူတစ်စောင်တို့အား ပေးပို့တင်ပြရန်နှင့်

ဆက်လက်ဖော်ပြပါမည်။

# ဒုတိယအကြိမ်အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲကျင်းပ

**ချမ်းမြသာစည် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကကြီးမှူး၍ ဒုတိယအကြိမ် အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ မင်္ဂလာမန္တလေး၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ငွေကြေးထောက်ပံ့မှုနှင့် နည်းပညာပံ့ပိုးမှုသည် အဓိကကျကြောင်း၊ Asian Economic Community အကောင်အထည်ဖော်နေချိန် မြန်မာနိုင်ငံသည်လည်းအသင့်ဖြစ်နေရန်လိုအပ်ကြောင်း၊ အားလုံး ပူးပေါင်းဆောင်ရွက်သွားရန် အဖွင့်အမှာစကားတွင်တိုက်တွန်းပြောကြားပြီး ပြခန်းများကို ကြည့်ရှုအားပေးသည်။

အသေးစားစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများပြပွဲတွင် အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းကျောင်းမှ ရက်လုပ်သည့်ချည်ထည်များ၊ အသေးစားအလတ်စားစက်မှုလုပ်ငန်းများမှ ထုတ်လုပ်သောလူသုံးကုန်၊ အလှကုန်များ၊ စားသောက်ကုန်များ၊ ကုန်ထုတ်သမဝါယမအသင်းများမှ ထုတ်လုပ်သောသစ်သားပန်းပုများ၊ လက်မှုပစ္စည်းများပြသ၍ ရောင်းချပေးသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနများ၏ ပညာပေးပြခန်းများလည်း ပါဝင်သည်။ လာရောက်သူများအား မြန်မာမှုတေးဂီတအဖွဲ့များက တေးသီချင်းများဖြင့် ဖျော်ဖြေကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**





စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပသေးတိုက်နယ် ပသေးကျေးရွာ ပသေး အ-ထ-က အနီး လယ်ကွင်းစပ်၌ ဒီဇင်ဘာဒုတိယပတ်က တူးဖော်ရရှိခဲ့သောညဏ်တော်တစ်ပေရှိ ကြေးဆင်းတု၊ စကျင်ဆင်းတု ရုပ်ပွားတော်သုံးဆူနှင့် အခြားငွေဆင်းတုရုပ်ပွားတော် စုစုပေါင်း ၅၀ ကိုတွေ့ရစဉ်။ ရန်လင်း

## လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်မှု ၃၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ငါန်းဇွန် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကြယ်စင်မင်းကုမ္ပဏီလီမိတက်မှ တာဝန်ယူ၍ လေးခန်းတွဲသုံးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ တစ်လုံးကို အောက်တိုဘာ ၁၇ ရက်မှ စတင် တည်ဆောက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်အထိ ၃၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး Third Party QC အဖွဲ့မှ ဦးငွေမောင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ တာဝန်ခံမန်နေဂျာ ဦးထွန်းထွန်းက တည်ဆောက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

ယခုတည်ဆောက်နေသည့် ဝန်ထမ်းအိမ်ရာကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇၇ ဒသမ ၇ သန်းဖြင့် အလျား ၆၁ ပေ ခြောက်လက်မ၊ အနံ ၅၁ ပေနှင့် အမြင့် ၂၉ ပေ ခြောက်လက်မရှိ RC လေးခန်းတွဲ သုံးထပ်အဆောက်အအုံကို ၂၀၁၈ ခုနှစ် မတ် ၂၅ ရက်အတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ခံမန်နေဂျာထံမှ သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးမှာကြား

**မြစ်ကြီးနား ဒီဇင်ဘာ ၂၃**

မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ကချင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျေးလက်လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ကျေးလက်ရေပေးဝေရေး၊ ကုန်ထုတ်လမ်းဖောက်လုပ်ရေး၊ ကျေးလက်မီးလင်းရေးဆိုင်ရာများကို ဝန်ထမ်းများ လုပ်ဆောင်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ကချင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်နုက ပြည်နယ်အတွင်း မြို့နယ်နှင့် မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊ မြို့နယ်နှင့် မြို့များအတွင်းရှိ ကျေးရွာများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ထားမှု အခြေအနေများနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စေတနာထားလုပ်ဆောင်ရေး၊ နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် ဝန်ကြီးဌာန၏ လမ်းညွှန်မှုများအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့ပြီး အဆိုပါ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့များမှ ဌာနတွင်းဝန်ထမ်း ၃၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

## မြစ်ကြီးနားတက္ကသိုလ်၌ မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**မြစ်ကြီးနား ဒီဇင်ဘာ ၂၄**

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့် မူးယစ်ဆေးစွဲလူနာများအား ကုသမှုများ၊ လူကုန်ကူးခံရခြင်းဆိုင်ရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းဆိုင်ရာများနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို ဒီဇင်ဘာ ၂၂ ရက် နံနက်၉ နာရီတွင် ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယရဲတပ်ဖွဲ့မှူး လွင်မောင်သိန်းဦးစီးသော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် မူးယစ်ဆေးဝါး တာဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲ အမှတ်(၁)မှ ရဲမှူးထွန်းအောင်က မူးယစ်ဆေးဝါးအန္တရာယ်များနှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများအကြောင်း၊ ပြည်နယ်ဥပဒေအရာရှိ ဒေါ်သစ်သစ်ဝင်းက ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများအကြောင်းကို ဖြည့်စွက်ရှင်းလင်းသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ ရဲမှူးအောင်မင်းကြည်က လူကုန်ကူးခံရခြင်းဆိုင်ရာ အချက်အလက်များနှင့် လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဥပဒေများအကြောင်း၊ မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီးမှ ဒေါက်တာတင့်နိုင်က မူးယစ်ဆေးစွဲလူနာများအား ကုသမှုဆိုင်ရာ အချက်အလက်များအကြောင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးကျော်စိုးဦးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို ဟောပြောခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## ဆင်ဖြူရှင်တံတား၌ အများပြည်သူလုံခြုံရေး ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်

**ချောင်းဦး ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ပေးထားသည့် ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာ ဆင်ဖြူရှင်တံတားဂိတ်တွင် ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက အများပြည်သူလုံခြုံစေရေးအတွက် ချောင်းဦးမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲမှူးမြင့်သိန်း ဦးဆောင်သော ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့မြို့နယ်နှင့် ထိစပ်လျက်ရှိသော ဝင်ပေါက်များအား လုံခြုံရေး ကျိုးပေါက်မှုမရှိစေရေး၊ အဖျက်အမှောင့်ပြုလိုသူများ ဝင်ရောက်မှုမရှိစေရေးတို့အား အထူးအလေးထားကာ ချောင်းဦးမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ် ရဲမှူးမြင့်သိန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်နှင့် မြို့နယ် လ-ဝ-က တို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က မကွေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဖြတ်သန်းဝင်ရောက်လျက်ရှိသော မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## မန္တလေးမနော်ရမ္မပြည်သူ့ရင်ပြင်တွင် ဘန်ကောက်စတိုင်ညဈေးဖွင့်လှစ်

**မဟာအောင်မြေ ဒီဇင်ဘာ ၂၄**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ ၃၉ လမ်းနှင့် လမ်း၄၀ကြားရှိ မနော်ရမ္မပြည်သူ့ရင်ပြင်တွင် ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ဘန်ကောက်စတိုင်ညဈေးကို ဆိုင်ခန်း ၁၀၀ ဖြင့် ဖွင့်လှစ်ရာ လာရောက်လေ့လာသူ၊ ဝယ်ယူသူ၊ စားသုံးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညဈေးကို ထိုင်းနိုင်ငံ မဲဆောက်၊ ဘန်ကောက်မြို့တို့ရှိ ဆိုင်ခန်းပုံစံအတိုင်း တည်ဆောက်ပေးထားပြီး ထိုင်းအစားအစာများ၊ ပင်လယ်စာများ၊ ထိုင်းအကင်မျိုးစုံ၊ ရေညှိထမင်းလိပ်အပါအဝင် စားသောက်ဖွယ်ရာများ၊ ထိုင်းကုမ္ပဏီများမှ တင်သွင်းရောင်းချသော လူသုံးကုန်၊ အလှကုန်များ၊ အဝတ်အထည်များ၊ ကလေးကစားစရာများရောင်းချပေးလျက်ရှိသည်။ ညဈေးသို့ လာရောက်သူများ ကြည့်ရှုနားဆင်နိုင်ရန် Acoustic တေးဂီတအဖွဲ့မှလည်း ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေပေးသည်။

LED မီးအလှထွန်း ညှိခြင်းနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်စေရန် Photo Boothe စီစဉ်ပေးထားရာ ဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိသည်။ ဘန်ကောက်စတိုင် ညဈေးကို ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ**



# ရေပြတ်လပ်မှုမရှိစေရေး စက်ရေတွင်းများ တူးဖော်

**ဟင်္သာတ ဒီဇင်ဘာ ၂၄**
ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၇၅ သန်းဖြင့် ကျေးရွာအုပ်စု လေးစုတွင် နွေရာသီရေပြတ်လပ်မှုမရှိစေရေးနှင့် သန့်ရှင်းသောရေများ ရရှိရေးအတွက် စက်ရေတွင်းများတူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းနှင့် အမြင့်တင်ရေစက်ရုံများကို ရေလယ်ကျွန်း၊ သမ္ဘရာတိုင်း၊ သဲရိုး၊ သာယာအေးကျေးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီး တွင်းအကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ တွင်းနက်အမျိုးအစား စက်ရေတွင်းများကို အေးလပြည့်ဝန်းကုမ္ပဏီက တာဝန်ယူတူးဖော်လျက်ရှိရာ နည်းစနစ်မှန်ကန်မှု၊ အရည်အသွေးကောင်းမွန်မှုနှင့် သတ်မှတ်ကာလ အချိန်မီ ပြီးစီးရေး ဟင်္သာတမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံဝန်ထမ်းများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ရှင်းလင်းပွဲကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၂၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ရာတွင် မျှတမှုရှိစေရန်၊ ရှင်းလင်းလွယ်ကူစေရန် ရည်ရွယ်၍ အခွန်ထမ်းဟိုတယ်နှင့် စားသောက်ဆိုင်ပိုင်ရှင်များအား ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာ ကိစ္စရပ်များ အသိပညာပေး ရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးလှိုင်ထွန်းက အခွန်ကောက်ခံခြင်းသည် အစိုးရ၏ အသုံးစရိတ်ငွေများရရှိစေရန် သက်သက်မဟုတ်ဘဲ အခွန်ကောက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန်၊ အခွန်ပေးဆောင်ရသည့်အတွက် ပေးဆောင်ရသည့် အခွန်ထမ်းပြည်သူ တစ်ရပ်လုံးအား လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစသည့် အများပြည်သူ အကျိုးပြုလုပ်ငန်းများတွင် အထောက်အကူပြုဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာချီလိတ်မြို့နယ်ရှိ အခွန်ထမ်းဟိုတယ်၊ စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ ဖိတ်ကြားထားသူများက သိရှိလိုသော အခွန်အကောက်ဆိုင်ရာ အချက်အလက်များကို မေးမြန်းရာ အခွန်ဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် အထူးကုန်စည်ခွန်များကို ကောက်ခံလျက်ရှိကြောင်း သိရသည်။

**(၁၁၁)**

# မြစ်ကြီးနားတက္ကသိုလ်ကို မူးယစ်ကင်းစင်ဇုန်ဖြစ်ရန် ပြုလုပ်သွားမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၂၄**
မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်းတွင် မူးယစ်ဆေးဝါးပပျောက်စေရန်နှင့် မူးယစ်ကင်းစင်ဇုန်ဖြစ်ရန် စီမံချက်ကို တစ်နှစ်ခန့် အချိန်ယူ၍ပြုလုပ်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကချင်တစ်ပြည်နယ်လုံးရှိ တက္ကသိုလ်ကျောင်းများတွင် မူးယစ်ကင်းစင်ဇုန်ဖြစ်ရန် ပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်က မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းသူကျောင်းသားများကို မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးသည့် အခမ်းအနားတွင် ပြောခြင်းဖြစ်သည်။

"မူးယစ်ကင်းစင်ဇုန်အဖြစ် စီမံချက်ကာလက ဒီလကစနေပြီမို့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ တက္ကသိုလ်ကျောင်းဝင်းထဲကို ယူဆောင်မလာဖို့ သတိပေးလိုပါတယ်၊ သုံးစွဲ၊ ရောင်းဝယ်၊ ဖြန့်ဖြူးတယ်လို့ ထင်တဲ့ ကျောင်းသားကို ခေါ်ယူအသိပေးတာ အရင်လုပ်မယ်၊ ဟန့်တားလို့မရရင် အရေးယူဆောင်ရွက်တာတွေ လုပ်သွားပါမယ်၊ တက္ကသိုလ်၊ အထွေထွေအုပ်ချုပ်ရေးနဲ့ ကျွန်တော်တို့ကညှိနှိုင်းပြီး ပြုလုပ်သွားမှာဖြစ်လို့ လျော့နည်းကျဆင်းလာပြီး စီမံချက်ကာလအောင်မြင်မယ်လို့ ခန့်မှန်းရပါတယ်"ဟု ကချင်ပြည်နယ်၏ ဒု-ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး လွင်မောင်သိန်း ကပြောသည်။

ကချင်ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်အရ ပြင်ပကားများနှင့် ကျောင်းသူကျောင်းသားမဟုတ်သူများ မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း ဖြတ်သန်းသွားလာခြင်းမပြုကြရန်နှင့် ရှောင်ကွင်းလမ်းမှသာသွားကြရန်၊ ကျောင်းသူကျောင်းသားနှင့် ဆရာဆရာမများ လည်ဆွဲကတ်များကို ဆွဲထားကြရန်၊ ကျောင်း၏ လုံခြုံရေးဝန်ထမ်းများ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ကျယာဉ်ထိန်းနှင့် ရဲတပ်ဖွဲ့ဝင်များမှ မြစ်ကြီးနားတက္ကသိုလ် အဝင်ဂိတ်တွင် ဒီဇင်ဘာ ၂၀ ရက်မှ စတင် စိစစ်လျက်ရှိကြောင်း မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ထံမှ သိရသည်။

"ကျောင်းသူ ကျောင်းသားတွေရဲ့ လုံခြုံရေးအတွက် တက္ကသိုလ်ကျောင်းဝင်းအတွင်းမှာ ပြင်ပကမူးယစ်ဆေးဝါးလာရောက်သုံးစွဲတဲ့ သူတွေ၊ ပြင်ပကားပြင်ပဆိုင်ကယ်တွေ မဝင်ရောက်နိုင်ဖို့ စိစစ်နေတာတော့ စလုပ်နေပြီ"ဟု မြစ်ကြီးနားတက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ဂျပ်ကပြောသည်။ **မင်းမင်းဦး**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြစေရန် ရှောင်တခင်စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းမပေါ်၌ ဒီဇင်ဘာ ၂၄ ရက်က မော်တော်ယာဉ်၊ ဆိုင်ကယ်မောင်းနှင်သွားလာကြသူများ စည်းကမ်းနှင့်အညီ မောင်းနှင်ကြစေရန်အတွက် ရှောင်တခင်စစ်ဆေးမှုများကို ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ရဲအုပ်မောင်မောင်ရွှေ၊ ဇေယျာသီရိမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု (၅)မှ ရဲအုပ်ဇင်အောင်လင်း၊ ရဲအုပ်ဝင်းကျော်နှင့်တပ်ဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**




# ကုန်ကြမ်းရှားပါးလာသဖြင့် ဂုန်နီအိတ်လုပ်ငန်းလုပ်ကိုင်သူ ရှားပါးလာ

**တိုက်ကြီး ဒီဇင်ဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကုန်ကြမ်းရှားပါးလာသဖြင့် ဂုန်နီအိတ်လုပ်ငန်းလုပ်ကိုင်သူ ရှားပါးလာကြောင်း ဂုန်နီအိတ်လုပ်ကိုင်သူ ဦးကျော်နိုင်ကပြောသည်။ "ကျွန်မတို့ ဂုန်နီအိတ်လုပ်ကိုင်လာတာ မိဘတွေလက်ထက်ကတည်းကပါ၊ အခုအခြေအနေမှာ ဂုန်လျှော်ထွက်မှုနည်းပြီး ဂုန်နီအိတ်ရက်လုပ်ဖို့ အခက်အခဲရှိပါတယ်၊ နိုင်ငံခြားကလာတဲ့ ဂုန်နီအိတ်အဟောင်းတွေဝယ်ပြီး ပြန်ဖျက် ဂုန်နီကြိုးကိုယူ ပြန်ရက်လုပ်ပြီး ပြန်ရောင်းရတာပါ၊ အရင်ကဆန်၊ ပဲအမျိုးမျိုး၊ ကြက်သွန်၊ ငရုတ်စသည်တို့ကို ထည့်ပြီး အသုံးပြုတာပါ၊ အခုတော့ ငရုတ်တစ်မျိုးပဲ ထည့်တော့တယ်၊ ကျွန်မတို့ ရက်ကန်းစင် ထောင်ထားပါတယ်၊ အလုပ်သမားကလည်း စက်ရုံတွေဆင်းနေတော့ရှားတယ်"ဟု တိုက်ကြီးမြို့ မင်္ဂလာရပ်နေ ရက်ကန်းစင်ပိုင်ရှင်ဒေါ်ခင်နွယ်က ပြောသည်။

ဂုန်နီအိတ်လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်း ဂုန်နီအိတ်အဟောင်းများကို ရန်ကုန် ဘုရင့်နောင်ပွဲရုံသို့သွားရောက်ပြီး တစ်လုံးလျှင်ကျပ် ၇၀၀ မှ ၈၀၀ အထိ ဝယ်ယူရပြီး ပြန်လည်ပြုပြင်ရက်လုပ်ရောင်းချသည်။ ပြန်ရက်ထားသော ဂုန်နီအိတ်တစ်လုံးလျှင် ကျပ် ၁၀၀၀ ပတ်ဝန်းကျင်ရောင်းရကြောင်းသိရသည်၊ ကုန်ကြမ်းပေါလျှင် ပြန်ဝယ်သူရှိကြောင်းနှင့် ပေါက်စျေးဖြင့် အဟောင်းပေးအဟောင်းယူ ဂုန်နီဒိုင်များရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်တွင် ယခင်ကဂုန်နီအိတ်လုပ်ငန်းလုပ်ကိုင်သူများရှိခဲ့သော်လည်း ယနေ့အခြေအနေတွင် ဂုန်လျှော်ဝယ်ရန်ခက်ခဲသဖြင့် ဂုန်နီရက်ကန်းရုံ ငါးရုံရှိပြီး ရက်ကန်းရုံ တစ်ရုံလျှင် ရက်ကန်းစင် ရှစ်စင်မှ ၂၅ စင်ထိရှိပြီး ရက်ကန်းခတ် အမျိုးသမီးတစ်ဦးလျှင် လုပ်အားခကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ရရှိသည်။

**ထွန်းလှိုင်(မြိုင်)**

# မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်

**ရန်ကုန် ဒီဇင်ဘာ ၂၄**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေး ဟောပြောပွဲနှင့်မီးငြိမ်းသတ်လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို သန်လျင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့တို့နှင့် ပူးပေါင်းပြီး ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက သန်လျင်မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်လက်တွေ့သရုပ်ပြပွဲကို အဆိုပါ မြို့မဈေး၌ ကျင်းပခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးဟန်က မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သိလိုသည်များ မေးမြန်းမှုအပေါ် မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးဟန်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ သန်လျင်မြို့မဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် သန်လျင်မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ဈေးပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏စီစဉ်မှုဖြင့် မြောက်ဥက္ကလာပမြို့နယ်သီရိရတနာ (၄) ဈေးပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းရေးနှင့်ပြည်သူများလွယ်ကူစွာသွားလာနိုင်ရန်စက်အား၊ ဝန်ထမ်းအားပေါင်းစပ်ပြီး ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီက ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ပေးတာလည်း ဈေးပတ်ဝန်းကျင်ရှိတဲ့ပုံကျဈေးသည်တွေစည်းကမ်းလိုက်နာမှုကိုဂုဏ်ယူရမှာဖြစ်ကြောင်း၊ ဈေးအတွင်းမြေကွက်လပ်တွင် စည်းလုံးညီညွတ်စွာဝင်ရောက်ပြီး မိသားစုစားဝတ်နေရေးအတွက် တည်ငြိမ်စွာ ရောင်းဝယ်ဖောက်ကားနေခြင်းကလည်း စည်ပင်နှင့်ပြည်သူ မြဲကြည်ဖြူ တူညီပေါင်းစပ် အဖြေရှာရောင်းချဖို့လိုကြောင်း ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ပြောသည်။

ခေမာ ၁ လမ်းမှာနေထိုင်သည့် ပြည်သူများ ဈေးသွားဈေးလာများ လွယ်ကူစွာသွားလာနိုင်တော့မှာ ဖြစ်ကြောင်း၊ သန့်ရှင်းသပ်ရပ်မှုကို လမ်းသူ လမ်းသားများက ဆက်လက်ထိန်းသိမ်းပြီး စည်ပင်နှင့် ပြည်သူ တူညီကူညီရိုင်းပင်းခြင်း အကျင့်ကောင်းများဖြင့် သန့်ရှင်းသပ်ရပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မြို့နယ်အုပ်ချုပ်ရေးမှူးကပြောသည်။

ထိုသို့ ဈေးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေး၊ ဈေးနောက်ကျော ခေမာ ၁ လမ်း ဝဲ/ယာမှပုံကျဈေးသည်များ ဈေးအတွင်းမြေကွက်လပ်တွင် ဝင်ရောက်ရောင်းချရေးနှင့်ရေစီးရေလာကောင်းမွန်စေရန် ခရိုင်စည်ပင်အုပ်ချုပ်ရေးမှူးရုံး ဧရိယာအတွင်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများမှ ဝန်ထမ်းအင်အား ၇၀၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဝန်ထမ်း ၂၀၊ အရှေ့ပိုင်းခရိုင် ဈေးများဌာန မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဈေးများမှ ဝန်ထမ်း ၁၄ ဦးနှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး(စီမံ)ဝန်ထမ်းတို့က စက်ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။

ယင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ ဌာနခွဲမှူး ဦးမောင်မောင်သန့်ဇော်၊ အရှေ့ပိုင်းခရိုင် ဈေးများဌာန ခရိုင်မှူး ဒေါ်ခင်စောနွယ်၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်နှင့် ရုံးအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်။

**ထွန်းဝင်း**



ခနော့ဖြူမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောမင်းသူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ထွန်းစိုးသိန်းနှင့် ဌာနဆိုင်ရာများစုပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အောင်ပွဲကို

ဆူးငှက်

"စုံတောဝမြိုင်ယံမှာ . . .
ဖူးပွင့်တံ ညှာညီရုံးလို့
မှင်ဘေကုံး ဆင်ပါဆို
ပန်းမြခွာညို
ကြင့်နှန်းဖြင့် နန်းတင့်တဲ့ပျိုရယ် . .
ပန်းပွင့်ကိုယူစမ်းပလေး. . ."

သည်နှစ် ကလနားသပ် အခါမဲ့ မိုးကြောင့် တမှတ်တရဖြစ်ရဆဲ ဆောင်းကရောက်မှန်း မသိရောက်လာသည်။ အခါတိုင်းနှစ်များက ကထိန်ပွဲအခါသမယများ၌ပင် အနွေးထည်ကိုယ်စီဖြင့် စစ်ကိုင်းတောင်ရိုးကထိန်ညများက ခိုက်ခိုက်တုန်ခဲ့၏။

ငယ်ငယ်က သင်ကြားခဲ့ရသလို မြန်မာပြည်တွင် နွေဥတု၊ မိုးဥတုနှင့်ဆောင်းဥတုဟူ၍ ဥတုသုံးလီ၊ ရာသီသုံးခုရှိသည်ဆိုသော အမှတ်အသားမှာ လွဲမှားသွားပါပြီလော။ ဇွန်လမှသည် နိုဝင်ဘာလအထိ မိုးဥတုသတ်မှတ်၍ ဒီဇင်ဘာလမှ မေလအထိ နွေဥတုသတ်မှတ်ရပါမည်လော။ ယခုနှစ်တွင်မှ ထူးထူးခြားခြားပြောင်းလဲသွားသော ဥတုရာသီသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဆက်စပ်ပတ်သက်ပါ၏လော။ မြစ်ချောင်းထိန်းသိမ်းမှု၊ ဆည်ရေဧရိယာ၊ မြို့ပြစီမံကိန်းအကျယ်အဝန်း၊ သဘာဝပတ်ဝန်းကျင်အနေအထားစသည့် သီးခြားဆိုင်ရာ ကိစ္စများကြောင့်ပေလော။ ဒါကိုတော့ ပညာရှင်များစေ့ငုကြပေလိမ့်မည်။

## ခန်းဆောင်ရွှေရဝေတွင်းမှာလ

ဟော အခုပဲ ပြာသိုလရောက်ပြီ။ မှတ်မှတ်သားသားမအေးသေး။ ယခင့် ယခင်နှစ်များက ပြာသိုလရောက်ပြီဆိုလျှင် "ခန်းဆောင်ရွှေရဝေတွင်းမှာလ၊ ချမ်းပေါင်လေသည်ဖေတင်းသော်လည်း၊ ဖြေရင်းပင် ခိုက်ခိုက်တုန်" ဟု ဆိုရပေမည်။

ပြာသိုလ လယ်လျှင်ဖြင့် နှင်းမိုးဖြိုင်ဖြိုင် ကျတတ်ချေသည်။ သည်နှစ်တော့ နတ်တော်လပြည့်ကျော်သော်လည်း အအေးဓာတ်မဝင်လှသေး။ အအေးက တွန့်ဆုတ်ကာ မဝံ့မရဲဖြစ်နေချေသေးသည်။ မနက်လင်းအားကြီးချိန် ရောက်မှသာ ခဏတစ်ဖြုတ် အလည်လာသည့် ဧည့်သည်နှင့် တူနေတော့၏။ မန္တလေးမှာက ဆောင်း "မရဲ"တာ နှစ်နှစ်၊ သုံးနှစ်ခန့် ရှိနေပြီ။ ပြာသိုသည် နက္ခတ်အလိုအားဖြင့် မကာရဟုခေါ်ဆိုပြီး ဖုဿျှနက္ခတ်ဖြင့် စန်းယှဉ်ပြည့်ကာ ဥတ္တရာသာဠ်နက္ခတ်နှင့်နေမင်းကို ယှဉ်ကြသည်။ ရာသီပန်းကခွာညိုပန်းဖြစ်သော်လည်း ထီးသုံးနန်းသုံး တော်ဝင်ပန်းအဖြစ် သဇင်ပန်းကို ပြာသိုနှင့် တွဲဖက်ကာ ထင်ရှားစေခဲ့၏။

"ရွှေနားတောင်းနှင့် ဗောင်းကြော့ရှင်ကို
မကြင်သာဘူး မှတ်တော့တယ်
ပန်းချင်းငယ်မှမတူ သဇင်ဟူသည်
ကြူကြူမွှေးလှချည့်တကား"တဲ့လေ။

## မြင်းခင်းသဘင်

ထိုမျှမကသေး "မှိုင်းဝေတက်ရွှန်း နန်းမွန်းလျက် လဝန်းတာရှည် လှိုက်သည်ဝေဆာ ဆီးနှင်းဖြာသား၊ မကာရခွင် ရောက်ခါတွင်လည်း၊ မြင်းဆင်စီစဉ်၊ စွယ်ယှဉ်ဝေ့တိုက်" ဟူ၍ ဆင်ခင်း၊ မြင်းခင်းသဘင် ဆင်ယင်ခဲ့ကြသည်ကလည်း သည်ဆောင်းကာလ ပြာသိုလ ဖြစ်၏။

> ပြန်ကြားရေးပြခန်းရှေ့တွင် လွှင့်ထူထားသော ဧရာမနိုင်ငံတော်အလံကြီးနှင့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူပန်းချီကားကြီးက ပြပွဲလာပရိသတ်အားလုံး၏ ဦးညွှတ်ဂါရဝပြုရာ ဌာနကြီးဖြစ် . . .
>
> ပြာသို၏အအေးဓာတ်က ကြိတ်ကြိတ်တိုးနေသော ပရိသတ်၏ အနွေးဓာတ်ကို လက်လျှော့သွား . . .

ဆင်သူရဲ၊ မြင်းသူရဲတို့ကို ဆုလာဘ်များ ချီးမြှင့်ရာ၌ "ပင်မြင့်သဇင်"ခက်လေးတွေလည်း ပါလာသည် ။ သဇင်သည် သက်သေဖြစ်၏။ ရည်ညွှန်းမှုဖြစ်၏။ သဇင်ခက်နှင့်အတူ ဇာမဏီကဲ့သို့ မြူးကြွားနေသော ဆိုက်ဂိုက်ပေမီ မြင်းထွား မြင်းကောင်းကြီးများ၏ စည်းချက်အစုံ မြင်းခွာသံများကိုလည်း မြင်ယောင် ကြားယောင် လာပါတော့သည်။ ဒါက ရတနာပုံမန္တလေးနေပြည်တော်ခေတ် ရွှေနန်းတွင်းက မင်းပွဲစိုးပွဲ ပဒေသရာဇ်၏ ပွဲလမ်းသဘင်"။

အစဉ်အလာအရ တန်ခူးလ သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ စာပြန်ပွဲ၊ ဝါဆိုလ ဝါဆိုပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ ကထိန်ပွဲနှင့် အမျိုးသားအောင်ပွဲ၊ ပြာသိုလ မြန်မာ့လွတ်လပ်ရေးအောင်ပွဲဟု အထပ်ထပ်ရွတ်ဆိုစွဲထင်ခဲ့ရသမို့၊ ပြာသိုလဆန်းသည်နှင့် မန္တလေးကျုံးနံဘေးမှာ ဝှဲချီးကျင်းပသည့် လွတ်လပ်ရေးအောင်ပွဲနေ့အခမ်းအနားကို ငွေနှင်းမှုန်အသိပ်အသည်းအောက် တိုးဝှေ့ကျပ်ညှပ် ပျော်ရွှင်ခဲ့ရသည်များလည်း ယခုထိ သတိရနေမိသည်။ နိုင်ငံတကာသုံး ပြက္ခဒိန်မှ နှစ်ဆန်း ဇန်ဝါနရီသည် မြန်မာပြက္ခဒိန် ပြာသိုလနှင့်အများဆုံး တိုက်ဆိုင်သည်။ ထို့ကြောင့်လည်း နှင်းတွေထူထပ်စွာ ကျတတ်သည့် မန္တလေးဆောင်းကို လွတ်လပ်ရေးနေ့အခမ်းအနားပွဲလမ်းများနှင့် တစ်ထပ်တည်းစွဲမှတ်နေမိသည်။

## လွတ်လပ်ရေးအောင်ပွဲ

ထိုစဉ်က အခုလို ဒီဇင်ဘာ ၃၁ ရက်ည "နှစ်သစ်ကူးည" အပျော်အရွှင်များမရှိခဲ့။ ထိုနေ့ ထိုအချိန်တွင် ခရစ်ယာန်ဘာသာဝင်တို့က ဆိုင်ရာဆိုင်ရာ ဘုရားကျောင်းများ၌ စုဝေးဝတ်ပြုဆုတောင်းပြီး နှစ်သစ်ကူးသည်နှင့် ခေါင်းလောင်းများထိုးကာ နှစ်သစ်ကို ကြိုဆိုကြခြင်းပဲ ရှိသည်။ မြို့နေလူထု အများစုမျှော်လင့်ခြင်းက ဇန်နဝါရီလဆန်းသည်နှင့်စတင်၍ ကျင်းပသော လွတ်လပ်ရေးနေ့ အခမ်းအနားများ ပျော်ပွဲရွှင်ပွဲများပဲဖြစ်သည်။ တောင်ဘက်မျက်နှာရှိ ကျုံးနှင့်မြို့ရိုးကြား ပေ ၂၅၀ နှင့် ၃၀၀ ကြားကျယ်ဝန်းသောနေရာတွင် မင်္ဂလာတံခါးမှသည် အနောက်ဘက် ကျုံးထောင့်၊ ထို့နောက် မြောက်သို့ အာဋ္ဌဝီတံခါးပေါက်ထိ နေရာကျယ်ကြီးအတွင်း လွတ်လပ်ရေးပွဲသဘင်ကို ခုနစ်ရက်ခုနစ်လီကျင်းပသည်။ ကျုံးတောင်ဘက်ခြမ်းမင်္ဂလာတံခါးမှ အနောက်ကျုံးထောင့်အတွင်းက မန်းသီတာဥယျာဉ်ရှိ၏။ ထိုဥယျာဉ်အတွင်း ပြန်ကြားရေးဌာနပြခန်းများရှိသည်။ ပန်းချီပြိုင်ပွဲ၊ စာပေပြိုင်ပွဲများရှိသည်။ ဆို၊ က၊ တီးပြိုင်ပွဲများ ရှိသည်။ သမားစဉ်အကနှင့် မဟာဂီတသီချင်းကြီးများကို အဓိကထားသီဆိုခြင်း၊ တီးမှုတ်ခြင်းပြိုင်ပွဲများဖြစ်၏။ မျိုးရိုးဇာတိဂုဏ်ကို မော်ကြွားခံ့ညားစေသည့် ပြိုင်ပွဲဖြစ်သည်။ ထို့နောက် ဂီတဆည်းဆာများရှိသည်။ စတုဒိသာအစားအသောက်များ၊ ရန်ပုံငွေစားသောက်ဆိုင်များရှိသည်။ ကျုံးထောင့်မှာ ဂီတဆည်းဆာ၊ အငြိမ့်ပွဲ၊ ထို့နောက် မြောက်အာဋ္ဌဝီတံခါးအထိ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘောပွဲ၊ ဘတ်စကက်ဘောပွဲ၊ ခြင်းပွဲ၊ ဌာနဆိုင်ရာပြခန်းများ၊ ဂီတပဒေသာပွဲများ အပြည့်ရှိ၏။



re&mjynfbuif

## ငါတို့ လွတ်လပ်ရေး

နေ့လယ်နေ့ခင်းတွင် ကျုံးအတွင်းလှေပြိုင်ပွဲများရှိသည်။ အလှပြလှေများလည်းရှိသည်။ တစ်နှစ်တင်က အနောက်ကျုံးအတွင်း ရေတပ်မတော်၏ ကမ်းတက်စစ်ဆင်ရေးသရုပ်ပြပွဲပင်ပါလိုက်သေး၏။ ကျုံးအတွင်း ရေပန်းတွေဆင်ထားသည်။ မင်္ဂလာတံတား၊ မေတ္တာပေါင်းကူးတံတား၊ မတ္တရာမီးရထား တံတား၊ အာဋ္ဌဝီတံတားတို့မှာ အလှမီးလုံးတွေမြိုင်နေ၏။ နိုင်ငံတော်အလံများက ကျုံးကမ်းစပ်မှာ၊ မြို့ရိုးပေါ်မှာ တစ်ညီတစ်ညာတည်း ရဲရဲတောက် တလူလူလွင့်နေသည်။ မြို့ရိုး၏သူရဲခိုများ၊ ပြအိုးများ၊ ပြာသာဒ်များတွင် မီးလုံးရောင်စုံဆင်ထား၏။ ထိုနေရာတစ်ဝိုက်သစ်ပင်များမှာလည်း မီးလုံးမီးသီးမီးပွင့်တို့ ဝေဆာနေသည်။

တစ်နေကုန် အသံချဲ့စက်သံဆူညံနေ၏။ မြို့တွင်းလမ်းအနှံ့ ဘတ်စ်ကားတွေ မြင်းလှည်းတွေက "အောင်ပွဲကို အောင်ပွဲကို"ဟု တကြော်ကြော်ဟစ်ကာ ခရီးသည်တွေအပြည့်အသိပ်ဖြင့် ကျုံးထောင့်ဆီဦးတည်သည်။ "အောင်ပွဲ" ဟူသော အသံနှင့်စကားလုံးက အဓိပ္ပာယ်ပြည့်ဝစွာဖြင့် အားလုံး၏ရင်ထဲတွင် ဟည်းထနေသည်။ "ငါတို့ လွတ်လပ်ရေး၊ ငါတို့ အောင်ပွဲ"ဟု မာန်တက်ကာ သွေးသစ်အားသစ်ဖြစ်နေကြသည်။ ပြန်ကြားရေးပြခန်းရှေ့တွင် လွှင့်ထူထားသော ဧရာမနိုင်ငံတော်အလံကြီးနှင့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူပန်းချီကားကြီးက ပြပွဲလာပရိသတ်အားလုံး၏ ဦးညွှတ်ဂါရဝပြုရာ ဌာနကြီးဖြစ်နေသည်။ ပွဲတော်ကျင်းပရာရက်များအတွင်း ညလုံးပေါက်မျှ လူတွေကြိတ်ကြိတ်တိုးနေ၏။ ပြာသို၏အအေးဓာတ်က ကြိတ်ကြိတ်တိုးနေသော ပရိသတ်၏ အနွေးဓာတ်ကို လက်လျှော့သွားသည်။ သီချင်းသံ၊ ဂီတသံ၊ တေးသံများက မြို့ရိုးပေါ်က တလူလူလွင့်နေသည့် နိုင်ငံတော်အလံများနှင့်အတူ ကွင်းတစ်ကွင်းလုံးလွှင့်ပျံ့ဖုံးလွှမ်းနေ၏။ ညဥ့်တော်တော်နက်တော့ ထိုအသံများအားလုံး တစ်မြို့လုံး ဖုံးလွှမ်းနေသည်။ ထိုရက်သတ္တပတ်၊ ဆယ်ရက်ကဖြင့် တစ်မြို့လုံး စိတ်တူကိုယ်တူ အတန်းအစားမရွေး စိတ်ပါလက်ပါ ပျော်ရွှင်ခဲ့ကြတာ သေချာသည်။

## လွတ်လပ်ရေး ကျောက်တိုင်

နန်းတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးမှာလည်း မီးစောင်းတန်း မီးရောင်စုံသွယ်တန်းကာ ကျောက်တိုင်ကွင်းအတွင်း ပြခန်းများ၊ တီးဝိုင်း၊ အငြိမ့်နှင့် ပျော်ပွဲရွှင်ပွဲများ ခြိမ့်ခြိမ့်သဲကာ အများပြည်သူတို့ လွတ်လပ်စွာဝင်ထွက် ဆင်နွှဲနိုင်ခဲ့ကြသည်။

နန်းတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကို ဒုတိယမြို့တော် မန္တလေးမှာ ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှာ စတင်တည်ဆောက်ဖို့ ပန္နက်ရိုက်ခဲ့သည်။ မန္တလေးလွတ်လပ်ရေးကျောက်တိုင်ကြီး တည်ဆောက်မည့်နေရာက မန္တလေးနန်းတွင်းအင်္ဂါထောင့် (အရှေ့တောင်ထောင့်) မှာရှိသော ပိုလိုကွင်းဟုခေါ်သည့် ကွင်းကြီးအတွင်းဖြစ်သည်။ မူလက ပေ ၉၀ အမြင့်ရှိ မန္တလေးလွတ်လပ်ရေးကျောက်တိုင်ကို အနောက်တောင်ကျုံးထောင့် ကျုံးနှင့်မြို့ရိုးကြားကွက်လပ်တွင် ၁၉၅၀ ပြည့်နှစ် ဧပြီ ၂၉ရက်နေ့က ပန္နက်ရိုက်တည်ဆောက်ခဲ့သည်။ သို့သော် နေရာကကျဉ်းမြောင်းသဖြင့် တည်ဆောက်လက်စကျောက်တိုင်ကို ဖျက်သိမ်းပြီး လက်ရှိကျောက်တိုင်ကို ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မန္တလေးအနောက်တောင်ကျုံးထောင့်၌ ကျင်းပသော (၇) ကြိမ်မြောက် လွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် ကျောက်တိုင်သစ်ဖွင့်ပွဲကို တစ်ပါတည်း ကျင်းပခဲ့တာကလည်း အမှတ်တရဖြစ်သည်။ နံနက် ၄ နာရီကတည်းက ကျောက်တိုင်ဖွင့်ပွဲအတွက် လူထုပရိသတ်က တိုးမပေါက်အောင် စည်ကားနေပြီ။ ကျောက်တိုင်သစ်ဖွင့်ပွဲတွင် မြို့လူထု၊ ကျောင်းသူကျောင်းသား၊ ဆရာဆရာမများ၊ ဝန်ထမ်းများ၊ အလုပ်သမားများသာမက တပ်မတော်ကပါ တက်ရောက်ကြသဖြင့် အထူးစည်ကားလှ၏။ ကျောင်းသူကျောင်းသား ၆၀၀၀ ကျော်က ကာယအလှ လေ့ကျင့်ခန်းတွေ ပြကြသကဲ့သို့ စက်ဘီးအမြန်စီးပွဲ၊ အားကစားပြိုင်ပွဲ၊ လက်နှိပ်စက်ပြိုင်ပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ ကျင်းပခဲ့ခြင်းဖြစ်သည်။

## အောင်ပွဲကို . . . အောင်ပွဲကို

ကျောက်တိုင်သစ် ဖွင့်ပြီးသည်နှင့် ဗမာ့တပ်မတော်က စစ်ရေးပြကာ အလေးပြုပြီး တပ်မတော်သား ၁၀၀၀ နှင့်အတူ ရဲအတတ်သင်ကျောင်းက သင်တန်းသား ၈၀၀ ကျော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေက မင်္ဂလာတံခါးမှ ၂၆ဘီ အာဇာနည်လမ်း အနောက်ဈေးချိုနာရီစင်၊ ထိုမှတစ်ဆင့် ၈၄ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း တောင်ဘက် ၃၅ လမ်းအထိ၊ ထို့နောက် ၃၅ လမ်းအတိုင်း အနောက် မလွန်ဘောလုံးကွင်းအထိ စစ်ရေးပြ ချီတက်ကြသည်။

ကျောက်တိုင်သစ်ကြီးက အမြင့် ၁၃၂ ပေရှိကာ အမြင့် ၂၇ ပေခွဲရှိ ကြယ်ပုံသဏ္ဌာန် ကျောက်တိုင်ငယ်ငါးလုံးက ခြံရံထားသည်။ မြို့ရိုးပြအိုး ပြာသာဒ်များ နောက်ခံအပြာရောင် မိုးကောင်းကင်ကြီးတွင် လွတ်လပ်ရေး ကျောက်တိုင်ကြီးကား ထည်ဝါမြင့်မားပြီး ခံ့ညားကျက်သရေ ရှိလှသည်။ နောက်ပိုင်း ဆက်တိုက်ဆိုသလို လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားများကို နှစ်စဉ်ပရိသတ်သိန်းချီဆန့်သော နန်းတွင်းကျောက်တိုင်ကွင်းနှင့် တောင်ဘက်ကျုံးနံဘေးတွင် ခုနစ်ရက် ခုနစ်လီ စည်စည်ကားကားကျင်းပခဲ့ကြတာ အမှတ်တရရှိလှသည်။

လွန်ခဲ့တဲ့ နှစ် ၃၀ ကျော် ၄၀ ဝန်းကျင်မှာတော့ ဒီအစဉ်အလာ ပျက်သုဉ်းသွားခဲ့သည်။ ယခု မန္တလေးတွင် လွတ်လပ်ရေးကျောက်တိုင်ရှိသည်ဆိုတာပင် နှောင်းခေတ် လူငယ်တော်တော်များများ မသိကြတော့။ ဒါကလည်း အပြစ်မဆိုသာ။

ပြာသိုလရောက်လေတိုင်း ခိုက်ခိုက်တုန်မျှချမ်းသောဆောင်းနှင့် "အောင်ပွဲကို အောင်ပွဲကို" ဟူသော ထုနှင့်ထည်နှင့်အသံများနှင့် တညီတညွတ်တည်းသော ပျော်ရွှင်မှုများကို မြင်ယောင် ကြားယောင်နေမိသေးတော့။



## ဂျွန်ဟွန်းကွယ်လွန်စဉ်က ပုံရိပ်တွေကို ထုတ်ဖော်ပြောကြား

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက်မှာ ကွယ်လွန်သွားခဲ့တဲ့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ဂီတကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျွန်ဟွန်းကို သူကွယ်လွန်သွားခဲ့တဲ့ တိုက်ခန်းမှာ ဝင်ရောက်ရှာဖွေစဉ်က တွေ့မြင်ခဲ့ရတဲ့ မြင်ကွင်းတွေကို အရေးပေါ် ကယ်ဆယ်ရေးသမားတစ်ဦးက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ပြောကြားချက်အရ ဂျွန်ဟွန်းငှားရမ်းခဲ့တဲ့ ဂန်းနန်းက ဟိုတယ်တိုက်ခန်းကို ဝင်ရောက်ရှာဖွေရာမှာ တစ်ခန်းလုံးဟာ မီးခိုးတွေနဲ့ ပြည့်နေတာကြောင့် မီးခိုးတွေကို အရင်ဖယ်ရှားပြီးမှ တိုက်ခန်းအတွင်းမှာ သူ့ကို ရှာခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။

ဂျွန်ဟွန်းကို ပထမဆုံးရှာဖွေတွေ့ရှိခဲ့သူက အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ KBS2 ရဲ့ “Entertainment Weekly”အစီအစဉ်မှာ ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။ သူ့ရဲ့ ပြောကြားချက်အရ ဂျွန်ဟွန်းကို အိပ်ရာရဲ့ ဘေးမှာ လဲလျောင်းနေတဲ့ အနေအထားနဲ့ တွေ့ခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

အဲဒီအချိန်ကတည်းက ဂျွန်ဟွန်းက လှုပ်ရှားမှုတစ်စုံတစ်ရာမရှိတော့ဘဲ နှလုံးလည်း မခုန်တော့တာဖြစ်ပါတယ်။ သူ့ကို ဆေးရုံကို သယ်ဆောင်သွားခဲ့ပြီး ဆေးရုံအရောက်မှာတော့ သေဆုံးခဲ့ပြီးဖြစ်ကြောင်းကိုသာ အတည်ပြုနိုင်ခဲ့တာဖြစ်ပါတယ်။ ရဲတွေကတော့ ဂျွန်ဟွန်းဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့ဖွယ်ရှိကြောင်းနဲ့ သူကွယ်လွန်ရတဲ့အကြောင်းအရင်းကတော့ ကာဗွန်မိုနောက်ဆိုက်ဒ်အဆိပ်သင့်ခဲ့တာဖြစ်နိုင်ကြောင်းလည်း မှတ်ချက်ချခဲ့တာဖြစ်ပါတယ်။ ဂျွန်ဟွန်းရဲ့ မိသားစုဝင်တွေကတော့ ပေါ့ပ်ကြယ်ပွင့်ရဲ့ သေဆုံးမှုနဲ့ ပတ်သက်ပြီး နောက်ထပ်စုံစမ်းမှုတွေ မပြုလုပ်လိုကြောင်းနဲ့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဂျွန်ဟွန်းမကွယ်လွန်မီနာရီပိုင်းအလိုက သူ့ရဲ့နောက်ဆုံးနှုတ်ဆက်စာကို ညီမဖြစ်သူထံကို ပေးပို့ခဲ့တာဖြစ်ပြီး အဲဒီစာမှာတော့ သူက “ငါနာကျင်ခံစားခဲ့ရပြီးပြီ။ ငါ့ကိုသွားခွင့်ပြုပါ။ ငါအလုပ်ကြိုးစားခဲ့တယ်လို့ ပြောပေးပါလား။ ဒါငါ့ရဲ့ နောက်ဆုံးနှုတ်ဆက်စကားပါ”လို့ ရေးသားပေးပို့ခဲ့တာဖြစ်ပါတယ်။ ဂျွန်ဟွန်း ညီမဖြစ်သူရဲ့ အကြောင်းကြားမှုကြောင့် ရဲတွေက သူငှားရမ်းနေထိုင်ခဲ့တဲ့ တိုက်ခန်းမှာ သွားရောက်ရှာဖွေပေးခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ဂျွန်ဟွန်းက သူ့ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းတစ်ဦးဖြစ်တဲ့ Dear Cloud”တေးဂီတအဖွဲ့ရဲ့အဖွဲ့ဝင် နိုင်းဆီကိုလည်း သေကြောင်းကြံခဲ့ကြောင်း စာရှည်ကြီးတစ်စောင်ကို ရေးသားပေးပို့ခဲ့ပြီး အဲဒီစာထဲမှာတော့ သူခံစားနေရတဲ့ စိတ်ဓာတ်ကျတဲ့ခံစားမှုတွေအကြောင်း ရင်ဖွင့်ထားတာဖြစ်ပါတယ်။ ဂျွန်ဟွန်းရဲ့ နောက်ဆုံးခရီးကိုတော့ ပေါ့ပ်ကြယ်ပွင့်တွေ၊ အနုပညာရှင်တွေ၊ မိသားစုဝင်တွေနဲ့ ပရိသတ်များစွာက ပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး လူမှုကွန်ရက်မီဒီယာတွေပေါ် ကနေတစ်ဆင့်လည်း ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့ကြတာတွေ့ရပါတယ်။ ဒေသတွင်းမှာသာမက ကမ္ဘာတစ်ဝန်းက သူ့ရဲ့ပရိသတ်တွေကလည်း အထိမ်းအမှတ်နှုတ်ဆက်ပွဲတွေ ပြုလုပ်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။



ရုရှားနိုင်ငံမှ ဂျွန်ဟွန်းပရိသတ်များက နှုတ်ဆက်ခဲ့ကြစဉ်။

## မိခင်ဖြစ်သူကို တောင်းပန်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ် ဂျက်စတင်ဘီဘာကို နောက်ထပ်အခွင့်အရေးပေးဖို့ တောင်းဆို

ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ ချစ်သူဟောင်း တေးသံရှင် ဂျက်စတင်ဘီဘာနဲ့ ဒုတိယအကြိမ် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ပြီးနောက်မှာတော့ မိခင်ဖြစ်သူက ဂျက်စတင်ဘီဘာကို သဘောမကျတာကြောင့် သားအမိနှစ်ဦးအကြား ဆက်ဆံရေးမပြေလည်ဖြစ်ခဲ့ရပါတယ်။ ဒီလို ပြဿနာတွေ ပြန်လည်ဖြစ်ခဲ့ပြီးနောက်မှာတော့ ဆယ်လီနာရဲ့ မိခင်ဖြစ်သူဟာ သမီးရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး စိတ်ပူပန်ခဲ့ရတာကြောင့် စိတ်ဖိစီးမှုတွေ ခံစားခဲ့ရကာ ဆေးရုံတောင်တက်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ဆယ်လီနာဂိုမက်ဇ်ကတော့ မိခင်ဖြစ်သူဟာ သူနဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ အချစ်ခရီးကို တစ်ချိန်မှာ ကြည်ဖြူလက်ခံပေးမှာဖြစ်တယ်လို့ ယုံကြည်နေပါတယ်။

မိခင်ဖြစ်သူကိုလည်း နှလုံးသားနောက်ကိုလိုက်ခဲ့တဲ့ သူ့ကို ခွင့်လွှတ်ပေးစေလိုကြောင်းနဲ့ ဂျက်စတင်ဘီဘာဟာလည်း အပြောင်းလဲကြီးပြောင်းလဲခဲ့ပြီဖြစ်တာကြောင့် ယုံကြည်လက်ခံပေးဖို့ တောင်းဆိုခဲ့ကြောင်း ပေါ့ပ်ကြယ်ပွင့်နဲ့ ရင်းနှီးသူတစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်တွေကို ကိုးကားကာ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်မတွဲမီက ဆယ်လီနာဂိုမက်ဇ်နဲ့ မိခင်ဖြစ်သူတို့ရဲ့ဆက်ဆံရေးဟာ အတော်လေးကောင်းမွန်ခဲ့ပါတယ်။ ဆယ်လီနာအနေနဲ့ ယခုနှစ်အတွင်း ကျောက်ကပ်အစားထိုးခဲ့စိတ်ကုသမှုခံယူခဲ့ချိန်တွေမှာလည်း မိခင်ဖြစ်သူရဲ့ အားပေးကူညီမှုတွေကို ရရှိခဲ့ပါတယ်။ မန်ဒီအတွက်ကတော့ သမီးဖြစ်သူကို သူ့ကို အကြိမ်ကြိမ်နာကျင်စေခဲ့ပြီး ဇာတ်လမ်းတွေ






များစွာရှိနေတဲ့ သူတစ်ဦးရဲ့ ရင်ခွင်ထဲမှာ ပြန်လည်မြင်တွေ့ရတာဟာ အလွန်ကို စိတ်ထိခိုက်စရာဖြစ်နေပါတယ်။ မန်ဒီအပြင် အခြားသောဆွေမျိုးတွေကလည်း ဆယ်လီနာကို ဂျက်စတင်ဘီဘာနဲ့ပြန်လည်လက်တွဲဖို့အရေး မထောက်ခံကြပါဘူး။

ပထမအကြိမ်ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်ကလည်း ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ရဲ့ မိသားစုဆက်ဆံရေးဟာ ပြေလည်ခဲ့တာမဟုတ်ပါဘူး။ လမ်းခွဲခဲ့ကြပြီးနောက်မှာမှ နောက်တစ်ကြိမ်ပြန်လည်လက်တွဲခဲ့ရာမှာလည်း ဂျက်စတင်ဘီဘာနဲ့ သူ့ရဲ့မိသားစုဆက်ဆံရေးဟာ ကောင်းမွန်ခဲ့ခြင်းမရှိတာကို တွေ့ရပြန်ပါတယ်။ ဒီလိုဆက်ဆံရေးမပြေလည်တဲ့အကြောင်းကတော့ အတိတ်မှာ ဂျက်စတင်ဘီဘာဟာ ဆယ်လီနာရဲ့ အသည်းကို အကြိမ်ကြိမ်ခွဲကာ နာကျင်စေခဲ့တာဖြစ်ပါတယ်။ ဒီလိုဒဏ်ရာတွေ အကြိမ်ကြိမ်ပေးခဲ့သူတစ်ယောက်ကို နောက်တစ်ကြိမ်ပြန်လည်လက်တွဲမှာ မဟုတ်ဘူးရယ်လို့ ထင်ထားခဲ့ကြတဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ မိသားစုဝင်တွေအနေနဲ့တော့ သူတို့နှစ်ဦးရဲ့ တစ်ကျော့ပြန်အချစ်ခရီးကို လုံးဝ နားလည်လက်ခံမပေးနိုင်တာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် မန်ဒီက အသက် (၂၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ သမီးဖြစ်သူ ဆယ်လီနာဂိုမက်ဇ်ကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာပါ အဆက်အသွယ်ဖြတ်ပစ်ခဲ့ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ကလည်း မိခင်ဖြစ်သူကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ အန်ဖောလိုး လုပ်ခဲ့တာကြောင့် သားအမိနှစ်ဦးစလုံး တစ်ယောက်နဲ့ တစ်ယောက်အဆက် အသွယ်ဖြတ်ခဲ့ကြတာဖြစ်ပါတယ်။

မိခင်နဲ့ ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့ရပေမယ့် ဆယ်လီနာဟာ ဂျက်စတင်ဘီဘာနဲ့ လက်တွဲမဖြုတ်ဘဲ လာမယ့်အားလပ်ရက်တွေကိုလည်း အတူကုန်ဆုံးဖို့ရာ စီစဉ်ထားပြီး တစ်နေ့မှာ မိခင်နားလည်နိုင်မှာဖြစ်ကြောင်း ယုံကြည်မှုတွေလည်း ရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

## အိမ်ခြေမဲ့ ကိုယ်ဝန်သည်ပရိသတ်တစ်ဦးအတွက် နေအိမ်ဝယ်ပေးခဲ့တဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ သူ့ရဲ့ပရိသတ်တစ်ဦးဖြစ်တဲ့ အိမ်ခြေမဲ့တစ်ဦးကို နေအိမ်ဝယ်ပေးခဲ့ပြီး ယင်းပရိသတ်ဟာ ကိုယ်ဝန်လွယ်ထားရသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီလို အိမ်ဝယ်ပေးခဲ့ကြောင်းကိုတော့ သူ့ရဲ့ပရိသတ်တစ်ဦးက ဖွင့်ဟခဲ့တာဖြစ်တယ်လို့ အော့စ်ရှူးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ထံက အကူအညီကိုရခဲ့တဲ့ ပရိသတ်တစ်ဦးက သူဟာ ကိုယ်ဝန်လွယ်ထားရစဉ်မှာပဲ ရုတ်လခန့်အိမ်ခြေမဲ့တစ်ဦးအဖြစ် နေထိုင်နေခဲ့ရပြီး သူ့ရဲ့ချစ်သူဖြစ်သူကလည်း အလုပ်ကနေထွက်ခဲ့ရတာကြောင့် အခက်အခဲဖြစ်နေချိန်မှာ တေလာဆွစ်က ကူညီခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါပရိသတ်ဟာ တေလာဆွစ်ရဲ့ အမာခံပရိသတ်တွေထဲက တစ်ဦးဖြစ်တယ်လို့လည်း သိရပါတယ်။

"Look What You Made Me Do" ရဲ့ တေးသံရှင် တေလာဆွစ်ဟာ သူ့ရဲ့ကူညီတတ်တဲ့ စိတ်ဓာတ်ကြောင့် လူသိများသူတစ်ဦးလည်းဖြစ်ပြီး သူ့ရဲ့ပရိသတ်တွေကို မမေ့နိုင်တဲ့ ကူညီမှုမျိုး ပြန်လည်ပြုလုပ်ပေးခဲ့တာလည်း ဖြစ်ပါတယ်။ သူ့ရဲ့ပရိသတ်တစ်ဦးဖြစ်တဲ့ စတက်ဖန်နီက မကြာသေးမီက စတင်မိတ်ဆက်လိုက်တဲ့ တေလာဆွစ်ရဲ့ မိုဘိုင်းဖုန်းအပလီကေးရှင်းသစ် “The Swift Life”ကို အသုံးပြုခဲ့ပြီး သူ့ကိုတေလာဆွစ်ကူညီခဲ့တဲ့ အကြောင်းကိုလည်း ယင်းအပလီကေးရှင်းပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ စတက်ဖန်နီက တေလာဆွစ်ရဲ့ အကူအညီကြောင့် သူ့ရဲ့ဘဝဟာ ဘယ်လောက်အတိုင်းအတာအထိ ပိုမိုကောင်းမွန်လာခဲ့ရတယ်ဆိုတာကိုလည်း ရင်ဖွင့်ခဲ့တယ်လို့လည်း သိရပါတယ်။

စတက်ဖန်နီက သူ့ရဲ့အဖြစ်အပျက်နဲ့ပတ်သက်ပြီး ဇာတ်လမ်းရှည်ကြီးကို တေလာဆွစ်ရဲ့ အပလီကေးရှင်းသစ်ကို အသုံးပြုကာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ရင်ဖွင့်ချက်တွေအရ သူဟာ တေလာရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်ပြီး သူ့ရဲ့ဖျော်ဖြေပွဲတွေကိုလည်း သွားရောက်အားပေးလေ့ရှိကာ တေလာဆွစ်နဲ့ ရင်းနှီးသူတစ်ဦးလည်း ဖြစ်ပါတယ်။ တစ်ညမှာတော့ တေလာဆွစ်က သူ့ရဲ့ “1989”တေးအယ်လ်ဘမ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်တွေအနက် မန်ချက်စတာမြို့တော်မှာ ဖျော်ဖြေခဲ့တဲ့ ပွဲမှာတော့ စတက်ဖန်နီနဲ့ မိခင်ဖြစ်သူတို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး မိခင်ဖြစ်သူက စတက်ဖန်နီရဲ့အခြေအနေကို တေလာဆွစ်ကို တိတ်တဆိတ်ဖွင့်ဟခဲ့တာ ဖြစ်ပါတယ်။ ဒီလိုသတင်းကြားသိခဲ့ရပြီးတဲ့နောက် ဖျော်ဖြေပွဲအပြီးမှာ တေလာဆွစ်က စကက်ဖန်နီကို ဖျော်ဖြေရေးစင်နောက်ကို ခေါ်ယူကာ တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံပြီး အခက်အခဲတွေကို မေးမြန်းကာ နေဖို့ရာအိမ်နဲ့ ကလေးအတွက် လိုအပ်တာအားလုံး ဝယ်ယူနိုင်ဖို့အတွက် ထောက်ပံ့ပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

စတက်ဖန်နီက တေလာဆွစ်ရဲ့ ကူညီမှုအတွက် အထူးကျေးဇူးတင် ကြောင်းနဲ့ တေလာနဲ့ သူအတူရိုက်ကူးထားတဲ့ ဓာတ်ပုံနဲ့အတူ သူနဲ့ သမီးလေးရဲ့ ဓာတ်ပုံကိုလည်း ထုတ်ဖော်ပြသခဲ့တယ်လို့လည်း သိရပါတယ်။



အေးပြည့်
ရေးသားသည်

# နိုင်ငံတော်အပေါ် သစ္စာခံကြသည် ဆိုရာဝယ်

ယုန်ဖြူလေး

အမိမြန်မာနိုင်ငံတော်ကြီး အစဉ်တည်တံ့ခိုင်မြဲစေရန်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိဖို့ လိုအပ်ပါသည်။ ဘိုးဘေးဘီဘင်ဟူသော မျိုးဆက်အခေါ်အဝေါ်များနှင့် ထောင်စုနှစ်ကြာတိုင်အောင် တည်တံ့တည်ဆောက်ထားခဲ့သော အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ထိန်းသိမ်းသူ၊ စောင့်ရှောက်သူ၊ တည်တံ့အောင် ဦးဆောင်သူ၊ တိုးတက်အောင်ဖော်ဆောင်သူ စသည်ဖြင့် စနစ်အမျိုးမျိုး၊ ခေတ်အမျိုးမျိုးကို ဖြတ်သန်းကျော်လွန်ခဲ့ပြီး ဖြစ်ပါသည်။

## အခြေခံစိတ်သည် ရာခိုင်နှုန်း ၁၀၀ ကျော်

နိုင်ငံသားတိုင်း အမျိုးသား အမျိုးသမီးအားလုံးသောပြည်သူတို့သည် အခြေခံပညာမူလတန်းမှနေ၍ အထက်တန်းပညာအထိ ပညာနို့ရည်သောက်စို့ပြီးသူများ၊ ဘွဲ့ရများ၊ အလယ်တန်းပညာ၊ မူလတန်းပညာနှင့် ကျေနပ်ရသူများ၊ ပညာသင်ခွင့်မရခဲ့သောသူများသည်လည်း နိုင်ငံသားများပင်။ ထိုသို့သော ပုဂ္ဂိုလ်အားလုံးတို့တွင် နိုင်ငံတော်အပေါ် မြတ်နိုးချစ်ခင် တန်ဖိုးထား၊ သစ္စာထားသော အခြေခံစိတ်သည် ရာခိုင်နှုန်း ၁၀၀ ကျော်သော စွန့်စားအနစ်နာခံမှုများနှင့် ရှိနေမည်ကို သိနိုင်ပါသည်။ အတန်းပညာပေတံအရ မတူညီသော်လည်း 'အ'သုံးလုံးမှ စာဖတ်တတ်သူ၊ စာလုံးဝမတတ်သူအဆုံး နိုင်ငံအပေါ် သစ္စာရှိကြသည်ကတော့ တူညီပါမည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကာလပေတံများတွင်လည်း အမိမြန်မာနိုင်ငံတော်အပေါ် သစ္စာခံကြရာတွင် တူကြသည်။ ကြီးငယ်ရွယ်လတ် အရွယ်သုံးပါးလုံးလည်း ထိုစိတ်ဓာတ်စွဲနေပြီးသား။

## ကြာရှည်လက်ခံမြတ်နိုးမှုကို ခံစားရ

အသက်မွေးမှုအရ၊ ဘဝပေးအခြေအနေအရ ကုန်သည်ပွဲစား၊ အတတ်အသိပညာရှင်၊ လယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်း (အစိုးရ ဝန်ထမ်း၊ နိုင်ငံတော်ကာကွယ်ရေးဝန်ထမ်း) စသည်ဖြင့် တာဝန်ယူကြရ၊ ရပ်တည်ကြရပါသည်။ မင်းဘာလူမျိုးလဲ၊ မင်းဘယ်နိုင်ငံသားလဲ၊ မင်းဘယ်မှာ မွေးဖွားခဲ့တာလဲ၊ မင်း ဘယ်ရေ ဘယ်မြေမှာ ကြီးထွားရှင်သန်ခဲ့တာလဲစသည့် များစွာသော မေးခွန်းများကို ကာယကံရှင် ပြည်သူလူထု တိုင်းရင်းသား မျိုးနွယ်အားလုံး ကိုယ့်အဖြေ ကိုယ်ဖြေ၍ ကိုယ့်ဘဝ ကိုယ့်အခြေအနေကို ကိုယ်အသိဆုံးပင် ဖြစ်ပါမည်။ ငှက်လေးများသည် ကိုယ့်အသိုက်ကိုယ်ဆောက်ကြပြီး သစ်ပင်လေးများကလည်း ကိုယ့်အကိုင်း၊ ကိုယ့်အလက်၊ ကိုယ့်အရွက်၊ ကိုယ့်အသီးအပွင့်တွေကို ရေ၊ လေ၊ နေ၊ မြေညီမျှသရွေ့ ကြီးမားထွားကြိုင်း ရှင်သန်ရပ်တည်စေသည်သာပင်။

ဆိုခဲ့ပြီးသော အသက်မွေးဝမ်းကျောင်းမှုအမျိုးမျိုးသည် ကိုယ့်ဝမ်းစာ ကိုယ်ရှာသလိုတစ်ဖက်ကလည်း ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ထိန်းသိမ်းရပ်တည် တည်ဆောက်ခြင်းဟု စဉ်းစားတွေးခေါ် အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။ အတ္တပရမ္မကြသော လုပ်ငန်းနယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်တို့သည် ထင်ရှားပေါ်လွင် အောင်မြင်ကြရသလို "အတ္တဆန္ဒများသူတို့မှာမူ ခေတ္တခဏဆိုသလောက်မျှရပ်တည်ပြီး ဝန်းကျင်၏ တုံ့ပြန်မှုမှပင် ပျက်စီးဆုံးရှုံးရပါသည်။ ပရများ အားကောင်းပါက လူချစ်လူခင်များ၍ နေထိုင်ရာပတ်ဝန်းကျင်အတွက် တိုက်ရိုက်အကျိုးခံစားရ၍ ကြာရှည်လက်ခံမြတ်နိုးမှုကို ခံစားရပါသည်။

## စိတ်ရောကိုယ်ပါ လိုက်နာလက်ခံ

နိုင်ငံ့ဝန်ထမ်းများသည်လည်း ခေတ်အလိုက် အစိုးရအလိုက် မူဝါဒပေါ်လစီစနစ်များကို ဝန်ထမ်းကောင်းများပီပီ စည်းစနစ်တကျ စိတ်ရောကိုယ်ပါ လိုက်နာလက်ခံကျင့်သုံး၊ ကျရာတာဝန် ထမ်းကြရသည်သာ။ ထိုများလှသော ချစ်ခင်ကြည်ညိုဖွယ်ရာ ဝန်ထမ်းများက နိုင်ငံ၏ ယန္တရားကို မောင်းနှင်သောနေရာမှာ စေတနာအပြည့် မောင်းနှင်ပါက ယန္တရားနှင့်တူသော လုပ်ငန်းများသည် ချပ်သွက်သွက်ဖြင့်ပြီးမြောက်အောင်မြင်ရမည်မှာ အသေအချာပင်။ ပျင်းလေးသော၊ စေတနာနည်းသောစိတ်ဆန္ဒဖြင့် တာဝန်ကျေရုံ၊ မလွှဲမရှောင်သာ၍သာ မလုပ်မဖြစ်၍သာဟု ခံယူပါက ယန္တရားနှေးကွေးရသလို အစိုးရမောင်းနှင်အားအရှိန်နည်းနည်းလာမည် ဖြစ်ပါသည်။

နိုင်ငံတော်ကာကွယ်ရေး တာဝန်ယူရသော လုပ်ငန်းနယ်ပယ်အသီးသီးမှာ တာဝန်ကျသော၊ အသက်မွေးဝမ်းကျောင်းပြုရသောသူတို့မှာ အစဉ်အမြဲ သတိနှင့် ညီညွတ်ခြင်း၊ အပြန်အလှန် နားလည်စာနာပေးခြင်းတို့ဖြင့် ရပ်တည်ကြရပါသည်။ ရှေ့တန်းစစ်မျက်နှာတွင် ဦးဆောင်သူ၏ ညွှန်ကြားချက်ကို အတိအကျ လိုက်နာခြင်း၊ ချက်ချင်းဆောင်ရွက်ခြင်း၊ အပြန်အလှန် အသိပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ တာဝန်ယူခြင်း၊ စွမ်းစွမ်းတမံဆောင်ရွက်ခြင်း၊ အသက်နှင့် ခန္ဓာကိုယ်ပင် စွန့်စား၍ လုပ်ဖော်ကိုင်ဖက်များအပေါ်နှင့် နိုင်ငံတော်အပေါ် စွန့်စားကာကွယ်ခြင်းတို့ကို နိုင်ငံသားတိုင်းသိမြင်ကြားသိပြီး ဖြစ်ပါသည်။ နိုင်ငံတော်၏ ခြံစည်းရိုးနှင့် တံခါးပေါက်များကို စောင့်ရသူတို့မှာမူ တစ်ချက်ပင်အမှားမခံ၊ တစ်စက္ကန့်ပင်ပေါ့၍ မရပေ။

## ဆုလာဘ်ကိုကြိမ်ဒဏ် ချီးမြှင့်ရန်သာတောင်းခံ

ရှေးပုံပြင်တစ်ပုဒ်တွင် တံခါးစောင့်၏လာဘ်စားမှုကို ဖော်ထုတ်လိုသူက ရှင်ဘုရင်ထံမှ ဆုလာဘ်ကို ကြိမ်ဒဏ် ချီးမြှင့်ရန်သာတောင်းခံခဲ့ရာ အဖြစ်သနစ်ကို မေးစစ်ရာ တံခါးမှူးကို ၎င်းမှ ကြိမ်ဒဏ်ဖြင့် ပြုပြင်ပေးစေလိုသော စေတနာဖြစ်ကြောင်း ထင်ရှားစေခဲ့ပါသည်။

## ရှောင်ကြဉ်သတိမူ

ထိုဖြစ်ရပ်မှာ ဇာတ်လမ်းပုံပြင်ထဲမှ ဇာတ်လမ်းဟုသာ ယူဆ၍မရပေ။ လက်တွေ့ဘဝဖြစ်စဉ်တစ်ခုလို နှောင်းလူတို့ သိရှိမြင်တွေ့ ရှောင်ကြဉ်သတိမူရမည်သာ။ ပုထုဇဉ်သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အတ္တများ မိုးထိုးနေကြသည်။ အသိနှင့်ထိန်း၊ ပညာနှင့်ယှဉ်၊ အရှက်တရားနှင့်ထိန်း၊ လူသားချင်းစာနာစိတ်နှင့် ထိန်း၊ တာဝန်သည် အသက်၊ တာဝန်သည်သာ ပဓာနအဖြစ် ခံယူကာ ထမ်းဆောင်ကြရမည်မှာ တာဝန်ထမ်း ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် ခိုင်မြဲစွာ ရပ်တည်ခြင်းစိတ်ကို သိရှိနားလည်ရပေမည်။

ဘုရင်စနစ်က ဘုရင်အပေါ်၊ အစိုးရအဆက်ဆက် သက်ဆိုင်ရာ အစိုးရအပေါ် ဆိုတဲ့ သဘောထက် မိမိလူမျိုးနှင့် မိမိနိုင်ငံတော်အပေါ် ဝေခွဲမရနိုင်လောက်သော အကြောင်းတရားများပေါ်တွင် ခက်ခဲစွာရှန်းထွက်၍ မူလခံယူသော အမိနိုင်ငံတော်အပေါ် သစ္စာခံခြင်း၊ သစ္စာစောင့်သိခြင်းသည်သာ သိက္ခာရှိသော၊ မှန်ကန်သော လူ့ဘဝတစ်ခုကို ပိုင်ဆိုင်ရခြင်း ဖြစ်လေသည်။

## အကျင့်ကို စောင့်ထိန်း

ငယ်စဉ်ကပင် မိမိကိုယ်တိုင် မိမိအတန်းကို၊ မိမိကျောင်းကို၊ မိမိမြို့ရွာကို၊ မိမိနိုင်ငံတော်ကို ကောင်းအောင် ကြိုးစားမည်ဟူသော သစ္စာအဓိဋ္ဌာန်များကို အခြေခံမူလတန်းကပင် ရင်ထဲစွဲအောင် အကြိမ်ကြိမ်မိမိနှုတ်မှ ရွတ်ဆိုတိုင်တည်သိရှိခဲ့ပြီး ကြီးပြင်းလာသောအခါ ကိုယ့်နှုတ်ထွက်အဆိုများကို ကိုယ့်အတ္တအတွက် စွန့်လွှတ်လိုက်သောအခါ လူ့ဘဝ၏၊ လူ့လောက၏ အမိုက်သရိုက်၊ အဆိုးပြုသူ၊ ဖျက်ဆီးသူ၊ ပျက်စီးစေသူဖြစ်ရတော့၏။

ရှေးခေတ်အဆက်ဆက်ကပင် ကုန်သွယ်လုပ်ငန်းလုပ်ကိုင်ကြသော စီးပွားရေးလုပ်ငန်းရှင်များက မိမိ၏ ကုန်သည်ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်း၊ စာပေစာနယ်ဇင်းနယ်ပယ်မှ ပုဂ္ဂိုလ်များက စာပေကျင့်ဝတ် ယဉ်ကျေးမှုကို လိုက်နာ၊ တီထွင်ကြံဆတတ်သော အတတ်ပညာနယ်ပယ်မှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာ ကျင့်ဝတ်သိက္ခာစောင့်ထိန်း စသည်ဖြင့် နယ်ပယ်အသီးသီး၌ ကျင့်ဝတ်နည်းလမ်း၊ အကျင့်ကို စောင့်ထိန်းသူများလေလေ၊ တိုးတက်မှုသို့ ဦးတည်လေဖြစ်ပြီး ဖောက်ဖျက်လေလေ ကျရှုံးမှုကို ဦးတည်လေဖြစ်ပါသည်။

## တာဝန်နှင့်သစ္စာ

တစ်ဖန် တစ်ကိုယ်တော် ကောင်းစားရေး၊ တစ်ကိုယ်တော်ထင်ပေါ်ရေး အတ္တရှေ့တန်းတင်မှု၊ အစွန်းရောက် အသိလွန်ကဲနေမှု၊ အဖွဲ့အစည်းတစ်ခုပေါ်တွင် အစွဲအလမ်းလွန်သူများသည် ဆုံးဖြတ်ချက်များမှားကာ အပေးအယူတစ်ခုခုပြုခဲ့ရာ ထိုအပေးအယူသည် နိုင်ငံတော်အကျိုးစီးပွား၊ နိုင်ငံတော်၏ ပုံရိပ်၊ နိုင်ငံတော်၏တိုးတက်မှု၊ နိုင်ငံတော်လမ်းကြောင်းကို တားဆီးပယ်ဖျက်စေရန် သဘောမျိုး သက်ရောက်၊ ဖြစ်တည်ခဲ့သဖြင့် ပြန်လည်ပေးဆပ်၊ ဖာထေးနိုင်သော၊ ပြုပြင်တည်ဆောက်နိုင်သော အရာမဟုတ်သဖြင့် အမည်းအစွန်း ထင်ရသော ကိစ္စမျိုးဆက်ကိုပါ ထိခိုက်ပျက်သုဉ်းစေခဲ့ပါသည်။ အာဇာနည်နေ့ ပေါ်ပေါက်ခဲ့ရသော ဖြစ်ရပ်မျိုးများ၊ သမိုင်းမှတ်တမ်းတွင် ကျန်စစ်သားကယ်သည်ကို ငြင်းပယ်သော စောလူးမင်းဖြစ်ရပ်သည် ရွေးချယ်ဝေခွဲမှုမှား၍ အသက်ဆုံး၊ အခွင့်အရေးဆုံးရသလို ဘုရင့်နောင်ဖောင်ဖျက်ဖြစ်စဉ်သည် တာဝန်နှင့်သစ္စာကို ဦးထိပ်ထားကာ အသက်စွန့်၍ နိုင်ငံသစ္စာခံခဲ့ခြင်း စသည့် ထင်ရှားသော သာဓကများကို တွေ့ဆနိုင်ပါသည်။

## ဆွဲဆောင်သိမ်းသွင်း

Persurasion Management ဆွဲဆောင်သိမ်းသွင်းနိုင်သော စီမံခန့်ခွဲရလဒ်ကောင်းများအတွက် ချီးမြှင့်မြောက်စား အမှန်ဖော်ထုတ်၍ သိသာထင်ရှားအောင် လုပ်ပေးဖို့လည်း စီမံခန့်ခွဲရေးတာဝန်ယူရသော အစိုးရပိုင်းက ယခုလည်း လုပ်နေသလို ပို၍လည်း လုပ်ဖို့လိုပါသည်။ ယခုတလောလူ့အခွင့်အရေးကော်မရှင်က ၎င်းတို့နှင့်ဆိုင်သမျှကိစ္စများကို ဆက်သွယ်ရန် ပွင့်လင်းစွာ ဖော်ညွှန်းဆွဲဆောင်လုပ်ကိုင်လာပါသည်။ ဒါက ဗဟိုအဆင့်ပါ။ လူ့အခွင့်အရေးသာမဟုတ် မှုခင်းကိစ္စ၊ မတရားမှုများ၊ မသမာမှုများကို ကိုယ်နဲ့မဆိုင်၊ ဘာသိဘာသာနေ အခြေအနေကို ဆွဲဆောင်သိမ်းသွင်းခြင်းများသုံးစွဲ၍ နိုးကြားရန် နှိုးဆော်ပေးရပါမည်။ နဂိုကမှ အင်အားနှင့်လုပ်ငန်းမမျှတပါဟု ပြောနေရုံနှင့်မရဘဲ သင့်တင့်သော အဖွဲ့အစည်းများကို ပါဝင်အောင် ဆွဲဆောင်သိမ်းသွင်းရပါမည်။

## ပညာချွန်းကိုသုံး

နိုင်ငံတော်အပိုင်းကလည်း ရခိုင်ကိစ္စတွင် လုပ်အားပေးလူငယ်များ ပါဝင်စေခြင်းမှအစ စီးပွားရေးလုပ်ငန်းရှင်များ ဖိတ်ခေါ်ပူးပေါင်းထူထောင်စေခြင်းအဆုံး အေးအတူ ပူအမျှအတူတကွ ပူးပေါင်းချစ်ခင်ကြည်ဖြူငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းနေသည်မှာ အများအသိပင် ဖြစ်ပါသည်။

ယနေ့ဖြစ်ပေါ်သော ဖြစ်ရပ်အားလုံးသည် အခြေအနေကောင်းများ ဖြစ်ပေါ်နေသည်ဟုပင် စာရေးသူယူဆပါသည်။ အကြောင်းမှာ သချ်ာလူရည်ချွန် ဖြေဆိုရေးတွင် ခက်ခဲသော သချ်ာပုစ္ဆာများကို ဖြေဆိုရသည်။ စဉ်းစားမှု၊ တွေးခေါ်မှုနှင့် သချ်ာပညာ၏ အခြေခံကျွမ်းကျင်မှုကို ရရှိပိုင်ဆိုင်ထားသောသူသည် ပေါ်ပေါက်လာသော ပုစ္ဆာကို သင့်တင့်သော အချိန်ကာလတွင် ဖြေရှင်းအဖြေထုတ်ပေးကာ သချ်ာဘာသာရပ်တွင် လူရည်ချွန်အဖြစ် သတ်မှတ်ခံရသလို နိုင်ငံတော်၏ အရေးပေါင်းများစွာ အသေးအကြီး ဖြစ်ပေါ်နေတတ်သည်ဖြစ်ရာ ငြိမ်းချမ်းရေး လူရည်ချွန်၊ နိုင်ငံတံခါးစောင့်လူရည်ချွန်၊ နိုင်ငံရေးစီးပွားရေး၊ လူမှုဘဝရေးရာ လူရည်ချွန်များသည် သင့်တင့်သောအချိန်အတွင်း အဖြေမှန်ကို ပညာချွန်းကိုသုံး၍ အောင်မြင်သော နိုင်ငံတော်ကြီးအတွက် ညီညွတ်မှန်ကန် သင့်မြတ်သော အဖြေကို ထုတ်ပေးရမည်သာ။

အတ္တကို ခဝါချခဲ့ကာ သစ္စာ+ပရ သရဖူကို ခေါင်း၌တင်ကာ ဆောင်း၍ ရဲရဲကြီး နိုင်ငံအတွက် စစ်မှန်သော သစ္စာစောင့်သူများအဖြစ် ပြည်သူအားလုံး ကိုယ့်တာ၊ ကိုယ့်နေရာမှ ပွဲထွက်ကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အရာတော်မြို့နယ်တွင် မိုးစပါးအထွက်နှုန်း မှန်ကန်ရေး ကိုယ်စားပြုစံကွက်ရိတ်သိမ်း

**အရာတော် ဒီဇင်ဘာ ၂၄**

မိုးစပါး အထွက်နှုန်းမှန်ကန်စေရေးအတွက် ကိုယ်စားပြုစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် နေရာခင်းကျေးရွာအုပ်စု ကွင်းမှတ် (၁၈၆၁) ၌ ကျင်းပသည်။

ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် နေရာခင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၆၁) မှ မိုးစပါးစိုက်ဧရိယာ ၂၇၉ ဧက အနက် (ကောင်း)အဆင့်အတန်းရှိ ဧရာမင်းစပါးမျိုး ဧက ၁၁၀ အား ကိုယ်စားပြုသည့် ဦးပိုင်အမှတ်(၂၂) ဧရိယာ ၄ ဒသမ ၃၉ ဧကရှိတောင်သူ ဦးဝင်းညွှန့်၏ စပါးစိုက်ခင်း၌ ကျင်းပခဲ့ပြီး တစ်ဧက အစိုထွက်နှုန်း ၉၇ ဒသမ ၁၁ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်ဆွေဦးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်တင်တင်စိန်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြခဲ၊ နေရာခင်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မူဆယ် ဒီဇင်ဘာ ၂၄**

မြန်မာ-တရုတ်နယ်စပ်ဖြစ်သော မူဆယ်ခရိုင် မူဆယ်မြို့ပေါ်တွင် ပြေးဆွဲနေသော ရွှေရာဇာသုံးဘီးဆိုင်ကယ်အသင်းမှ အုပ်ချုပ်သူများ၊ သုံးဘီးယာဉ်မောင်းများအား မြို့တွင်းရပ်နားမှု၊ ကျယ်ခေါင်နယ်စပ်ဂိတ်အပါအဝင် သွားလာပြေးဆွဲမှုများတွင် စနစ်တကျနှင့် စည်းကမ်းတကျဖြစ်စေရေးအတွက် မူဆယ်ခရိုင် (ကညန)ရုံး သင်တန်းခန်းမ၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အမှတ် (၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်က တွေ့ဆုံဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်/မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်ရေးကော်မတီများလည်း ပါဝင်ဆွေးနွေးကြပြီး တွေ့ဆုံဟောပြောမှုအပြီးတွင် ယင်းတို့၏ သိရှိလိုသည့်စည်းကမ်းချက်များနှင့် ဥပဒေများကို မေးမြန်းကြရာ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်က ပြန်လည်ရှင်းလင်းပြောကြားသည်။

**သီပေါကိုလတ်**







## နွေမှာအေးအေး၊
## ဆောင်းမှာနွေး "ဆိုလာရှီး" နေရောင်ကာသုတ်ဆေး

PREMIER Solarshield သည်နေရောင်၏ အပူစွမ်းအင်အများစုကို ပြန်ကန်ထွက်စေသည့် ရာနှုန်းပြည့်အခရိုက်လစ်စစ်စစ်၊ ပရီမီယမ်အရည်အသွေးအဆင့် ရေအခြေခံသုတ်ဆေးတစ်မျိုးဖြစ်ပါသည်။
အဆောက်အဦများ၏အတွင်းပိုင်းကို နွေရာသီတွင်အေးမြပြီး၊ ဆောင်းရာသီတွင် နွေးထွေးသောပတ်ဝန်းကျင်ဖန်တီးပေးပါသည်။

UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
The Global Compact — Global Compact Network (Myanmar)

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint


4G LTE
telenor
တတိယအပတ်ရဲ့ KIA ကား အသစ် ကံထူးရှင်
KIA
Car Winner
telenor
မခင်မာချို
၁၀/ရမန(နိုင်)၀၁၇၂၂၄
OPTIMA
နောက်အပတ်တွေမှာ ကားကံထူးရှင်ဖြစ်ဖို့ ၁၀၀၀ ဖိုး
ပိုသုံးပြီး ကံစမ်းရအောင် *7777# ကိုခေါ်ဆိုလိုက်ပါ
တတိယအပတ်ရဲ့ SAMSUNG GALAXY NOTE 8 ကံထူးရှင်များ
မတင်ဇာဝင်း
TME 038048
ကိုအောင်ဖြေဝင်း
၈/တတက(နိုင်)၁၈၄၇၃၁
မစန်းစန်းအေး
၇/ပခန(နိုင်)၄၄၅၅၄၀
ယမင်းနွယ်
၁၄/ပတန(နိုင်)၂၄၅၀၁၄
ချေခင်လတ်
၈/သရန(နိုင်)၀၈၄၆၁၀
ကိုဝင်းသူ
၅/ကဘလ(နိုင်)၁၄၇၂၇၆
SAMSUNG
Galaxy Note8
ကံထူးရှင်များအတွက် တယ်လီနောမှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

## ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရှင်သာမဏေ၊ သီလရှင်တို့၏ သာသနာ့ဒါယိကာမကြီး၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ စာသင်ကျောင်း၊ ပရိဘောဂများ၊ ဆေးနှင့် ဆေးပစ္စည်းများ ဒါနရှင်ကြီး

## ဒေါ်နန်းတီး (၆၄)နှစ်

### မြရတနာရွှေဆိုင်၊ ကျိုင်းတုံမြို့

အမှတ်(၁၅၇)၊ မြရတနာလမ်း၊ မြို့သစ်၊ (၄)ရပ်ကွက်၊ မြရတနာဂေဟာနေ မိခင်ကြီး ဒေါ်မြရွှေ၏ ချစ်သမီးကြီး၊ ဦးကျော်တင့် (သုဓမ္မမဏိဇောတဓရဘွဲ့နှင့် လူမှုထူးချွန်ဂုဏ်ထူးဆောင်၊ မြရတနာစေတနာ)၏ချစ်ဇနီး၊ ကိုဇာနည်လင်း(ခ)ကိုကြီး-မနန်းခင်မမလှိုင်(ခ)မချော၊ ကိုဟန်ထွန်း-နန်းသန္တာလှိုင်(ခ)မမီးငယ်၊ မစ္စတာဇက်ဂျွန်ဇင်- နန်းရတနာလှိုင်(ခ)မလှပြည့်စုံ၊ စိုင်းကြွယ်သူဟန်(ခ)ကိုအိုက်သား-မဥမ္မာဦး၊ စိုင်းပြည့်ဖြိုးကြွယ်(ခ)ကိုအိုက်ဖြိုး-မခိုင်သဇင် တို့၏ ချစ်မိခင်ကြီး၊ မြေးကိုးယောက်တို့၏ ချစ်ဘွားဘွားကြီးသည် ၂၃-၁၂-၂၀၁၇ ရက် နံနက် ၀၀း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကျိုင်းလိတ်မြန်မာသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၁၉-၁၂-၂၀၁၇ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမြရတနာမိသားစု

---

### ဒေါ်ခင်သန်းဝင်း (မော်လမြိုင်) အသက် (၆၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးသိန်းညဏ်-ဒေါ်အုန်းတင်)၊ (ဦးငွေတင်)-ဒေါ်တင်မြိုင်တို့၏ ချစ်လှစွာသောသမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်နေ (ဦးစံလွင်)-ဒေါ်အုံမေကျိန်း၏တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အမှတ်(၁၁)၊ ငါးလွှာ(B)၊ မြို့သစ် (၃)လမ်းနေ ဦးကျိုးလု၏ ချစ်လှစွာသောဇနီး၊ ခွန်လှလွန်(ခေတ္တ-စင်ကာပူ)-မသင်းပပဖြိုး၊ မဖြိုးဖြိုးလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၃-၁၂-၂၀၁၇ (စနေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၇ (သောကြာနေ့) နံနက်တွင် တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အမှတ်(၁၁)၊ ငါးလွှာ(B)၊ မြို့သစ် (၃)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ရန်ကုန်ကျောင်းဆရာတော်

## ဉာဏဒီပဘဒ္ဒန္တဇဋိလ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ)

### သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီတိုက်အတွင်းရှိ ရန်ကုန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဉာဏဒီပ ဘဒ္ဒန္တ ဇဋိလ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)မဟာထေရ်အရှင်သူမြတ်သည် (၁၃၇၉-ခုနှစ်၊ ပြာသိုလဆန်း (၃) ရက်) ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၉း၃၀ နာရီတွင် ရန်ကုန်ကျောင်းတိုက်ကြီးအတွင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) ၂၆-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမစျာပန ပူဇာသဘင် ဆင်ယင်ကျင်းပပြီး ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ရဟန်း၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**
**ရန်ကုန်ကျောင်းတိုက်**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှမေ(သာယာဝတီ) (၉၁)နှစ်

သာယာဝတီမြို့နေ (ဦးချစ်-ဒေါ်ပု)တို့၏သမီး၊ အမှတ်(၇၉)၊ သဇင်နွယ်လမ်း၊ ခရေပင်ရိပ်မွန်(၂)၊ မင်္ဂလာဒုံမြို့နယ်နေ ဦးမြ(ညွှန်ကြားရေးမှူး-ငြိမ်း၊ တရားမ၊ ဗဟိုတရားရုံး)၏ ချစ်လှစွာသောဇနီး၊ ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်မေမြ(ငြိမ်း)၊ လေယာဉ်မှူးကြီး ဦးစံထွန်းချိန်-ဗိုလ်မှူးကြီးဒေါ်ဝင်းမြ(ငြိမ်း)၊ ဒေါက်တာဒေါ်စန်းမြ (အမျိုးသားကျန်းမာရေး ခွဲစိတ်ခွဲမှုဆိုင်ရာဌာန)၊ ဒေါက်တာဝင်းဇော်-ဒေါက်တာမာလာမင်းဒင်တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာအောင်နိုင်ထွန်း၏အဘွားသည် ၂၂-၁၂-၂၀၁၇ (သောကြာနေ့) နံနက်၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစောပီတာရင် (ကော့ကရိတ်) (၈၇)နှစ်

### ပျံသန်းရေးဌာန(အငြိမ်းစား) မြန်မာ့လေကြောင်း

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ ရွာတန်းရှည်၊ ရွှေချောင်းလမ်း၊ အမှတ်(၅၉၅)နေ (ဦးကြာရင်-ဒေါ်မယ်လှ)တို့၏သား၊ (ဒေါ်ကစ်တီအေး)၏ ခင်ပွန်း၊ နော်မူမူအေးရင် (အလပြ-အထက-၄၊ သထုံ)၊ (စောမြင့်သိန်းရင်)၊ ရန်ကုန်မြို့နေ စောကျော်ဌေးရင် - နော်မာနေထူးတို့၏ မွေးသဖခင်၊ နော်ခူးခူးဖော (ဒု-လေယာဉ်မှူးကြီး၊ Myanmar National Airlines)၊ စောရစ်ကီချစ်ရင်ထူး (သတ္တမတန်း-A၊ အထက-၂၊ ကမာရွတ်)တို့၏အဘိုးသည် ၂၃-၁၂-၂၀၁၇ (စနေနေ့) နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဂေါ့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

မိခင်ကြီးဒေါ်လှမေ နာမကျန်းဖြစ်စဉ်တွင် ကူညီဆောင်ရွက်ပေးခဲ့ကြပါသော တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မင်္ဂလာဒုံ တပ်မှူး ဗိုလ်မှူးချုပ်စောလွင်၊ ဒုတိယတပ်မှူး ဗိုလ်မှူးကြီး ဒေါ်ခင်ဝင်းစိန်အားလည်းကောင်း၊ ဆေးကုသမှုပါရဂူကြီး ဗိုလ်မှူးကြီး ဒေါ်ခင်ဖြူပြာ၊ မေ့ဆေးပါရဂူကြီး ဗိုလ်မှူးကြီးဒေါ်ယုအေးလတ်၊ ခွဲစိတ်ကုသမှုပါရဂူကြီး ဗိုလ်မှူးကြီးခင်အောင်ထွန်း၊ နှလုံးရောဂါပါရဂူ ဒုတိယဗိုလ်မှူးကြီးဝင်းသော်၊ ခွဲစိတ်ကုသမှုပါရဂူ ဒုတိယဗိုလ်မှူးကြီးကျော်ထက်တို့အားလည်းကောင်း၊ အထူးကြပ်မတ်ကုသဆောင်မှ ဗိုလ်ကြီးနေမျိုးလွင်နှင့် သူနာပြုအရာရှိများ၊ သူနာပြုများအားလည်းကောင်း၊ ဗိုလ်ကြီးစိုင်းတေဇာကျော်အားလည်းကောင်း၊ ဓာတ်မှန်ပါရဂူ ဗိုလ်မှူးကျော်မျိုးထွန်း၊ ဗိုလ်ကြီးကျော်ထက်အောင်နှင့် ဓာတ်မှန်ရိုက် ကျွမ်းကျင်များအားလည်းကောင်း၊ အထူးကျေးဇူးတင်ထိုက်သူများဖြစ်သော ဒုတိယဗိုလ်မှူးကြီးဒေါ်မိမိလွင်၊ ဒုတိယဗိုလ်မှူးကြီး ဒေါ်သီတာစိန်၊ ဒေါက်တာဒိုးဒိုးတို့အားလည်းကောင်း၊ ကွယ်လွန်ပြီးနောက် နာရေးကိစ္စအဝဝတွင် လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ကြသော ဒုတိယအရာခံဗိုလ်မြင့်အုန်းနှင့် တပ်ကြပ်ကြီးကျော်ဆွေတို့အားလည်းကောင်း၊ နာရေးတွင်လိုက်ပါပို့ဆောင်ကြသော ဓာတ်မှန်ပါရဂူနှင့် တပ်မတော်ဆေးတက္ကသိုလ် ဓာတ်မှန်ပညာဘွဲ့လွန်သင်တန်းသားများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှမြင့် (ရုံးအုပ်၊ ဒုအရာခံဗိုလ်-ငြိမ်း) အသက် (၁၀၂) နှစ်

75-81 RIT Welfare group မှ ဒုတိယဗိုလ်မှူးကြီး မြင့်မော်(ငြိမ်း) 81 batch, B.E (Mech:)-ဒေါ်စိုးစိုးခိုင်တို့၏ဖခင် ဦးလှမြင့်သည် ၉-၁၂-၂၀၁၇(စနေနေ့) ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81 RIT Welfare Group All Major မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဘိုးသာ (ဟင်္သာတမြို့) အသက် (၉၃) နှစ်

သူငယ်ချင်းဦးခိုင်စိုးသာ-ဒေါ်စုစုရီတို့၏ဖခင်ကြီး ဦးဘိုးသာသည် ၂၂-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၅ ခုနှစ်၊ ဘူမိတွဲလက်သူငယ်ချင်းများ (ရန်ကုန်)**

---

## နှစ်(၂၀)ပြည့်လွမ်းဆွတ်သတိရခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်ကြင်ကြင်ဆွေ

### (၂၅. ၁၂. ၁၉၉၇ မှ ၂၅. ၁၂. ၂၀၁၇)

ချစ်သောမေမေ၊ မိသားစုနှင့်ထာဝရခွဲခွာသွားသည်မှာ (၂၅. ၁၂. ၂၀၁၇) ရက်နေ့တွင် နှစ်(၂၀) ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်သတိရအောက်မေ့ လွမ်းဆွတ်လျက်ပါ။ မေမေ့အားရည်မှန်းပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးနေဆဲပါ။ ယနေ့နှစ်(၂၀)ပြည့်တွင်လည်း သုဝဏ္ဏ-စစ်ကိုင်းစာသင်တိုက်ရှိ ဆရာတော်ကြီးများအား ဆွမ်း၊ ဝတ္ထုလှူဖွယ်များ၊ ဒဂုံမြို့သစ်ရှိ မဟာအောင်မြေသမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးများတို့ကို ဆွမ်း၊ ဝတ္ထု၊ လှူဖွယ်ပစ္စည်းများ၊ သဘာဝတရားရိပ်သာသန်လျင်ရှိ ရဟန်း၊ သီလရှင်၊ အဘိုးအဘွား၊ ဆေးကုသနေသူများအား ဆွမ်းကပ်လှူခြင်း ကောင်းမှုကုသိုလ်များကို မေမေရောက်ရှိရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပြီး တစ်ဆင့်မြင့်သော နိဗ္ဗာန်သို့ ရောက်ရှိစံစားနိုင်ပါစေ။ မေမေရေ အမျှ အမျှ အမျှ. . . . .

**လွမ်းဆွတ်သတိရခြင်းများစွာဖြင့်**
**ချစ်ခင်ပွန်း-ဗိုလ်မှူးကြီး ခင်မောင်ဆွေ(ငြိမ်း)နှင့်**
**သမီး၊ သား ငွေစန္ဒာမိသားစုများ၊ ဂန္ဓာမာလမ်း၊ သုဝဏ္ဏ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်အေးသိန်း (စစ်ကွင်း) (၈၆)နှစ်

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ မြို့လယ်လမ်းနေ (ဦးကံလှ)၏ဇနီး၊ စစ်ကွင်းအသင်း ဒု-ဥက္ကဋ္ဌ ဦးလှသိန်း (ဒု-ညွှန်မှူး၊ နတလ)-ဒေါ်သန်းသန်းဌေးတို့၏မိခင်ဖြစ်သူ ဒေါ်အေးသိန်း (စစ်ကွင်း)သည် ၂၂-၁၂-၂၀၁၇(သောကြာနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကွင်းအသင်း**

---

### ဒေါ်မြမြဝင်း (ဖျာပုံ)
**B.Sc (Maths)**
**J.A.T (ငြိမ်း)၊ အမက-၁၅၊ လှိုင်မြို့နယ်**

## အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ လှည်းတန်းလမ်းမကြီး၊ အမှတ်-၆၀(3B)နေ (ဦးသိန်းမောင်-ဒေါ်မြခင်)တို့၏သမီး၊ (ဦးထွန်းခင်-ဒေါ်လှကြွယ်) တို့၏ သမီးချွေးမ၊ ဦးအောင်မြိုင်(အငြိမ်းစား၊ လ/ထ ညွှန်မှူး၊ မြန်မာ့ကျောက်မျက်)၏ ချစ်လှစွာသောဇနီး၊ ကိုဟန်လင်းဇော်- ဒေါက်တာလဲ့မဥ္ဇူ (ကျောင်းကျန်းမာရေးဆရာဝန်၊ အင်းစိန်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဘွဲ့လွန် ဒုတိယနှစ်၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာန-YGH) တို့၏မွေးသမိခင်သည် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မြ

### အသက်(၈၃)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး-ဒေါ်ကြူကြူစိုးတို့၏ ဖခင်ကြီး ဦးတင်မြသည် နေပြည်တော်၊ ဇမ္ဗူသီရိမြို့တွင် ၂၁-၁၂-၂၀၁၇ရက် နံနက် ၂း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စတသ(၂၄)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

## ဦးတင်မောင်အေး(ခ)အဟင်း (၅၁)နှစ်

**(B.Sc. Chem,83-87၊ စိန်ပေါ်ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၉)၊ (၄၄)လမ်းနေ ဦးသန်းမောင်-(ဒေါ်ခင်ခင်)တို့၏သား၊ (ဦးချစ်ဝင်း)-ဒေါ်စန်းစန်းမြင့်တို့၏သားသမက်၊ ဦးသက်ဆွေမြင့်-ဒေါ်နှင်းကျော်ဝေ(ခေတ္တ-စင်ကာပူ)၊ ဦးရောစိုးဗိုလ်ဗိုလ်-ဒေါ်ဖြူဖြူစိုး၊ ဒေါ်နီနီအောင်တို့၏အစ်ကိုကြီး၊ ဒေါ်ထွန်းထွန်းမော်(အထက-၂၊ ဗိုလ်တထောင်)၏ခင်ပွန်းသည် ၂၃-၁၂-၂၀၁၇(စနေနေ့) နံနက် ၂နာရီတွင် ဗဟိုရ်ရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၇(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဥတု
## ရာသီ
## တောကို
## မှီ၏

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းလွင် (ခ) ဦးကျောက်လုံး

### အသက် (၇၈) နှစ်

ဦးထွန်းအောင်နိုင် (ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း-၄၊ မန္တလေး-ဆည်/ရေ)-ဒေါ်စိန်မြရွှေတို့၏ဖခင်ကြီး ဦးသိန်းလွင်(ခ)ဦးကျောက်လုံးသည် ၂၂-၁၂-၂၀၁၇ (သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးတင်မြ

### အသက် (၈၃) နှစ်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး-ဒေါ်ကြူကြူစိုးတို့၏ဖခင် ဦးတင်မြသည် ၂၁-၁၂-၂၀၁၇ ရက် နံနက် ၂း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ငွေစာရင်းရုံးမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်မြ

### အသက် ( ၈၃ )နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ စိုင်တီကျေးရွာနေ ဒေါ်ခင်လေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး-ဒေါ်ကြူကြူစိုးတို့၏ ဖခင် ဦးတင်မြသည်၂၁-၁၂-၂၀၁၇ရက်နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပတ္တမြားရောင်ခြည်ကုမ္ပဏီလီမိတက်မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းတင်မောင်အေး Bsc. Chem, 83-87 သည် ၂၃-၁၂-၂၀၁၇ ရက်နေ့ နံနက် ၂း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Bsc. Chem, 83-87 ကျောင်းသား၊**
**ကျောင်းသူဟောင်းများ (ဗိုလ်တထောင်)**

---

## ဝမ်းနည်းကြေကွဲခြင်း

မိခင်သဖွယ်ချစ်ခင်ရပါသော ရှုပသုခတိုင်းရင်းဆေးတိုက် သမားတော်ကြီး ဦးမန်းဌေးလွင်၏ဇနီး ဒေါ်ခင်ထွေးသည် ၂၂-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုလတ် (သိမ်ကြီးဈေး A ရုံ)**
**တိုင်းရင်းဆေးသုံးကော်ဘူးမျိုးစုံဆိုင်**

# နှစ်(၇၀)ပြည့် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် နှစ်(၇၀)ပြည့် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(ရေ) ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ) အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း ရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် စစ်ရေယာဉ်များဖြစ်သော သံချပ်ကာယာဉ်များတင်ဆောင်ထားသည့် ၅၆ မီတာတင့်ကားတင် ကမ်းထိုးရေယာဉ်များနှင့် ၂၉ မီတာကမ်းထိုးရေယာဉ်များအား ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋



ဒီဇင်ဘာ ၂၄ ရက်(ခရစ္စမတ်အကြို) ညပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ တေးဂီတဖျော်ဖြေမှုကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# မောင်တောခရိုင်အတွင်း UEHRD လူငယ်များ တတိယအကြိမ် ကွင်းဆင်းထောက်ပံ့

**မောင်တော ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) စေတနာ့ဝန်ထမ်းလူငယ်များသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်မြောက်ပိုင်းရှိ ကျေးရွာများသို့ သွားရောက်၍ လူသားချင်းစာနာမှု အကူအညီဖြစ်သည့် စားကုန်ပစ္စည်းများ ထောက်ပံ့ပေးသည်။

“ကျွန်တော်တို့ UEHRD လူငယ်တွေအနေနဲ့ မောင်တောဒေသကို တတိယအကြိမ်အဖြစ် လာရောက်ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်၊ ကျွန်တော်တို့အဖွဲ့မှာ လူငယ် ၂၃ ဦး ပါဝင်ပါတယ်၊ ဒါ့အပြင် ဒေသခံလူငယ် ၁၀ ဦးလည်း ပါပါတယ်၊ တစ်နိုင်ငံလုံးက လူငယ်စေတနာ့ဝန်ထမ်းတွေဖြစ်ကြပါတယ်၊ ဒီနေ့ သွားရောက်ထောက်ပံ့တဲ့ ဒေသကတော့ မောင်တောမြောက်ပိုင်းက တမန်းသားအရှေ့ရွာ၊ တမန်းသား **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ◯



# ၂၀၁၈ ဆီးဂိမ်းအတွက် မြန်မာ ယူ-၂၁ အသင်း ကာလရှည်လေ့ကျင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ ယူ-၂၁ အသင်းသည် ကာလရှည်လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယခင်က လိဂ်ပြိုင်ပွဲရပ်နားသည့် ကာလများတွင်သာ လေ့ကျင့်ရန် စီစဉ်ခဲ့သော်လည်း ယခုအခါ လေ့ကျင့်မည့်ပုံစံပြောင်းလဲကာ ရေရှည်လေ့ကျင့်ရန် စီစဉ်နေခြင်းဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံ ကန်တိုမြို့၌ ကျင်းပခဲ့သည့် ၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အတိုင်းအတာတစ်ခုထိ ခြေစွမ်းပြပြီး တတိယနေရာ ရရှိခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ပြင်ဆင်ချိန်နည်းပါးသော်လည်း ပြိုင်ဘက် ထိုင်းအသင်းကို နှစ်ပွဲစလုံး (အုပ်စုပွဲနှင့် တတိယလုပွဲတွင် တွေ့ဆုံ) အနိုင်ယူကာ တတိယဆုရခဲ့သောကြောင့် ယင်းအသင်းအား ကာလရှည် လေ့ကျင့်ရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

